အပွမာဒေါ စ ဓမ္မေသု တော် မင်္ဂလမုတ္တမံ၊ တရား၌ မမေ့မလျော့ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်၊ ၂၀၀၄ ခုနှစ်၊ မတ် ၁၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၇၀)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရုရှားဖယ်ဒရေးရှင်းနိုင်ငံသမ္မတထံဝမ်းမြောက်သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၁၇

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရုရှားဖယ်ဒရေးရှင်းနိုင်ငံ သမ္မတအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းခံရသော မစ္စတာ ဗလာဒီမာ၊ ဗွီ၊ ပူတင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိုင်ယာလန်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၁၇

၂၀၀၄ခုနှစ် မတ် ၁၇ ရက်တွင် ကျရောက်သော အိုင်ယာလန်နိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အိုင်ယာလန်နိုင်ငံ သမ္မတ ဒေါက်တာမေရီ မက်(ခ်)အလိ(စ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံသားတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ကြရမည်

တို့ တစ် တွေ ဟာ နိုင်ငံသားတို့ရဲ့ အသက် အိုး အိမ် စည်း စိမ် ကို ကာ ကွယ် စောင့် ရှောက် ကြရမယ်။ ပြည်တွင်းရန်၊ ပြည်ပရန် တွေကြောင့် နိုင်ငံသားတွေရဲ့အသက် အိုး အိမ် စည်း စိမ် တွေ ထိခိုက်နစ်နာ ဆုံးရှုံးမှု မဖြစ်ပေါ်ရအောင်၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေး ကောင်းမွန်ပြီး ပြည်တွင်းမှာ တည်ငြိမ်မှုရှိအောင် သက်စွန့်ကြိုးပမ်းထမ်းဆောင်ကြရမယ်။ ဒါကြောင့် ရဲဘော်တို့ဟာ မျိုးချစ်စိတ်ဓာတ်နဲ့ ပြည်ထောင်စုစိတ်ဓာတ်အပြင် နိုင်ငံတော်အတွက် စွန့်လွှတ် စွန့်စားလိုတဲ့ စိတ်ဓာတ်တွေ ပြင်းပြရမယ်။ နိုင်ငံတော် လုံခြုံရေးနဲ့ ကာကွယ်ရေး တာဝန်ကို ထမ်းဆောင်မယ့်သူတွေဟာ သတ္တိဗျတ္တိကောင်းဖို့ လိုတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၆) သင်တန်းဆင်းမိန့်ခွန်းမှ–

မြန်မာနိုင်ငံအတွင်းသတင်းအချက်အလက်နှင့်ဆက်သွယ်မှုဆိုင်ရာ နည်းပညာတိုးတက်ဖြစ်ထွန်းလာ ပညာရှင်များနှင့်လုပ်ငန်းရှင်များ နိုင်ငံတကာအိုင်စီတီဆိုင်ရာတိုးတက်မှု မျက်ခြည်မပြတ်လေ့လာ နိုင်ငံတော်ပိုင်းမှဆောင်ရွက်ပေးရမည်များကို တာဝန်ရှိသူများအချိန်နှင့်တစ်ပြေးညီတင်ပြ

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံ ကွန်ပျူတာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယမန်နေ့ ညနေ ၅ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ (MICT Park) အစည်းအဝေးခန်းမ၌ ကျင်းပသည့် အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ(မူကြမ်း) ရေးဆွဲထားရှိမှုဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁

မြန်မာနိုင်ငံ ကွန်ပျူတာဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အီလက်ထရွန်နစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ(မူကြမ်း) ရေးဆွဲထားရှိမှုဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

အယ်ဒီတာ အာဘော်

(၂၀၀၄ ခုနှစ်၊ မတ်လ ၁၈ ရက်)

ပညာရေးရည်မှန်းချက်ပန်းတိုင်သို့ မြန်ဆန်စွာရောက်ရှိရေး တာဝန်ရှိသူအားလုံး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ခဲ့ပြီးနောက် နိုင်ငံတော်၏အနာဂတ်အတွက် မဖြစ်မနေဖြည့်ဆည်းပေးရမည့် အမှန်တကယ် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ပေါ် ဖြစ်ထွန်းရေးတွင် နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးသည် အခြေခံအကျဆုံး လိုအပ်ချက် ဖြစ်သည်။

ထို့အပြင် နိုင်ငံတော်အတွင်း စီးပွားရေးအခြေခံကောင်းများ ရရှိဖြစ်ထွန်းပြီး စီးပွားရေးနယ်ပယ် ကဏ္ဍစုံတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်နေရန် လိုအပ်သည်။ ထို့မျှမက နိုင်ငံတော်အတွင်း လူ့စွမ်းအားအရင်းအမြစ် ပညာရပ်ဆိုင်ရာ နယ်ပယ်ကဏ္ဍစုံတွင် ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်း နေစေရန် လိုအပ်ပေသည်။

သို့ဖြစ်၍ နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါအခြေခံအကျဆုံး လိုအပ်ချက်သုံးရပ် ပြည့်ပြည့်ဝဝ ဖြစ်ထွန်းစေရေးအတွက် ဘက်စုံထောင့်စုံက စနစ်တကျ စီမံကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက် နေခြင်းပင် ဖြစ်သည်။

မြန်မာနိုင်ငံပညာရေးကော်မတီ၏ (၁/၂၀၀၄)ကြိမ်မြောက် အစည်းအဝေးကို မတ်လ ၁၆ ရက်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များဗဟိုကောင်စီခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေး မှာကြားသည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင်-

"ပညာရေးကဏ္ဍမှ တာဝန်ရှိသူအသီးသီးအနေဖြင့် နိုင်ငံတော် ရှေ့ဆက်ရမည့် ခရီးလမ်းကြောင်းတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များသည် လွန်စွာအရေးပါလှသည်ကို နားလည်သဘောပေါက်ခံယူထားကြဖို့ လိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပညာသင်ယူမှုအခွင့်အလမ်းများတိုးပွားရေး၊ လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ဖြစ်ထွန်းရေးတို့အတွက် တက္ကသိုလ်နှင့် ကောလိပ်များ၊ အခြေခံပညာကျောင်းများ အသစ်တိုးချဲ့ဖွင့်လှစ်မှု၊ အဆင့်မြှင့်တင်ပေးမှုများနှင့် ပညာရေးမြှင့်တင်မှုအစီအမံများကို ပေါင်းစပ်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း"

ပြောကြားသွားသည်။

နိုင်ငံတော်က တက္ကသိုလ်၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများ အသစ်ဖွင့်လှစ်ခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်းတို့ ဆောင်ရွက်ရာ၌ နေရာဒေသ ခွဲခြားမှုမရှိဘဲ တောင်ပေါ်မြေပြန့်၊ အစွန်အဖျားဒေသနှင့် အတွင်းပိုင်း ဒေသများအားလုံးတွင် ဖြန့်ကြက်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပညာရည်အဆင့်အတန်း မျှတစွာ တိုးတက်ဖြစ်ထွန်းစေရမည်ဆိုသည့် သဘောထားဖြင့် ဆောင်ရွက်ပေးနေသည်။

ပညာရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုများတွင် အရေအတွက်သာမက အရည်အသွေးပါ ယှဉ်တွဲ မြင့်မားလာမှသာ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာမည် ဖြစ်သည်။

တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာကျောင်းများသည် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်များတွင် ဖြန့်ကြက်တည်ရှိနေသည့်အလျောက် ဗဟိုကချမှတ်ပေးသော ပညာရေးဆိုင်ရာရည်မှန်းချက်များ အခြေခံ အဆင့် ဒေသများအထိ အကောင်အထည်ပေါ်ဖြစ်ထွန်းရေးအတွက် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့် တာဝန်ရှိသူများအားလုံးက ညှိနှိုင်းပေါင်းစပ်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ဝီရိယစိုက်ထုတ်ကြိုးပမ်းမှု၊ စေတနာကောင်းထားရှိမှုတို့ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာအဆင့်မီ အဆင့်အတန်းမြင့်မားရေးတို့အတွက် အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ပညာရေး ကဏ္ဍမှ တာဝန်ရှိသူများအားလုံးက နိုင်ငံတော်၏ ပညာရေးဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်သို့ မှန်ကန် မြန်ဆန်စွာရောက်ရှိရေးအတွက် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန် မတ် ၁၇

ဧရာဝတီတိုင်း ဇလွန်မြို့ ခပေါင်းလမ်းရှိ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၉၆) ဓမ္မရိပ်သာကြီးတွင် ဧပြီ ၆ ရက်မှ မေ ၅ ရက်အထိ တစ်လ တရားစခန်းပွဲ ကျင်းပမည်ဖြစ်ရာ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း မိုးကုတ် ဓမ္မကထိက ဦးကေဝလ ဗုဒ္ဓဝါရီကျောင်း ၁၀/မြောက် ဧရာဝဏ်လမ်း သာကေတမြို့က ဟောကြားပြသပြီး မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးကျော်စိန်က အနီးကပ်ကြီးကြပ်၍ ကျင့်ကြံအားထုတ်နည်းများကို သင်ကြားပြသပေးမည်ဖြစ်သည်။ တရားဝင်ရောက်အားထုတ်လိုသော ယောဂီများ အထက်ပါရိပ်သာတွင် ဆရာကြီး ဦးကျော်စိန် အမှတ် ၅၁(ဘီ) ကိုယ်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၄၄၃၅ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို နမ့်မောင်းတံတားဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် တက်ရောက်

ရန်ကုန် မတ် ၁၇

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူတည်ဆောက်ပြီးစီးပြီဖြစ်သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့ရှိ နမ့်မောင်းတံတားဖွင့်ပွဲကို မတ် ၁၆ ရက် နံနက်ပိုင်းတွင် အဆိုပါ တံတားထိပ်၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အမှာစကားပြောကြားသည်။

ယင်းနောက် တံတားတည်ဆောက်ဖွင့်လှစ်နိုင်ခြင်းအတွက် ဒေသခံပြည်သူ ဦးစိုးမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖဲကြိုးဖြတ်

ထို့နောက် မင်္ဂလာအချိန်တွင် နမ့်မောင်းတံတားကို တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဝန်ကြီး ဗိုလ်ချုပ် စောထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ တံတားကြီးတစ်လျှောက် ဖြတ်သန်းကြည့်ရှုကြသည်။

ခံနိုင်ဝန်

အဆိုပါ နမ့်မောင်းတံတားသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်-တုန်းဝက်လမ်းပေါ်တွင် တည်ရှိပြီး တံတားအား ဘေလီနှင့် သစ်သားတွဲဆက် တည်ဆောက်ထားခြင်းဖြစ်သည်။ တံတားအရှည်မှာ ပေ ၃၀၀ ရှိ၍ ရေလမ်းကင်းလွတ်အမြင့်မှာ ၁၃ပေရှိကာ ယာဉ်သွားလမ်းအကျယ် ၁၂ပေခွဲရှိပြီး တံတားခံနိုင်ဝန်မှာ ၁၃ တန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နမ့်မောင်းတံတား

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့ရှိ နမ့်မောင်းတံတားကို တွေ့ရစဉ်။ (ဆောက်လုပ်ရေး)

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ

ရန်ကုန် မတ် ၁၇

(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲများကို ယမန်နေ့ ညနေ ၅ နာရီမှ ည ၁၀ နာရီအထိ တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၂၁၈ တွဲကို တန်ဖိုးယူရိုငွေ ၁၁၉၇၆၅၄ ဖြင့် ရတနာကုန်သည်များက ဝယ်ယူကြသည်။ ယမန်နေ့ တစ်နေ့တည်းပင် ကျောက်စိမ်းအတွဲပေါင်း ၃၇၈ တွဲကို တန်ဖိုးယူရိုငွေ ၃၂၅၇၆၄၁ ဖြင့် ရောင်းချရသည်။

၂၀၀၄ ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ဒုတိယနေ့အဖြစ် ယနေ့နံနက် ၉ နာရီတွင် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချရာ ညနေ ၅ နာရီအထိ ကျောက်စိမ်းအတွဲပေါင်း ၅၀ ကို တန်ဖိုးယူရိုငွေ ၁၃၅၁၉၈၆ ဖြင့် ပြည်တွင်းပြည်ပ ရတနာကုန်သည်များက ဝယ်ယူကြသည်။ ကျောက်စိမ်းအတွဲများကို ညပိုင်းတွင် ဆက်လက်ရောင်းချလျက်ရှိသည်။

မတ် ၁၈ ရက်တွင် ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် တတိယနေ့အဖြစ် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး၊

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း (၅၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ ချီတက်လေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (ထပဆ)

■ ရှေ့ဖုံးမှ

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အီလက်ထရွန်နစ်အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ တပ်မတော်အရာရှိကြီးများ၊ အီလက်ထရွန်နစ်အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ အီလက်ထရွန်နစ်အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ(မူကြမ်း)ကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းရေးဆွဲ ဆောင်ရွက်ပြီးစီးသည့် အခြေအနေနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရှေ့နေချုပ် ဦးအေးမောင်က အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ(မူကြမ်း)တွင် ပါဝင်သည့် ပြဋ္ဌာန်းချက်များကိုလည်းကောင်း အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

မှာကြား

ထို့နောက် မြန်မာနိုင်ငံ ကွန်ပျူတာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကိုမှာကြားသည်။

ယင်းနောက် အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ အဖွဲ့ဝင် ဦးသိန်းဦးက အီလက်ထရွန်နစ်အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့၏ ဆောင်ရွက်ချက်ဖြစ်သည့် ကွန်ပျူတာသုံး မြန်မာစာစနစ် အကောင်အထည်ဖော်ခြင်းစီမံချက် (Myanmar Character Code Set)နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ e-Procurement Project Co- ordinator ကိုယ်စား ဒေါ်ချောခင်ခင်က MICTDC က ဆောင်ရွက်လျက်ရှိသည့် e-Procurement Project နှင့် ပတ်သက်၍ လည်းကောင်း၊ MICTDC မှ Project Co-ordinator ဒေါ်ခင်အေးဝင်းက Smart Card Based Vehicle Registration Project နှင့် ပတ်သက်၍လည်းကောင်း၊ MICTDC မှ ဒါရိုက်တာအဖွဲ့ဝင် ဦးပြုံးမောင်မောင်က Budget P.C Project နှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများကသတင်းအချက်အလက်နှင့် ဆက်သွယ်မှုဆိုင်ရာ နည်းပညာ(ICT)လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အရှိန်အဟုန်ဖြင့်တိုးတက်

ယင်းနောက် မြန်မာနိုင်ငံ ကွန်ပျူတာ ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှု၊ ကွန်ပျူတာပညာရှင်များနှင့် လုပ်ငန်းရှင်များ၏ ကြိုးစားအားထုတ်မှုတို့ကြောင့် မြန်မာနိုင်ငံအတွင်းသတင်းအချက်အလက်နှင့် ဆက်သွယ်မှုဆိုင်ရာ နည်းပညာ(ICT)ကဏ္ဍမှာ အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းနေသည်ကို တွေ့မြင်နေရကြောင်း။

ယင်းသို့ ရရှိဖြစ်ထွန်းနေသည့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို လျော့ကျမသွားစေရေးနှင့် ပိုမိုမြင့်တင်နိုင်ရေးတို့အတွက် တက်ညီလက်ညီ ဆက်လက်ကြိုးစားအားထုတ်သွားကြရန် မှာကြားလိုကြောင်း။

လက်တွေ့ဖြစ်ထွန်းလာမည်

မြန်မာလူမျိုးတို့၏ ပင်ကိုထက်မြက်သည့် ဉာဏ်ရည်ဉာဏ်သွေးနှင့် သတင်းနှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ခေတ်မီပစ္စည်းကိရိယာများ၊ နည်းပညာများ ပေါင်းစပ်မိသည်နှင့်အမျှ မိမိတို့မျှော်မှန်းသည့် တိုးတက်အောင်မြင်မှုများ လက်တွေ့ဖြစ်ထွန်းလာမည်သာဖြစ်ကြောင်း။

တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း စစ်ကြောင်းကြီးများ တပ်ပါလေ့ကျင့်မှုကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၇

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများသည် ယနေ့နံနက် ၆ နာရီမှ ၉ နာရီခွဲအထိ ရန်ကုန်မြို့ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ အသွားအပြန်(တပ်ပါ) ချီတက်လေ့ကျင့်မှုများကို စစ်ရေးပြအမိန့်စဉ်များအတိုင်း ဆက်လက်ဆောင်ရွက်ကြသည်။

စစ်ရေးပြလေ့ကျင့်မှုများ ဆောင်ရွက်ရာတွင် အရန်စစ်ရေးပြမှူးကြီး ဗိုလ်မှူးကြီးညီထွန်း ဦးဆောင်၍ အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ နဝဒေးစစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်း၊ မြဝတီစစ်ကြောင်းနှင့် အောင်ဆန်းစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက(တပ်ပါ) စစ်ရေးပြလေ့ကျင့်မှုများကို ပါဝင်ချီတက်စစ်ရေးပြလေ့ကျင့်ကြသည်။

အဆိုပါ စစ်ရေးပြလေ့ကျင့်ရာသို့ (၅၉)နှစ်မြောက်တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

တပ်မတော်နေ့ဂုဏ်ပြု (၇၇)ကြိမ်မြောက်သွေးလှူဒါန်း

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဘဏ္ဍာငွေရှာဖွေရေးအဖွဲ့အတွင်းရေးမှူး ဦးစိုးရှိန် (မောင်စိုးထိုက်၊ သုံးဆယ်၊ လူမှုထူးချွန် တတိယဆင့်၊ ပထမဆင့်)သည် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အမှတ်(၂) တပ်မတော်ဆေးရုံကြီးတွင် မတ် ၄ ရက်က (၇၇)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၈–၃–၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓမ္မာ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ အဆိုပြိုင်ပွဲ
- ၈:၀၀ ၆။ အကပဒေသာ
- ၈:၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၂၀ ၈။ ရွှေလီတံတား
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး (၅၅)နှစ်မြောက် တပ်မတော်နေ့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ခွန်းမှကောက်နုတ်ချက်
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၃ခုနှစ်)
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
- ၁၇:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၁၇:၃၀ ၇။ **"သတိတစ်ချက် တစ်သက်အမှား"** (ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင်၊ သကြိန်အောင်) (ဒါရိုက်တာ–စောစန္ဒာလှိုင်)
- ၁၇:၄၅ ၈။ တေးဂီတအစီအစဉ်
- ၁၈:၀၀ ၉။ မြန်မာစာ မြန်မာစကား
- ၁၈:၁၅ ၁၀။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၁၈:၃၀ ၁၁။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"** (အပိုင်း–၇)
- ၁၉:၃၅ ၁၄။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၉:၄၅ ၁၅။ (၅၅)နှစ်မြောက် တပ်မတော်နေ့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ခွန်းမှ ကောက်နုတ်ချက် "ပြည်သူ့အတွက် တပ်မတော်" "ပြည့်အကျိုးလုပ်ငန်း သယ်ပိုးရန်မှာ တို့ဝန်တာ" (လယ်ယာစီးပွားစွမ်းအားမြှင့်ရန် ဆည်တမံ)
  – ပြည်ထောင်စုဖွံ့ဖြိုးတိုးတက် တပ်မတော်အစိုးရလက်ထက်
  – ရွှေတောင်ပံ (ရဲဘော်ခင်မောင်လှ၊ ဖိုးဆိုချင်ခင်မောင်ညွန့်)
- ၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ စာအုပ်အတွင်းမှ သီချင်းများ (ဗိုလ်ကလေးတင့်အောင် စီစဉ်တင်ဆက်သည်။)

အချိန်နှင့်တစ်ပြေးညီတင်ပြ

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာကဏ္ဍမှ ပညာရှင်များ၊ လုပ်ငန်းရှင်များကလည်း နိုင်ငံတကာ(ICT)ဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုများကို မျက်ခြည်မပြတ် လေ့လာဆန်းစစ်ပြီး မိမိတို့အပိုင်းက ဆောင်ရွက်ဖွယ်ရာများကို တက်တက်ကြွကြွ ဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်အပိုင်းက ဆောင်ရွက်ပေးဖွယ်ရာများနှင့် ပတ်သက်၍ တာဝန်ရှိပုဂ္ဂိုလ်များအား အချိန်နှင့်တစ်ပြေးညီ တင်ပြသွားကြရန်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ချမ်းသာအေးစေတီတော် စိန်ဖူးတော် တင်လှူပူဇော်

ရန်ကုန် မတ် ၁၇

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်း စံပြကျေးရွာ (မြောက်ပိုင်း) ရှေးဟောင်း ဣန္ဒာပုဏ္ဏ ချမ်းသာအေးစေတီတော် ရွှေထီးတော်နှင့် စိန်ဖူးတော် တင်လှူပွဲကို ၁၃၆၅ ခုနှစ် တပေါင်းလပြည့်နေ့ နံနက် ၉ နာရီတွင် ကျင်းပရာ မြို့နယ် သံဃနာယက ဆရာတော်ကြီးများ၊ မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် ကန့်ဘလူရွာမကျောင်း ဆရာတော် ဘဒ္ဒန္တပညာဒီပ ဦးဆောင်၍ အလှူဒါယကာများက ရွှေထီးတော်နှင့် စိန်ဖူးတော် တင်လှူပူဇော်ကြကြောင်း သိရသည်။ **(က-ပ)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ တမူးခရိုင်တွင် အဖွဲ့ဝင်များအား အဖွဲ့ချုပ်ဖွဲ့စည်းပုံနှင့်လုပ်ငန်းဆိုင်ရာများရှင်းလင်း

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များ တမူးမြို့၌ တမူးခရိုင်အမျိုးသမီး ရေးရာအဖွဲ့ဝင်များအားတွေ့ဆုံ၍ အဖွဲ့ချုပ် ဖွဲ့စည်းပုံနှင့် လုပ်ငန်း ဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေခေါင်းဆောင်၍ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့တို့ပါဝင်သော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများသည် အဖွဲ့ချုပ်ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆိုင်ရာရှင်းလင်းရန်အတွက် မတ် ၁၅ရက်နံနက်ပိုင်းတွင် ကလေးမြို့မှ တမူးမြို့သို့ မော်တော်ယာဉ်များဖြင့်ထွက်ခွာလာရာ နံနက်၉နာရီခွဲတွင် တမူးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံးအစည်းအဝေးခန်းမသို့ရောက်ရှိကြရာ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ထို့နောက် နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များက တမူးခရိုင်အမျိုးသမီး ရေးရာအဖွဲ့ဝင်များအား လုပ်ငန်းဆိုင်ရာရှင်းလင်းပွဲအခမ်းအနားကို တမူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ဝေဝေခိုင်၊ တမူးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းဇော်နှင့်ဇနီး၊ တမူးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၅၀ ခန့် တက်ရောက်ကြသည်။

ပူးပေါင်းဆောင်ရွက်

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် နိုင်ငံတော်က ဖွဲ့စည်းပေးခဲ့ကြောင်း၊ လူမှုရေးအဖွဲ့အစည်းဖြစ်သည့်အတွက် အမျိုးသမီး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုကျယ်ပြန့်ထိရောက်စွာ တိုးချဲ့လုပ်ကိုင်ဆောင်ရွက်နိုင်ကြောင်း၊ နယ်စပ်ဒေသမြို့ဖြစ်သော တမူးမြို့ကိုလည်း အသင်းကြီး၏ ဖွဲ့စည်းလုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းဆွေးနွေးနိုင်ရေးအတွက် လာရောက်ခြင်းဖြစ်ကြောင်း၊ နယ်စပ်ဒေသ ဖြစ်သည့်အလျောက် လူကုန်ကူးမှုကိစ္စများ လျော့နည်းပပျောက်ရေးအတွက် ကျရာအခန်းကဏ္ဍမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုကို ပိုမိုမြတ်နိုးတန်ဖိုးထားရှိစေရေး၊ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသည့်စိတ်ဓာတ်များ ပြည့်စုံရန်လိုကြောင်း၊ မြန်မာအမျိုးသမီးကဏ္ဍတွင် ထက်မြက်သည့် စွမ်းဆောင်ရည်နှင့် ကောင်းမြတ်သည့် အစဉ်အလာကောင်းများ အမြဲထာဝရ ရှင်သန်ဖွံ့ဖြိုးစေရန် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ အဖွဲ့ဝင်များသည် အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးအဖွဲ့ဝင် ပါမောက္ခ ဒေါက်တာဒေါ်မာထွန်းက ဖွဲ့စည်းပုံနှင့်အဖွဲ့ဝင်လျှောက်ထားပုံများကိုလည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စည်းရုံးရေး၊ စည်းကမ်းထိန်းသိမ်းရေးနှင့်ဘဏ္ဍာရေး၊ စီမံရေး လုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ယဉ်ကျေးမှု၊ ပြန်ကြား/ဆက်သွယ်ရေး၊ အမျိုးသမီးငယ်/ရွယ် တိုင်းရင်းသားရေးရာ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ လူမှောင်ခိုနှင့်လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကိုလည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးကြသည်။

အလှူငွေများလှူဒါန်း

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာအလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ လှူဒါန်းငွေ စုစုပေါင်း ငွေကျပ်၁၀သိန်းဖြစ်ပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေကလက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်သည်။ ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီးဦးဝင်းအောင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်သည် ရုရှားဖယ်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသော မစ္စတာအယ်ရီဂေးဗ္ဗီလာရောဗ့်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဝန်ကြီးဦးဝင်းအောင် အိုင်ယာလန်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၁၇

၂၀၀၄ခုနှစ် မတ် ၁၇ ရက်တွင် ကျရောက်သော အိုင်ယာလန်နိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီး ဌာနဝန်ကြီး ဦးဝင်းအောင်ထံမှ အိုင်ယာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘရိုင်ယန်ကိုဝင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါက်တာဒေါ်ခင်ဝင်းရွှေ လူငယ်လူရွယ်ဆရာဖြစ်သင်တန်းဖွင့်ပွဲတက်ရောက်အမှာစကားပြောကြား

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA)နှင့် မြန်မာနိုင်ငံအတွင်း ခုခံအားကျဆင်းမှုကူးစက်ရောဂါကာကွယ်တိုက်ဖျက်ရေးရန်ပုံငွေအဖွဲ့ Fund for Prevention of HIV / AIDS in Myanmar (FHAM)တို့ ပူးပေါင်းဆောင်ရွက်သော လူငယ်လူရွယ်ဆရာဖြစ် သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကြီးကြပ်မှုကော်မတီ နာယကများ၊ ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ငွေးနှင့် ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Najib. M. Assifi နှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျန်းမာရေးဦးစီးဌာန ခုခံကျကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာ ဆရာမများ၊ ပြည်နယ်/တိုင်းများမှ ပညာပေးလေ့ကျင့်ရေး စခန်းဝင်ပြီးသူ လူငယ်လူရွယ်ကိုယ်စားလှယ်များတက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက သင်တန်းဖွင့်အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA) ဌာနေကိုယ်စားလှယ်Mr. Najib. M.Assifiက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဆောင်ရွက်လျက်ရှိသည့် လူငယ်လူရွယ်အစီအစဉ်မှ ပညာပေးလေ့ကျင့်ရေးစခန်းဝင်ပြီးသူ ပြည်နယ်နှင့်တိုင်းများမှ လူငယ်လူရွယ် ကိုယ်စားလှယ် ၄၂ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၂၂ ရက် အထိဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်းများ

ဟာလီဘာတန်ကုမ္ပဏီ စာရင်းလိမ်ပြမှု ပြစ်မှုဆိုင်ရာစစ်ဆေးမှုပြုလုပ်

ဝါရှင်တန် မတ် ၁၆

ဟာလီဘာတန်ကုမ္ပဏီသည် အီရတ်နှင့်ကူဝိတ်ရှိ အမေရိကန်တပ်ဖွဲ့များအတွက် ကန်ထရိုက်ရထားခဲ့ပြီး ၎င်း၏လက်အောက်ခံ ကုမ္ပဏီသည် ခန့်မှန်းကုန်ကျငွေ ၂၁သမ ၇ ဘီလီယံကို စာရင်းလိမ်ပြီးပြထားကြောင်း ကာကွယ်ရေးဝန်ကြီးဌာန စာရင်းစစ်များက တွေ့ရှိခဲ့ရာ ထိုသို့မှားယွင်းကြောင်းကို ကုမ္ပဏီအရာရှိများက ဝန်ခံသည်ဟု ကာကွယ်ရေးဝန်ကြီးဌာန အထောက်အထားစာရွက်စာတမ်းများ၌ ဖော်ပြထားချက်အရ သိရသည်။

ပျက်ကွက်

အဆိုပါစာရင်းမှားမှုပြဿနာတွင် ကန်ထရိုက်မန်နေဂျာများအားအကြောင်းကြားရန် ပျက်ကွက်မှုလည်း ပါဝင်ခဲ့သည်။ ဈေးနှုန်းပြဿနာသည် အီရတ်၌ကန်ထရိုက်ရရှိခဲ့သည့် ဟာလီဘာတွန်ကုမ္ပဏီ၏ ပြဿနာတစ်ခုဖြစ်သည်ဟု ဆိုသည်။

အမေရိကန် ဒုတိယသမ္မတဒစ်ချေနီ ယခင်က ဦးဆောင်ခဲ့သော ဟာလီဘာတန်ကုမ္ပဏီကို အမေရိကန် ကာကွယ်ရေးဌာနနှင့် တရားရေးဌာနတို့က ပြစ်မှုဆိုင်ရာစစ်ဆေးမှုများ လုပ်ဆောင်နေပြီဖြစ်သည်။ **(အင်တာနက်)**

အီရတ်၌ရှိသည်ဆိုသော တားမြစ်လက်နက်များ ယခုတိုင်မတွေ့မှု ကျူးကျော်စစ်တိုက်ခဲ့သည့် အမေရိကန်တို့ အံ့သြစရာဖြစ်နေ

ဘဂ္ဂဒက် မတ် ၁၆

အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များက အီရတ်နိုင်ငံကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်မှာ တစ်နှစ်ကြာသွားပြီဖြစ်သော်လည်း စစ်တိုက်ခိုက်ရသည့်အကြောင်းရင်းဖြစ်သော အီရတ်နိုင်ငံ၌ ရှိသည်ဆိုသည့်တားမြစ် လက်နက်များကို ရှာမတွေ့ခဲ့ခြင်းကြောင့် အီရတ်ကိုဝင်ရောက်တိုက်ခိုက်သည့် အမေရိကန်တို့သည် အံ့သြစရာဖြစ်နေသည်။

ပြီးခဲ့သောနွေရာသီ၌ ကျဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက် မြင့်တက်လာခဲ့သည်ကို အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်က ငြင်းဆိုခဲ့သော်လည်း ယခုအခါ အမေရိကန်တပ်ဖွဲ့ဝင်များသည် ပြောက်ကျားတိုက်ခိုက်ခြင်းများကို ကြုံတွေ့နေရသည်။ အီရတ်၌ သေဆုံးသူအမေရိကန်တပ်ဖွဲ့ဝင် ငါးရာကျော်ရှိသွားပြီဖြစ်သည်။

ခံစား

အီရတ်ရှိ ထုထည်ကြီးမားသော အဆောက်အအုံများစွာ ပျက်စီးခဲ့သည့်နည်းတူ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် သောက်သုံးရေမရရှိသည့်အခက်အခဲများကို အီရတ်ပြည်သူတို့ ခံစားနေကြရသည်။

လိုအပ်

အီရတ်နိုင်ငံသည် ရေနံများစွာထွက်ရှိခြင်းကြောင့် နိုင်ငံပြန်လည် ထူထောင်ရေး၌ ရေနံတရားဝင်ရောင်းချခြင်းဖြင့် ပြဿနာများကိုဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိရေနံထွက်ရှိမှုနှုန်းသည် ယခင်ထွက်ရှိမှုနှုန်းကို မီရန်နီးစပ်လာပြီဖြစ်ကြောင်း၊ ရေနံရောင်းချရာမှ ဒေါ်လာခြောက်ဘီလီယံရရှိနေပြီ ဖြစ်သော်လည်း အမှန်တကယ်လိုအပ်ချက်ဖြစ်သည့် မျှော်မှန်းထားသော အတိုင်းအတာသို့ရောက်ရှိရန် လိုအပ်နေသေးကြောင်း သိရသည်။ **(စီအင်န်အင်န်)**

ကန်တို့နှင့်ပူးပေါင်းသူ ကယ်ကွတ်မြို့တော်ကောင်စီဝင် လုပ်ကြံသတ်ဖြတ်ခြင်းခံရ

ကယ်ကွတ် မတ် ၁၆

အမေရိကန်တို့နှင့် ပူးပေါင်းဆောင်ရွက်နေသူ ကယ်ကွတ်မြို့၏ မြို့တော်ကောင်စီဝင် အာရပ်တစ်ဦးနှင့် သူ၏ သက်တော်စောင့်တစ်ဦးတို့ကို မောင်းနေသောကားပေါ်မှနေ၍ တနင်္လာနေ့၌ ပစ်သတ်သွားခဲ့ကြသည်ဟု ရိုက်တာက မတ်၁၆ရက်တွင် ထုတ်ပြန်ပေးသည်။

ပစ်ခတ်

အဆိုပါ အာရပ်လူမျိုး မြို့တော်ကောင်စီဝင်နှင့် သူ၏သက်တော်စောင့်တို့ စီးလာသောကားနှင့် ယှဉ်လျက်မောင်းလာသည့် အနီရောင်ကားတစ်စီးမှနေ၍ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောဆိုကြသည်။

တိုက်ခိုက်ရေးသမားများ၏ကားမှာ လမ်းချော်ရပ်တန့်သွားပြီးနောက် ခုခံတိုက်ခိုက်ရေးသမားများသည် ကားထဲမှထွက်လာကာ ထပ်မံပစ်ခတ်ခဲ့ကြသည်ဟု ဆိုသည်။

စုံစမ်းစစ်ဆေး

ကယ်ကွတ်ရဲတပ်ဖွဲ့၏ ရဲဗိုလ်ချုပ်က လုပ်ကြံသတ်ဖြတ်မှုကို အတည်ပြုပြီး စုံစမ်းစစ်ဆေးနေကြောင်း ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ကန်တပ်ဖွဲ့ဝင်နှစ်ဦး ဖော်လူဂျာ၌သေဆုံး

ဖို့တ်ရိုလီ မတ် ၁၆

အမေရိကန်ပြည်ထောင်စု ကင်တပ်ကီပြည်နယ် ဖို့တ်ရိုလီမြို့မှ အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသည် ဖော်လူဂျာမြို့တွင် လွန်ခဲ့သည့် ကြာသပတေးနေ့က ၎င်းတို့၏ စစ်မော်တော်ယာဉ် ဗုံးထိမှန်ခံရပြီး သေဆုံးသွားခဲ့သည်။

သေဆုံးသွားသော အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးမှာ ၂၀၀၃ ခုနှစ် စက်တင်ဘာလ၌ အီရတ်နိုင်ငံတွင် တာဝန်ချထားခြင်းခံရသူများဖြစ်သည်။

အီရတ်ကို ကျူးကျော်သိမ်းပိုက်သည့် စစ်ပွဲအတွင်းတာဝန်ထမ်းဆောင်စဉ် သေဆုံးသွားခဲ့သော ဖို့တ်ရိုလီမြို့မှ အမေရိကန် တပ်ဖွဲ့ဝင်ဦးရေ ၃၀ ရှိကြောင်း အရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

မတ် ၁၆ရက်က မိုဆူးလ်မြို့ အိမ်တစ်အိမ်အတွင်း ဝင်ရောက်စီးနင်းရှာဖွေရန်ကြိုးစားနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

လုံခြုံရေးဆောင်ရွက်

မတ် ၁၆ရက်က နာဂျက်ဖ်မြို့တွင် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကန်တို့အီရတ်ကိုကျူးကျော် တိုက်ခိုက်မှုတစ်နှစ်ပြည့်ချိန် အီရတ်ပြည်သူတို့ ဘဝအခြေအနေများ ဆိုးရွားနေဆဲ

ဘဂ္ဂဒက် မတ် ၁၆

၂၀၀၃ ခုနှစ် မတ် ၂၀ ရက်တွင် အမေရိကန်ဦးဆောင်သောတပ်ဖွဲ့များက အီရတ်နိုင်ငံကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာ လာမည့်သောကြာနေ့၌ တစ်နှစ်ပြည့်မြောက်သည့်နေ့ဖြစ်သည်။ တစ်နှစ်တာကာလအတွင်း တိုင်းပြည်၏လုံခြုံရေး၊ ပြန်လည်တည်ဆောက်ရေးနှင့် စီးပွားရေးအခြေအနေများအပါအဝင် အီရတ်ပြည်သူများ၏ဘဝ ပြန်လည်ဦးမော့လာစေမှုစသော အခြေအနေများသည် ဆိုးရွားလျက်ရှိနေသေးကြောင်း သိရှိရသည်။

အီရတ် လေကြောင်းလိုင်းတွင် ၂၄နှစ်ကြာ လေယာဉ်မယ်အဖြစ် လုပ်ကိုင်ခဲ့သော အေမဲလ်ဘာရာဟင်နှင့် ၎င်း၏ခင်ပွန်းဖြစ်သူတို့သည် စစ်ပွဲမစခင်က စစ်ကာလအတွက် ကြိုတင်ပြီး စားနပ်ရိက္ခာများစုဆောင်းကာ ၎င်းတို့၏သားသုံးဦးကို နှစ်သိမ့်မှုများ ပေးနိုင်ခဲ့သည်။

စိုးရိမ်

သို့ရာတွင် နောက် တစ်နှစ်အကြာ၌ စစ်ပွဲအတွက်သာမက အရာရာအတွက် စိုးရိမ်ပူပန်လာရကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။

ပိုမိုဆိုးရွား

အေမဲလ်သည် စီးပွားရေးပိတ်ဆို့တားမြစ်မှုများကြောင့် အီရတ်လေကြောင်းလိုင်းများ ပိတ်ခဲ့ရသည့် ၁၉၉၁ ခုနှစ် အထိသာ အလုပ်လုပ်ခဲ့ရကြောင်း၊ စီးပွားရေးပိတ်ဆို့တားမြစ်ထားသည့်အချိန်ကထက် ယခုလက်ရှိအခြေအနေသည် ပိုမိုဆိုးရွားကြောင်း၊ လုံခြုံရေးအခြေအနေကိုလည်း စိုးရိမ်နေရကာ လျှပ်စစ်မီးဆိုသည်ကလည်း မရသလောက်နီးပါးဖြစ်နေရကြောင်း ပြောကြားခဲ့သည်။

အခြေအနေများကို အကောင်းဘက်မှ ရှုမြင်တတ်သော်လည်း သားများ၏ အနာဂတ်နှင့် ပတ်သက်ကာ ဝမ်းနည်းစိတ်မကောင်းဖြစ်နေကြောင်း၊ ကြုံတွေ့ခဲ့ရသမျှများထဲမှ ယခုအခြေအနေသည် အဆိုးဆုံးဖြစ်ကာ မရေမရာနှင့် အနာဂတ်ကို စောင့်မျှော်နေရကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။ **(စီအင်န်အင်န်)**

လေအေးစက်တပ် ဘတ်စ်ကား ဝန်ဆောင်လုပ်ငန်း ထိုင်းနှင့်လာအို စာချုပ်မည်

ဗန်ကောက် မတ် ၁၆

ထိုင်းနှင့်လာအိုနိုင်ငံကြား ပထမဆုံး လေအေးစက်တပ်ဆင်ထားသော ဘတ်စ်ကားဝန်ဆောင်မှုလုပ်ငန်းကို မတ် ၂၀ ရက်မှ ၂၁ရက်ထိ ကျင်းပမည့်ထိုင်း–လာအို ဝန်ကြီးအဖွဲ့အစည်းအဝေး၌ အတည်ပြုမည်ဖြစ်ပြီး မကြာမီ ဝန်ဆောင်လုပ်ငန်းကို စတင်မည်ဟု ဗန်ကောက်ပို့စ်က ရေးသားဖော်ပြသည်။

မတ် ၂၀ရက်၌ ထိုင်းနှင့်လာအိုပိုင် ပို့ဆောင်ရေးကုမ္ပဏီများစာချုပ်ကိုလက်မှတ်ရေးထိုးပြီးသည်နှင့် အဆိုပါ ဘတ်စ်ကား ဝန်ဆောင်လုပ်ငန်းကို စတင်မည်ဟု ထိုင်းဒုတိယပို့ဆောင်ရေးဝန်ကြီး နီကွန်ချမ်နွန်က ပြောကြားသည်။

ထိုင်းနိုင်ငံ နွန်ခေးမှ လာအိုနိုင်ငံ ဗီယန်ကျင်းမြို့သို့ တစ်လမ်းနှင့် ထိုင်းနိုင်ငံ အူဒွန်သာနီမှ လာအိုနိုင်ငံ ဗီယန်ကျင်းမြို့သို့ တစ်လမ်းတွင် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်မည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များ ကျူးကျော်ခဲ့သည့် အီရတ်နိုင်ငံ

ကျူးကျော်စစ်ပွဲကြောင့် အီရတ်ပြည်သူတို့ အသေအပျောက်အများဆုံးတိုက်ခိုက်ခံရမှုများနှင့်ကြုံရ

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များက အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ခဲ့ရာ အီရတ်ပြည်သူတို့ အသေအပျောက်အများဆုံး တိုက်ခိုက် ခံရမှုများနှင့် ကြုံတွေ့ခဲ့ရသည်။ အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် လုံခြုံရေးကို ကာကွယ်စောင့်ရှောက်နေသည့် အီရတ်တပ်မတော်လည်း ကျူးကျော်စစ်ပွဲကြောင့် ပြိုကွဲကာ ပြည်သူများ ခိုကိုးရာမဲ့ဖြစ်ခဲ့ရပြီး တိုင်းတစ်ပါးတပ်များ၏ ကျူးကျော်တပ်စွဲထားမှုကိုလည်း ယနေ့ထိ ခံနေကြရသဖြင့် လူနေမှုဘဝ လွတ်လပ်မှုများပါ ဆုံးရှုံးခဲ့ရပြီဖြစ်သည်။

ငိုကြွေး နေကြ

ဖေဖော်ဝါရီ ၁၀ ရက်က ဘဂ္ဂဒက်မြို့၌ ကင်းလှည့်လာသော အမေရိကန်တပ်ဖွဲ့ဝင်များက မဆင်မခြင် ပစ်ခတ်သဖြင့် သေဆုံးသွားသော အီရတ်တစ်ဦး၏ မိသားစုများ ငိုကြွေးနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ဖေဖော်ဝါရီ ၂၅ ရက်က ဘာကူဘာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်သဖြင့် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည့် အီရတ်မိန်းကလေးတစ်ဦး၏ ဖခင်ငိုကြွေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မတ် ၁၃ ရက်က ဘဂ္ဂဒက်မြို့ ကာရာဒါအရပ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ (အဆိုပါ ပေါက်ကွဲမှုကြောင့် အီရတ် အရပ်သားများ ဒဏ်ရာ ရရှိခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၁၁ ရက်က အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်သည့်ကျည်ထိမှန်ခံရသဖြင့် ဘဂ္ဂဒက်မြို့ ဆေးရုံတစ်ရုံ၌ အီရတ်တစ်ဦးဆေးကုသမှုခံယူနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)



မတ် ၂ ရက်က ကာဘာလာမြို့၌ အီရတ်ပြောက်ကျားများက အမေရိကန်နှင့်အပေါင်းပါများကို ခုခံတိုက်ခိုက်စဉ်အတွင်း အပြစ်မဲ့အီရတ်ပြည်သူများ အတုံးအရုံးလဲကျ ဒဏ်ရာရရှိနေသည်ကိုတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တို့၏ တိုက်ခိုက်မှုကြောင့် အီရတ်၌ အများဆုံးသေကျေမှုများ

နေ့စွဲ	နေရာ	သေဆုံးမှု
၉-၁၀-၂၀၀၃	ဘဂ္ဂဒက်	၉
၂၇-၁၀-၂၀၀၃	ဘဂ္ဂဒက်	၄၀
၁၂-၁၁-၂၀၀၃	နာဆီရီယာ	၃၀
၂၀-၁၁-၂၀၀၃	ကယ်ကွတ်	၅
၂၂-၁၁-၂၀၀၃	ဘဂ္ဂဒက်	၁၂
၁၄-၁၂-၂၀၀၃	ခါလ်ဒီယာ	၁၇
၃၁-၁၂-၂၀၀၃	ဘဂ္ဂဒက်	၈
၁၇-၁-၂၀၀၄	ဘဂ္ဂဒက်	၅
၁၈-၁-၂၀၀၄	ဘဂ္ဂဒက်	၃၁
၃၁-၁-၂၀၀၄	မိုဆူးလ်	၉
၁-၂-၂၀၀၄	အာဘီလ်	၁၀၉
၁၀-၂-၂၀၀၄	အစ္စကန်ဒါရီယာ	၅၃
၁၁-၂-၂၀၀၄	ဘဂ္ဂဒက်	၄၇
၁၈-၂-၂၀၀၃	ဟီလာ	၁၀
၂၃-၂-၂၀၀၄	ကယ်ကွတ်	၈
၂-၃-၂၀၀၄	ကာဘာလာ	၁၄၃
	စုစုပေါင်း	၅၃၆

18-3 (6).p65 1 3/24/05, 10:05 PM

တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများလက်တွဲ ဆောင်ရွက်ခဲ့သည့် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများ

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

တပ်မတော်နှင့်ပြည်သူတို့ ပူးပေါင်း ဖောက်လုပ်ခဲ့သည့်လမ်းများ

စဉ်	ပြည်နယ်/တိုင်း	မော်တော်ကားလမ်း
၁။	ရန်ကုန်တိုင်း	တိုက်ကြီး-ဖူးကြီး-ဖောင်ကြီးလမ်း
		ရန်ကုန်-ပဲခူးခြောက်လမ်းသွားလမ်း
၂။	ရှမ်းပြည်နယ်	တာကော်-မိုင်းပျင်း-ကျိုင်းတုံလမ်း
		ကျိုင်းတုံ-တာချီလိတ်လမ်း
		ရပ်စောက်-ကျောက်ဂူ-နောင်ချို
		လားရှိုး-မူဆယ်
		ခိုလမ်-ကျိုင်းတောင်းလမ်း
		မိုးနဲ-ကျိုင်းတောင်းလမ်း
		မိုင်းပန်း-ကျိုင်းတောင်းလမ်း
၃။	ဧရာဝတီတိုင်း	ပုသိမ်-သလပ်ခွာ-မော်တင်စွန်း
		ပုသိမ်-သလပ်ခွာ-ငွေဆောင်လမ်း
		တာကွေ့-ကဇန်း
		မအူပင်-ဆားမလောက်
၄။	ကချင်ပြည်နယ်	မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို
		တနိုင်း-နန်းယွန်း
၅။	ကယားပြည်နယ်	ဖားဆောင်း-ခဲမဖြူ-ထီးထ-စောထ
၆။	ကရင်ပြည်နယ်	ကော့ကျိုက်-ကော့ပရံ-ဇာသပြင်
		ဘောကလိကြီး-မော်ချီး
		ဝါးဘိုးတော-ကမမောင်း
		ဖာပွန်-ကမမောင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ-မိုင်းဖြတ်-တာချီလိတ်ကားလမ်းဖောက်လုပ်ရေးလုပ်ငန်းခွင်မှ တပ်မတော်သားများ။

လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ရွှေဘို-မြစ်ကြီးနား လမ်းသစ်ကို ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းဖောက်လုပ်ပြီး ဤသို့ ဖွင့်လှစ်ခဲ့သည်။

နိုင်ငံတစ်ဝန်း တည်ဆောက်ပြီး လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ

အကြောင်းအရာ	၁၉၈၈	၂၀၀၄
ကတ္တရာလမ်း (မိုင်)	၅၅၄၃	၈၃၉၈
ကျောက်ချောလမ်း (မိုင်)	၁၅၆၉	၃၁၉၄
တံတား(ပေ၁၈၀အထက်)	၁၆	၁၆၈
ရထားသံလမ်း(မိုင်)	၂၇၉၃	၃၉၀၆
လေယာဉ်ကွင်း	၂၁	၂၇
ဂျက်လေယာဉ်ကွင်း	၆	၁၈

စွန့်လွှတ် စွန့်စားသော တပ်မတော် ☆

အပင်ပန်း အဆင်းရဲ ခံနိုင်သည့် တပ်မတော်

ရန်ကုန်-မော်ဘီ ဆက်သွယ်ပေးသည့် အမှတ် (၄)လမ်းမကြီးကို ပြည်သူနှင့်တပ်မတော်တို့ ပူးပေါင်း၍ ဤသို့ ဖောက်လုပ်ပေးခဲ့သည်။



ရန်ကုန်-မန္တလေးလမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်း ရန်ကုန်-ပဲခူးအပိုင်းတွင် ပြည်သူနှင့်တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်ခဲ့သဖြင့် လမ်းပန်းဆက်သွယ်ရေး ဤသို့ လွယ်ကူချောမွေ့စေခဲ့သည်။

ခေတ်အဆက်ဆက် ပြည်သူ့အတွက် တပ်မတော်

တပ်မတော်၏ ရဲဝံ့စွန့်စားသောစိတ်ဓာတ်ကို ကမ္ဗည်းမော်ကွန်းတင်ခဲ့သည့် ပွိုင့် ၆၀၄၁ တိုက်ပွဲ

တွေ့ဆုံမေးမြန်းသူ - မောင်မောင်ကျော်

ပုဂံခေတ်မှသည် မျက်မှောက်ခေတ်သို့တိုင်အောင် မြန်မာ့တပ်မတော်သည် ခေတ်အဆက်ဆက်တွင် 'သမိုင်းပေးတာဝန်'ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည်။

- **နိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိပါးလာသည့်အခါ တပ်မတော်သားများသည် မိမိတို့၏အသက်ကိုပင် ပဓာနမထားဘဲ ထိပါးလာသူများကို အမြစ်ပါမကျန်အောင် ချေမှုန်းနိုင်ခဲ့သည်။**
- **တိုင်းတစ်ပါးမှ ကျူးကျော်လာသောအခါ ရရာလက်နက်စွဲကိုင်၍ ရန်သူကို ရဲရဲရင့်ရင့် ရင်ဆိုင်ခဲ့ကြသည်။ နိုင်ငံသားတို့၏ အသက်အိုးအိမ် စည်းစိမ်တို့အတွက် တရားသောစစ်ပွဲကို ဦးလည်မသုန် ဆင်နွှဲခဲ့ကြသည်။**
- **ငြိမ်းချမ်းသော ခေတ်ကာလတွင် မြန်မာ့တပ်မတော်သားများသည် ပြည်သူတို့၏ အကျိုးကိုသယ်ပိုးဆောင်ရွက်ခဲ့ကြသည်။**

မျိုးချစ်တပ်မတော်သားတို့သည် သောင်းကျန်းသူများကို ချေမှုန်းရာ၌ တိုင်းပြည်အတွက် ရဲဝံ့စွန့်စားစွာ အသက်ကိုလည်း ပေးလှူခဲ့ရသည်။ ဒဏ်ရာအနာတရကြီးစွာကိုလည်း ရရှိခံစားခဲ့ရသည်။

ထိုသို့ ရဲဝံ့စွန့်စားခဲ့ကြသည့် မြန်မာ့စစ်သည်တော်ကြီးများကို ခေတ်တို့သာ ပြောင်းလဲခဲ့သော်လည်း ယနေ့ထက်တိုင် သတိရနေဆဲဖြစ်သည်။ ကမ္ဗည်းမော်ကွန်းတင်ထားဆဲပင်ဖြစ်သည်။

ယင်းသို့သောဖြစ်ရပ်များတွင် နိုင်ငံတော် အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းခဲ့သော သမိုင်းဝင်တိုက်ပွဲများမှာ မြောက်မြားစွာပင် ရှိခဲ့သည်။

ထိုတိုက်ပွဲများအနက် ၁၉၇၈ ခုနှစ် မတ်လ ၆ ရက်နေ့ နံနက် ၈ နာရီအချိန်မှ အစပြု၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းဒေသအတွင်း ဖြစ်ပွားခဲ့သည့် ပွိုင့် ၆၀၄၁ စခန်းတိုက်ပွဲသည် တပ်မတော်၏ စံပြုရမည့် တိုက်ပွဲကြီးတစ်ပွဲဖြစ်သကဲ့သို့ တပ်မတော်သားတို့၏ သတ္တိဗျတ္တိရှိမှု၊ ဓွဲလုံ့လဝီရိယရှိမှု၊ စွန့်လွှတ်စွန့်စားမှုနှင့် စစ်ရေးစွမ်းရည် ထက်မြက်မှုတို့ကို ပြသနိုင်ခဲ့သော တိုက်ပွဲလည်း ဖြစ်သည်။

ထိုတိုက်ပွဲ၏ဖြစ်စဉ်များ၊ စွန့်လွှတ်စွန့်စားတိုက်ပွဲဝင်ခဲ့ကြပုံများကို သိရှိနိုင်ရန်အတွက် တိုက်ပွဲကို ကွပ်ကဲတာဝန်ယူဆောင်ရွက်ခဲ့သည့် ဗိုလ်မှူးသီဟသူရသိန်းထွန်းတင်(ငြိမ်း)ကို မြန်မာ့အလင်းက သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

"ဗိုလ်မှူးဦးစီးကွပ်ကဲခဲ့တဲ့ပွိုင့် ၆၀၄၁ စခန်းကုန်းတိုက်ပွဲ အခြေအနေအကျဉ်းကိုသိချင်ပါတယ်" ဟုအစချီလိုက်သည်နှင့်ဗိုလ်မှူး သီဟသူရသိန်းထွန်းတင်(ငြိမ်း)က–

"ကျွန်တော်တို့တပ်ခွဲဟာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ရဲ့ စစ်ဗျူဟာ(၂)မှာသွားပြီး တာဝန်ယူရတယ်။ အဲဒီထဲမှာမှ ကျန်တဲ့တပ်ခွဲတွေက တစ်နေရာကိုရောက်နေတယ်။ ကျွန်တော်နဲ့တပ်စုလေးစုဟာ စစ်ဗျူဟာ(၂)ကို ရောက်နေပါတယ်။ ပွိုင့် ၆၀၄၁ ကို ကျွန်တော် တာဝန်ယူရပါတယ်။ ယူထားတဲ့တာဝန်တွေကတော့ ကျွန်တော်တို့ရှေ့မှာ သံလွင်မြစ်ကြီးရှိတယ်၊ သံလွင်မြစ်ရဲ့ ဟိုဘက်မှာ ဗကပ ရှိတယ်။ ကျွန်တော်တို့ဟာ တပ်တွေရဲ့ ရှေ့ဆုံးကာတပ် ဖြစ်ပါတယ်။ ဟိုဘက်မှာ ကျွန်တော်တို့နဲ့ ထိပ်တိုက်တွေ့နိုင်တဲ့ ဗကပ ရင်း (၀၁၆) ရှိတယ်။ ကျွန်တော်တို့ နောက်ဘက်နောင်လိုင်မှာ စခန်းရှိတယ်။ အဲဒီမှာ ရိက္ခာတွေ၊ ခဲယမ်းတွေ၊ ထောက်ပံ့ရေးနဲ့ ဆိုင်တဲ့ပစ္စည်း ပစ္စယတွေရှိတယ်။ အဲဒီစခန်းကို ခလရ (၃၃) က တာဝန်ယူထားတယ်။ ကျွန်တော်နဲ့ တပ်စုလေးစုဟာ သောင်းကျန်းသူဘက်က ထိုးဖောက်လာမယ့် လှုပ်ရှားမှုတွေကို သတင်းရပါတယ်။ သတင်းရတဲ့အခါ ပွိုင့် ၆၀၄၁ တောင်ကုန်းကို အင်အားဖြည့်လိုက်တယ်။ တပ်စုမှူး ဗိုလ်ခင်မောင်အေးအပါအဝင် တပ်စုလေးစု ကိုပြင်ဆင်လိုက်ပါတယ်။

၁၉၇၈ ခုနှစ် မတ်လ ၆ ရက်နေ့ နံနက် ၈နာရီမှာ ဗကပတပ်မဟာ(၈)နဲ့ တပ်မဟာ(၁၂)တို့က အင်အားစုတွေဟာ တာဆိုင်းချန် ကူးတို့ဆိပ်မှဖြတ်ကူးပြီး လွယ်စန်ကို ရောက်လာတယ်လို့ ပတ်ဝန်းကျင်ကျေးရွာတွေက ဒေသခံတိုင်းရင်းသားတွေ သတင်းလာပို့ကြတယ်။ ည ၉ နာရီမှာ ဗကပ အင်အား ၈၀ ခန့်နဲ့ ဗိုလ်ခင်မောင်အေး ကင်းပုန်းဝပ်စောင့်ဆိုင်းရာတောင်ကုန်းမှာ အနီးကပ်တိုက်ပွဲစတင်ဖြစ်ပွားပါတယ်။ အကြိမ်ကြိမ် တိုက်ပွဲတွေဖြစ်ပွားခဲ့ပြီး ဗိုလ်ခင်မောင်အေး ကျဆုံးခဲ့ပါတယ်။

မတ်လ ၇ ရက်နေ့မှာ ဗကပအင်အား ၂၀၀ ခန့် ဝင်ရောက် လာပြီး စခန်းကုန်းကို လက်နက်ကြီးလက်နက်ငယ်တွေနဲ့ ပစ်ခတ်ပါတယ်။ ကျွန်တော်တို့ ပြန်လည်ခုခံတိုက်ခိုက်ခဲ့လို့ အထိအခိုက်အကျအဆုံးများစွာနဲ့ ဆုတ်ခွာသွားခဲ့ပါတယ်။

မတ်လ ၈ ရက်နေ့နံနက် ၆နာရီမှာ ကျွန်တော်တို့စခန်းကိုဗကပတပ်တွေဟာ လက်နက်ကြီးလက်နက်ငယ်တွေနဲ့ ပြင်းထန်စွာ တိုက်ခိုက်လာခဲ့ပြန်ပါတယ်။ ရန်သူက အဝေးမှလက်နက်ကြီးနဲ့ပစ်ပါတယ်။ ကျွန်တော်တို့က ကျည်မဖြုန်းဘဲ ပြန်မပစ်ပါဘူး။ ရန်သူက အားမလိုအားမရဖြစ်လာပြီး စခန်းကုန်းကို ချဉ်းကပ်လာပါတယ်။ ရဲဘော်တွေက လက်ပစ်ဗုံးနဲ့ ပစ်ခတ် တိုက်ခိုက်ကြလို့ ရန်သူတွေ ပြန်ဆုတ်သွားပါတယ်။ ရန်သူဟာ အနီးကပ် တိုက်ခိုက်ဖို့သွေးလန့်နေပြီးအဝေးကပဲ လက်နက်ကြီးတွေနဲ့ ပစ်ခတ် နေကြပါတယ်။

ကျွန်တော်တို့စခန်းမှာ အင်အား ၅၇ ယောက်သာ ရှိပါတယ်။ ရန်သူဟာ အင်အားအဆမတန်များပါတယ်။ မတ်လ ၉ ရက်နေ့ နံနက် ၅နာရီမှာ စခန်းကုန်းကို ထပ်မံသိမ်းပိုက်ဖို့ ရန်သူတွေကြိုးစားလာခဲ့ပါတယ်။ ကျွန်တော်တို့က ကျည်တစ်တောင့် လူတစ်ယောက်နှုန်း ပစ်ခတ်ချေမှုန်းခဲ့လို့ရယ်၊ တပ်မတော်(လေ)က ပစ်ကူတိုက်ခိုက်ပေးလို့ရယ်ကြောင့် ရန်သူတွေ ပြန်ဆုတ်သွားပါတယ်။

မတ်လ ၁၀ ရက်နေ့မှာ ဗကပတွေ သူရဲဘောကြောင်တဲ့လုပ်ရပ်လုပ်လာပါတယ်။ စခန်းအခြေကနေပြီး မီးလောင်တိုက် သွင်းလာပါတယ်။ ကျွန်တော်တို့က ကြိုတင်ပြင်ဆင်ထားလို့ သူတို့အကြံ ကို ဖြိုဖျက်နိုင်ခဲ့ပါတယ်။ ရဲဘော်တွေ မီးငြိမ်းသတ်နိုင်ခဲ့ပါတယ်။

မတ်လ ၁၁ ရက်နေ့မှာ ရန်သူတက်လာမယ့်လမ်းကြောင်းက စောင့်ဆိုင်းနေခဲ့ပါတယ်။ ရန်သူဟာ တိုက်ခိုက်ခြင်း မပြုဘဲနေပါတယ်။

မတ်လ၁၂ ရက်နေ့နံနက် ၆ နာရီအချိန်က စပြီး လက်နက်ကြီးတွေနဲ့ စုပြုပစ်ခတ်ပြီး စခန်းကိုချဉ်းကပ်လာပါတယ်။ ရန်သူဟာ ခြစည်းရိုးနားကပ်နိုင်တာနဲ့ ခြစည်းရိုးကိုကြိုးနဲ့ ဆွဲလှဲပါတယ်။ မလဲတဲ့ခြစည်းရိုးတွေကိုတော့ ၄၀ မမလောင်ချာနဲ့ ပစ်ခတ်လှဲပြီး အသုတ်လိုက် တက်လာကြပါတယ်။

မြောက်ဘက်တောင်ကုန်းကို အင်အား ၂၀၀၊ တောင်ဘက်တောင်ကုန်းကို အင်အား ၁၅၀ ခန့်နဲ့ ချဉ်းကပ်လာပါတယ်။ ရန်သူက သုံးကြိမ်တိုင်ကျားထိုးတိုက်ခိုက်ခဲ့ပေမယ့်လဲ ကျွန်တော်တို့တပ်မတော်က ကြံ့ကြံ့ခံပြန်လည်တိုက်ခိုက်နိုင်တဲ့အတွက် ရန်သူတွေဟာ ကစဉ့်ကလျားဆုတ်ခွာသွားခဲ့ရပါတယ်။ ကျွန်တော်တို့မှာလည်း ကျည်အားနည်းလာပြီဖြစ်လို့ ကတုတ်ကျင်းဝမှာ သေနေတဲ့ ရန်သူတွေဆီက အမ် ၂၃ စက်ကလေး တစ်လက်၊ အမ် ၂၂ လေးလက်၊ ၄၀ မမလောင်ချာ တစ်လက်ကိုယူပြီး ရန်သူ့လက်နက်နဲ့ တုံ့ပြန်တိုက်ခိုက်ခဲ့ပါတယ်။ နေ့လယ်ပိုင်းမှာ ရန်သူက ဒုတိယအကြိမ် ထပ်မံတိုက်ခိုက်ဖို့ ကြိုးစားလာပါတယ်။

အဲဒီအချိန်မှာ ကျွန်တော်ကိုယ်တိုင် နှစ်လက်မစိန်ပြောင်းနဲ့ ပစ်ခတ်ချေမှုန်းနေတုန်း ရန်သူ့လောင်ချာ လေးလုံး ကျွန်တော့်တစ်ဝိုက်ကို ကျရောက်ပါတယ်။ အဲဒီက ဗုံးစဟာ ကျွန်တော့်ဘယ်ဘက်မျက်လုံးထဲ ဝင်သွားပါတယ်။ ကျွန်တော်လည်း နာကျင်မှုဒဏ်ကို မမှုဘဲ မျက်လုံးကို ပုဆိုးစနဲ့ပတ်ပြီး ဆက်လက် တိုက်ပွဲဝင်ခဲ့ပါတယ်။

မတ်လ ၁၃ ရက်နေ့ ညနေမှာ ဗကပအင်အား ၇၀ ခန့် ထပ်မံအင်အား ဖြည့်တင်းလာတာ တွေ့ရပါတယ်။ ကျွန်တော်တို့တစ်တွေ မမှုခဲ့ပါဘူး၊ စစ်သည် အားလုံး စနစ်တကျ ခုခံတိုက်ခိုက်ရင်း တိုင်းပြည်နဲ့ လူမျိုးအတွက် ဂုဏ်သိက္ခာရှိရှိ အသက်အသေခံတိုက်ပွဲဝင်သွားဖို့ သန္နိဋ္ဌာန်ချထားပြီး ဖြစ်ပါတယ်။ ညနေ ၅ နာရီမှာ ဗကပအင်အား ၃၀၀ခန့် ထပ်မံအင်အားဖြည့်တင်း ရောက်ရှိလာတာကို စခန်းပေါ်က အတိုင်းသားမြင်တွေ့နေရပါတယ်။ မကြာပါဘူး၊ ရန်သူက စခန်းပေါ်စုပြုပစ်ခတ်မှုများပြုလုပ်လာပါတယ်။ ကျွန်တော်တို့လည်း နောက်မတွန့်ဘဲ ရဲရဲဝံ့ဝံ့တိုက်ပွဲဝင်ခဲ့ပါတယ်။ ဒီအချိန်မှာ ကျွန်တော်တို့မှာ ကျည်အင်အား လျော့နည်းသွားပြီး ပျမ်းမျှတစ်ယောက်လျှင် ကျည် ၂၀ ခန့်သာ ကျန်ပါတော့တယ်။ ကျွန်တော်လည်း အခြေအနေအရပ်ရပ်ကို တွက်ချက်ပြီး ည ၈ နာရီတိတိအချိန်မှာ စခန်းက စနစ်တကျ ဖောက်ထွက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒဏ်ရာရ လူနာနဲ့ ကျွန်တော်ရှေ့ဦးဖောက်ထွက်ပါတယ်။ အလုပ်သင်ဗိုလ်ဝင်းမြင့်နဲ့အင်အား ငါးယောက်နောက်ချန်ကာ စခန်းကို ခေတ္တထိန်းထားပြီး နာရီဝက်ကြာမှ ဖောက်ထွက်ရာ လမ်းအတိုင်း လိုက်ခဲ့ပါတယ်။ ကြယ်ရောင်ကို အားပြုပြီး သွားရပါတယ်။ နမ့်လောင်ချောင်းဖျားကို ၁၄ ရက်နေ့ နံနက် ၁ နာရီမှာ ရောက်သွားပါတယ်။ ချောင်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ရာ သံလွင်မြစ်ကမ်းကို မွန်းလွဲ ၁၂ နာရီခွဲအချိန်မှာ ရောက်ပါတယ်။ အထောက်တော်လွှတ်ပြီး ဖန်မွန်ရွာသားတွေနဲ့ ဆက်သွယ်ခဲ့ပါတယ်။ ရွာသားများက ကျွန်တော်တို့ကို ကူညီ ကျွေးမွေးပြုစုကြပါတယ်။ ဆက်ပြီး နန်းကျိမ်ရွာသို့ ဆက်လက်ထွက်ခွာပြီးနောက် ဖောက်ထွက်လာတဲ့ အခြားတပ်စိတ်တွေနဲ့ ပေါင်းဆုံမိပါတယ်။ ကျွန်တော်က ပိန်လွှန်းရွာကို အထောက်တော်စေလွှတ်ရာက ခမရ(၁၀၄) စစ်ကြောင်းနဲ့ ပူးပေါင်းမိပါတယ်။ အဲဒီကမှတစ်ဆင့် ၁၇ ရက်နေ့မွန်းလွဲ ၂ နာရီခွဲမှာ တန့်ယန်းသို့ ရောက်ရှိခဲ့ပါတယ်။ တာဝန်ရှိသူများနဲ့ မြို့သူမြို့သားများက ကြိုဆိုခဲ့ကြပါတယ်။ ဒါဟာ ပွိုင့် ၆၀၄၁ စခန်းတိုက်ပွဲရဲ့ ဖြစ်စဉ်အကျဉ်းပါ"ဟု ဗိုလ်မှူးသီဟသူရသိန်းထွန်းတင်(ငြိမ်း)က ရှင်းပြသည်။

ပွိုင့် ၆၀၄၁နှင့် ပတ်သက်သည့် ရှင်းလင်းပြောကြားချက်များမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ နားထောင်နေသော စာရေးသူသည်ပင် လျှင် ကြက်သီး မွေးညှင်း ထမိသည်။ လေ့ခွက်ချည်းကျန် အလံမလှဲ စတမ်းရန်သူကို တွန်းလှန်ထိုးဖောက်ခဲ့သော တပ်မတော်သားများကို ချီးကျူး ဂုဏ်ပြုမိသည်။ ကျေးရွာသားများကလည်း မိမိတို့၏ အန္တရာယ်ကိုမမှုဘဲ တပ်မတော်ကို ဖြစ်နိုင်သည့်ဘက်မှ အတတ်နိုင်ဆုံး ကူညီခဲ့ကြသည်ကို ဝမ်းမြောက်ဖွယ် သိရှိခဲ့ရသည်။

ဤသည်မှာ တပ်မတော်က ဒေသခံပြည်သူများအပေါ် စေတနာမှန်ကန်စွာ ထားရှိမှုကို ပြည်သူများက စစ်မှန်သော စေတနာဖြင့် ပြန်လည်တုံ့ပြန် ကူညီခဲ့ခြင်းဖြစ်သည်။ ထို့နောက် သိလိုသော အချက်အလက်များကို ထပ်မံ မေးမြန်းကြည့်မိသည်။

"ဗိုလ်မှူးခင်ဗျာ–တိုက်ပွဲဖြစ်စဉ်ကာလ တပ်မတော်သားတွေ မကြောက်မရွံ့ဘဲ စိတ်ဓာတ်တက်ကြွနေပုံကို သိပါရစေ"

"မိမိထက်အင်အား အဆမတန်များပြားတဲ့ရန်သူတွေနဲ့ ကြုံတွေ့ရပြီး သေဘေးနဲ့ရင်ဆိုင်ရတော့မယ်လို့ သိပေမယ့်လဲ ကျွန်တော့်ရဲဘော်တွေ စိတ်ဓာတ် လုံးဝမကျခဲ့ပါဘူး။ တိုက်ပွဲမှာ ရန်သူကလက်နက်ကြီးတွေနဲ့ မိုးမွှန်အောင်ပစ်ပါတယ်။ **လူဟာ ကြောက်တဲ့စိတ်ရှိရင် ကြောက်စိတ်**

တိုက်ပွဲကာလအတွင်း တပ်မတော်သားများ ရေရရှိအောင် ဤကဲ့သို့ ခက်ခက်ခဲခဲ ဆောင်ရွက်ခဲ့ရသည်။



နိုင်ငံတော်၏လွတ်လပ်ရေးနှင့် ထက်မြက်နေသော တပ်မတော်သာ

ကူးစက် တတ်ပါတယ်။ ရဲတဲ့စိတ်ရှိရင်လ
တိုက်ပွဲမှာ အခက်အခဲတွေနဲ့အတော်
တစ်ယောက်နဲ့တစ်ယောက် ရဲဘော်စိ
ပါတယ်။ တောင့်မခံနိုင်ရင် ပြိုဆင်းသွား
ရန်သူကို ကြံ့ခိုင်တဲ့စိတ်ဓာတ်ကြောင့်
တပ်မတော် သားတွေဟာ တပ်မတော်
လေ့ကျင့်ခဲ့တာကြောင့် ခုလိုအောင်ပွဲ
စွန့်စားသော၊ သတ္တိ ဗျတ္တိကောင်းမွ
ဖြစ်သည်။ ဆက်လက်၍ တိုက်ပွဲကာလ
ဖြေရှင်းရပုံများကို မေးကြည့်မိသည်။
"နောက်ဆုံး ကျွန်တော်တို့မှာ ကျည
ရေရဖို့ အတွက် ကျွန်တော်တို့ဆရာတွေ
ကျင်းကို မိုးကာပလတ်ပတစ်အစနဲ့
ပြီးတော့ ရေငွေ့ပျံလာပါတယ်။ ပျံလာ
ခံပြီး ရေတစ်စက်ချင်းအာဆွတ်ပါတယ်။
ဓီးဖြူပြင်အခေါက် စားပါတယ်။ ရေ
အခြေအနေကို အထက်ကိုတင်ပြပြီး လုံ
တယ်။ အထက်ကလဲ အားပေးပါတယ်။
ကြက်တွေရဲ့ လည်ချောင်းသွေးကို
မယ်လို့ဆုံးဖြတ်ခဲ့ပါတယ်။ လက်နက်
ဘန်ကာကျင်းစပ်မှာ သေဆုံးသွားတဲ့ ရန်
အသုံးပြုတိုက်ခိုက်ခဲ့ပါတယ်။ ကျွန်တော်
တွေပါခဲ့ပါတယ်"ဟု ရှင်းပြရာ ကျွန်
တပ်မတော်သားများပါကလားဟု ချီး
ကြောင့်ပင် အောင်မြင်မှု ရခဲ့ခြင်း ဖြစ်
ရင်ဆိုင်တိုက်ခိုက်ရာ၌ ဒဏ်ရာရ ရှိခံ
ပြည်သူများ ပါဝင်ကူညီပုံတို့ကို သ
မေးမြန်းကြည့်ပြန်သည်။
"တပ်မတော်သားတွေဟာ ရန်သူက
အင်အား အဆမတန် အင်အားများ
ရန်သူကို မကြောက်မရွံ့ဘဲ စိတ်ဓာတ်
အနေကို သိပါရစေ"
"ကျွန်တော့်မျက်လုံးကို ဗုံးစ မှန်ပြီ
တိုက်ပွဲဝင်ခဲ့ပါတယ်။ စစ်မြေပြင်တစ်
ထူထားပါတယ်။ စိတ်ဓာတ်ကို မြင့်တင်
တောင်ကြောတွေမှာ ဗကပတွေချည်
စိတ်လျှော့လိုက်ရင် ပြိုဆင်းသွားမှာပါ
ယုံကြည်မှုရှိပါတယ်။ ငါတို့ရဲ့တပ်ခွဲမှူ
ငါတို့နဲ့ သေအတူရှင်မကွာ အမြဲရှိ
စိတ်ဓာတ်ပိုမိုတက်လာပါတယ်။ ကျွန်
တပ်ခွဲအလံတွေ၊ ဘုရင့်နောင်စိတ်ထ
ရေးစပ်ထားတဲ့ ကဗျာလေးတွေကို ပေး
ဒါ့တွေဟာ တိုင်းပြည်အတွက် အသ
စွမ်းဆောင်ချက်တွေဟာ သမိုင်းမှတ်
ကြားခဲ့ရာ စစ်သည်ရဲဘော်များ ပိုမိုစိ
"ဒီနေရာမှာ ဒေသခံတိုင်းရင်းသာ
တွေပေါ်ထားရှိတဲ့ ကြင်နာတဲ့စိတ်ဓာ
တို့အဖွဲ့တွေ စခန်းကုန်းက ဆုတ်ခွာ
အပြင်းအထန် ရထားတဲ့ တပ်ကြပ်တ
ကျန်ခဲ့ပါတယ်။ သူ့ကို ရန်သူတွေမိသွာ
ခေါင်းဖော်ပြီး မြှုပ်ထားပါတယ်။ တ
ထွက်ခွာသွားမှ ဒေသခံရွာသား တွေ

(၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ

နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်နေသည့် စစ်ရေးစွမ်းရည်မြင့်မား ထက်မြက်နေသော တပ်မတော်သားများ။

ကူးစက် တတ်ပါတယ်။ ရဲတဲ့စိတ်ရှိရင်လဲ ရဲဝံ့တဲ့စိတ်တွေဖြစ်လာပါတယ်။ တိုက်ပွဲမှာ အခက်အခဲတွေနဲ့အတော်လေး ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ရဲဘော်စိတ်နဲ့လက်တွဲပြီး တောင့်ခံထားပါတယ်။ တောင့်မခံနိုင်ရင် ပြိုဆင်းသွားမှာပါ။ အလုံးအရင်းနဲ့ဆင်းလာတဲ့ ရန်သူကို ကြံ့ခိုင်တဲ့စိတ်ဓာတ်ကြောင့် တောင့်ခံနိုင်တာပါ။ ကျွန်တော်တို့ တပ်မတော် သားတွေဟာ တပ်မတော်ရဲ့ အား(၁၀)ပါးနဲ့ ပြည့်ဝအောင် လေ့ကျင့်ခဲ့တာကြောင့် ခုလိုအောင်ပွဲရခဲ့တာပါ"ဟု ရှင်းပြ၏။ ရဲဝံ့ စွန့်စားသော၊ သတ္တိ ဗျတ္တိကောင်းမွန်သော တပ်မတော်သားများပင် ဖြစ်သည်။ ဆက်လက်၍ တိုက်ပွဲကာလအတွင်း အခက်အခဲများရင်ဆိုင် ဖြေရှင်းရပုံများကို မေးကြည့်မိသည်။

"နောက်ဆုံး ကျွန်တော်တို့မှာ ကျည်ဆန်နဲ့ရေနည်းပါးသွားပါတယ်။ ရေရဖို့ အတွက် ကျွန်တော်တို့ဆရာတွေမှာကြားခဲ့တဲ့အတိုင်း ကျင်းတူးပြီး ကျင်းကို မိုးကာပလတ်ပတစ်အစနဲ့ လုံအောင်အုပ်ထားလိုက်ပါတယ်။ ပြီးတော့ ရေငွေ့ပျံလာပါတယ်။ ပျံလာတဲ့ရေငွေ့ကရတဲ့ရေစက်ကို ခွက်နဲ့ ခံပြီး ရေတစ်စက်ချင်းအာဆွတ်ပါတယ်။ နောက် ရှဉ့်မတက်ဥ စားပါတယ်။ ခါးဖြူပင်အခေါက် စားပါတယ်။ ရေငတ်ပြေအောင်ပါ။ ကျွန်တော်တို့ရဲ့ အခြေအနေကို အထက်ကိုတင်ပြပြီး လုံ့ဝစိတ်ဓာတ်မကျကြောင်းပြောပါ တယ်။ အထက်ကလဲ အားပေးပါတယ်။ ရေမရှိတော့ရင်လည်း မွေးထားတဲ့ ကြက်တွေရဲ့ လည်ချောင်းသွေးကိုသောက်ပြီး ဆက်လက်တိုက်ပွဲဝင် မယ်လို့ဆုံးဖြတ်ခဲ့ပါတယ်။ လက်နက်ခဲယမ်းကုန်သွားတဲ့အခါမှာတော့ ဘန်ကာကျင်းစပ်မှာ သေဆုံးသွားတဲ့ ရန်သူ့ လက်နက်တွေကို တက်ဆွဲပြီး အသုံးပြုတိုက်ခိုက်ခဲ့ပါတယ်။ ကျွန်တော်တို့ ပြန်လာတဲ့အထိ ဒီလက်နက် တွေပါခဲ့ပါတယ်"ဟု ရှင်းပြရာ ကျွန်တော့် စိတ်ထဲတွင် အာဂမျိုးချစ် တပ်မတော်သားများပါကလားဟု ချီးကျူးမိသည်။ စွမ်းရည်ပြည့်ဝသော ကြောင့်ပင် အောင်မြင်မှု ရခဲ့ခြင်း ဖြစ်သည်။ စစ်မြေပြင်တွင် ရန်သူကို ရင်ဆိုင်တိုက်ခိုက်ရာ၌ ဒဏ်ရာရ ရှိခံစားရပုံနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ ပါဝင်ကူညီပုံတို့ကို သိရှိရ၍ စိတ်ဝင်တစား ထပ်မံ မေးမြန်းကြည့်ပြန်သည်။

"တပ်မတော်သားတွေဟာ ရန်သူက မိမိထက် လူအင်အား၊ လက်နက် အင်အား အဆမတန် အင်အားများပြားပြီး အဆိုးဆုံးအခြေအနေမှာ ရန်သူကို မကြောက်မရွံ့ဘဲ စိတ်ဓာတ်ကြံ့ကြံ့ခံ တွန်းလှန်ခဲ့တဲ့ အခြေ အနေကို သိပါရစေ"

"ကျွန်တော့်မျက်လုံးကို ဗုံးစ မှန်ပြီး ဒဏ်ရာရခဲ့ပေမယ့် ဆက်လက် တိုက်ပွဲဝင်ခဲ့ပါတယ်။ စစ်မြေပြင်တစ်ဝိုက်မှာ ရဲရဲနီနေတဲ့ အလံတွေ ထူထားပါတယ်။ စိတ်ဓာတ်ကို မြှင့်တင်ပေးထားပါတယ်။ အနီးအနားက တောင်ကြောတွေမှာ ဗကပတွေချည်းပါပဲ။ **ခေါင်းဆောင်လုပ်တဲ့သူ စိတ်လျှော့လိုက်ရင် ပြိုဆင်းသွားမှာပါ။ ရဲဘော်တွေမှာ အပြန်အလှန် ယုံကြည်မှုရှိပါတယ်။ ငါတို့ရဲ့တပ်ခွဲမှူးဟာ ငါတို့ကို စွန့်ခွာမသွားဘူး။ ငါတို့နဲ့ သေအတူရှင်မကွာ အမြဲရှိနေမှာဆိုတဲ့ ယုံကြည်ချက်ကြောင့် စိတ်ဓာတ်ပိုမိုတက်လာပါတယ်။ ကျွန်တော်က စိတ်ဓာတ်တက်ကြွစေမယ့် တပ်ခွဲအလံတွေ၊ ဘုရင့်နောင်စိတ်ထားများနဲ့ ကျွန်တော်ကိုယ်တိုင် ရေးစပ်ထားတဲ့ ကဗျာလေးတွေကို ပေးဝေဖတ် စေပါတယ်။ နောက်ဆုံးမှာ ဒို့တွေဟာ တိုင်းပြည်အတွက် အသက်စွန့် သွားရဦးတော့ ငါတို့ရဲ့ စွမ်းဆောင်ချက်တွေဟာ သမိုင်းမှတ်တမ်းတင် ကျန်ခဲ့မှာပါဟု ပြောကြားခဲ့ရာ စစ်သည်ရဲဘော်များ ပိုမိုစိတ်ဓာတ်တက် ကြွလာခဲ့ပါတယ်။**

"ဒီနေရာမှာ ဒေသခံတိုင်းရင်းသားပြည်သူတွေက တပ်မတော်သား တွေပေါ်ထားရှိတဲ့ ကြင်နာတဲ့စိတ်ဓာတ်ကို ပြောလိုပါတယ်။ ကျွန်တော် တို့အဖွဲ့တွေ စခန်းကုန်းက ဆုတ်ခွာသွားချိန်မှာ စခန်းမှာ ဒဏ်ရာ အပြင်းအထန် ရထားတဲ့ တပ်ကြပ်တစ်ယောက် လက်ပစ်ဗုံးတစ်လုံးနဲ့ ကျန်ခဲ့ပါတယ်။ သူ့ကို ရန်သူတွေမိသွားပြီးဒဏ်ရာတွေနဲ့ပဲ မြေကြီးထဲမှာ ခေါင်းဖော်ပြီး မြှုပ်ထားပါတယ်။ တစ်ပတ်လောက်အကြာ ရန်သူတွေ ထွက်ခွာသွားမှ ဒေသခံရွာသား တွေက သူ့ကိုတူးဖော်ပြီး ဆေးရုံကို ပို့ပေးခဲ့ကြပါတယ်။ ပုပ်ပွတဲ့ဒဏ်ရာ တွေနဲ့ပဲ ဆေးရုံရောက်မှ ကျဆုံး သွားခဲ့ပါတယ်။ **ဒါဟာ ဒေသခံ တိုင်းရင်းသားတွေနဲ့ တပ်မတော် သားတွေ အပြန်အလှန်ထားရှိတဲ့ မေတ္တာစေတနာတွေပါ။ ကျွန်တော် တို့ ရောက်တဲ့ နေရာတိုင်းမှာ ဒေသခံ တိုင်းရင်းသား ပြည်သူ တွေက တိုက်ပွဲမှာ ကူညီကြပါ တယ်။ ထမင်းကျွေးပါတယ်။ လမ်းပြ ပေးပါတယ်"**ဟု ရှင်းပြ သည်။

ထိုဒေသရှိ **တိုင်းရင်းသား ပြည်သူများသည် ဗကပတို့၏ ခါးသီးသော လုပ်ရပ်များကို ကိုယ် တွေ့ခံစားဖူးကြသည်။ တပ်မတော် သားများကလည်း ရောက်ရာအရပ် တွင် ပြည်သူများကိုကူညီ၊ ပါလာသည့် ဆေးဝါးနှင့် အစားအစာများ ကိုလည်း ပေးဝေခဲ့ကြသည်။ ထို့ကြောင့်လည်း တိုင်းရင်းသား ပြည်သူ များက တပ်မတော်နှင့် တစ်စိတ်တစ်ဝမ်းတည်း လက်တွဲကာ အဘက် ဘက်က ပံ့ပိုးကူညီခဲ့ကြခြင်းဖြစ်သည်။**

ဗိုလ်မှူး သီဟသူရ သိန်းထွန်း တင်(ငြိမ်း)အကြမ်းဖျင်း ပြောပြခဲ့သည့် တိုက်ပွဲအခြေအနေများကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုလျှင် တပ်မတော် သားတို့သည် မိမိထက် အင်အား ၁၀ ဆကျော် သာလွန်သည့်ရန်သူက လက်နက်ကြီးပစ်ကူများဖြင့် တရစပ်ပစ်ခတ်ပြီး လူအင်အားနှင့် အနီးကပ် ချဉ်းကပ်တိုက်ခိုက် ခဲ့သော်လည်း တပ်မတော်သားများက အနိုင်မခံ အရှုံးမပေးသော စိတ်ဓာတ်ဖြင့်တပ်ခွဲမှူး၏ ဦးဆောင်ကွပ်ကဲမှုကို အပြည့်အဝ ခံယူ ကာ တိုက်ပွဲဝင်ခဲ့ကြကြောင်း သိရှိခဲ့ရပေသည်။ ပွိုင့် ၆၀၄၁ တောင်ကုန်းတိုက်ပွဲတွင် အရာရှိစစ်သည် ၁၅ ဦးကျဆုံး၍ တပ်ခွဲမှူးအပါအဝင် စစ်သည် ၁၂ ဦး ဒဏ်ရာရရှိခဲ့ပြီး ရန်သူ ၂၀၀ခန့် ကို သေကျေအောင်ချေမှုန်း နိုင်ခဲ့ကြောင်းသိရှိရသည်။



ပွိုင့် ၆၀၄၁ တောင်ကုန်းသို့ ရန်သူများချဉ်းကပ်ရာလမ်း ကြောင်းနှင့် တပ်မတော်၏ စစ်ဆင်ရာလမ်းကြောင်းပြ မြေပုံ။

တိုက်ပွဲဝင် တပ်မတော်သားများသည် ရန်သူအား ခုနစ်ရက်နှင့် ရှစ်ညတိုင်တိုင် ဖွဲ့နပဲကြီးစွာဖြင့် ခုခံခဲ့ကြသည်။ ရန်သူ့ကြားမှ ထိုးဖောက် ထွက်ခွာရာ လမ်းတစ်လျှောက်တွင်လည်း အထိအခိုက်အကျအဆုံးမရှိ တပ်ခွဲမှူးနှင့် စစ်သည် ၄၁ ဦး စုစုပေါင်း ၄၂ ဦး တပ်မတော် စခန်းသို့ ပြန်လည်ပူးပေါင်းနိုင်ခဲ့ကြသည်။

တိုက်ပွဲအတွင်း တိုက်ပွဲဝင် တပ်မတော်သားတို့သည် လှေခွက် ချည်းကျန် အလံမလှဲစတမ်း စိတ်ဓာတ်ဖြင့် ကျားကုတ်ကျားခဲ တိုက် ခိုက်ရင်း ရန်သူ့လက်နက် ကိုယ့်လက်နက်အဖြစ်အသုံးပြုကာ တိုက်ပွဲဝင် ခဲ့ကြောင်းတွေ့ရသည်။ တပ်ခွဲမှူးသည် ၎င်း၏မျက်လုံးတစ်ဖက် ဆုံးရှုံး ခဲ့သည့်ကြားမှပင် မဆုတ်မနစ်သော ဇွဲသတ္တိနှင့် ထူးကဲဂုဏ်ယူဖွယ် ကောင်းလောက်အောင် ပြောင်မြောက်စွာ ကွပ်ကဲခေါင်းဆောင်နိုင်ခဲ့ သောကြောင့် နိုင်ငံတော်က သီဟသူရဘွဲ့တံဆိပ်ကို ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ တပ်မတော်သားများ၏ စွန့်လွှတ်စွန့်စား တိုက်ပွဲဝင်ခဲ့မှုများကြောင့် ယခုအခါ ဗကပ သောင်းကျန်းသူများ အမြစ်ပြတ် ပျက်သုဉ်းခဲ့ပြီဖြစ်သည်။



တကယ်တမ်းတွင်မူ တပ်မတော်သည် လွတ်လပ်ရေးမရမီကာလ ကတည်းက မိဘပြည်သူတို့နှင့်အတူ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ် တိုက်ဖျက်ရေး စသည့် တိုက်ပွဲပေါင်း မြောက်မြားစွာတို့ကို ဆင်နွှဲလျက် လွတ်လပ်ရေးကို အရယူခဲ့ကြသည်။

ထို့အတူ တပ်မတော်သည် လွတ်လပ်ရေးရရှိလာသည်နှင့် ထိုလွတ်လပ်ရေး မဆုံးရှုံးရလေအောင် အသက်ပေါင်း မြောက်မြားစွာပေးဆပ်၍ ကာကွယ်ခဲ့ကြရပြန်သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံတော်၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးနိုင်သည့် တိုက်ပွဲကြီးများကို ပြင်းထန်စွာ ဆင်နွှဲ တိုက်ခိုက်ခဲ့ကြရသည်။ တပ်မတော်သားတို့သည် ၎င်းတို့ချစ်သော အမိနိုင်ငံတော်အတွက် အသက်၊သွေး၊ ချွေး မြောက်မြားစွာကို ပေးဆပ်ခဲ့ကြသည်။ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးအတွက် သမိုင်းတွင်ရစ်အောင်ကာကွယ်စောင့်ရှောက်ခဲ့ကြသည်။

တပ်မတော်၏ ရဲဝံ့စွန့်စားသော စိတ်ဓာတ်ကို ပွိုင့် ၆၀၄၁ တိုက်ပွဲ ကဲ့သို့သော သမိုင်းဝင်တိုက်ပွဲကြီးများက ကမ္ဘာည်းမော်ကွန်းတင် သက်သေ ထူခဲ့ပြီဖြစ်ပေသည်။ ။

တိုက်ပွဲအတွင်း တိုက်ပွဲဝင် တပ်မတော်သားတို့သည် လှေခွက် ချည်းကျန် အလံမလှဲ စတမ်း စိတ်ဓာတ်ဖြင့် ကျားကုတ်ကျားခဲ တိုက်ခိုက်ရင်း ရန်သူ့လက်နက် ကိုယ့်လက်နက် အဖြစ်အသုံးပြုကာ တိုက်ပွဲဝင်ခဲ့ကြောင်း တွေ့ရသည်။ တပ်ခွဲမှူးသည် ၎င်း၏ မျက်လုံး တစ်ဖက်ဆုံးရှုံးခဲ့သည့်ကြားမှပင် မဆုတ်မနစ်သော ဇွဲသတ္တိနှင့် ထူးကဲဂုဏ်ယူဖွယ် ကောင်းလောက်အောင် ပြောင်မြောက်စွာ ကွပ်ကဲ ခေါင်းဆောင်နိုင်ခဲ့သောကြောင့် နိုင်ငံတော်က သီဟသူရဘွဲ့ကို ချီးမြှင့်ခဲ့ခြင်း ဖြစ်သည်။ တပ်မတော်သားများ၏ စွန့်လွှတ်စွန့်စား တိုက်ပွဲ ဝင်ခဲ့မှုများကြောင့် ယခုအခါ ဗကပ သောင်းကျန်းသူများ အမြစ်ပြတ် ပျက်သုဉ်းခဲ့ပြီဖြစ်သည်။

အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် ဝိနယာဓိက ဆုနှင်းသဘင်ကျင်းပ

ရန်ကုန် မတ် ၁၇

အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်ကြီးတွင် (၄၉)ကြိမ်မြောက် ဝိနယာဓိက ပရိယတ္တိသာသနာပြုအသင်းကြီး စာအောင်ဆုနှင်းသဘင်အခမ်းအနားကို မတ် ၁၄ရက်က ကျင်းပရာ ဓမ္မာစရိယတန်း ၃၂ပါး၊ ပထမကြီး၊လတ်၊ငယ် ၁၀၂ပါး၊ အခြေပြုမူလတန်း ၇၈ ပါး၊ ရှင်ငယ်တန်း ၁၀၆ ပါး တို့အား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။**(ဝ၃၆)**

သားငါးပွံ့ဖြိုး ပြည်အကျိုး

ချမ်းဆောင်းဟေမန် လွန်ချိန်ခါ

ဦးမောင်မောင်စိုးတင့်
(အငြိမ်းစားသံအမတ်ကြီး)

ဟေမန္တဥတုမှ ဂိမှန္တဥတုသို့ ပြောင်းသည့် တပေါင်းလသည် အပူလည်း မလွှမ်း၊ အချမ်းလည်းမလွန်သော ရာသီဖြစ်ပါသည်။ ရွက်သစ်ပြောင်း၍ ရွက်ဟောင်းကြွေချိန်ဖြစ်ကာ နေရှိန်မပူ သီတဂူအအေးသာပြီး ခရီးထွက်ရာတွင် မပန်းမမောသွားနိုင်သော အချိန်ကာလဖြစ်ပါသည်။ မြက်အပေါင်းစိမ်းလန်းကာ မြေအပြင်သည် သာယာပြေပြစ်ပါသည်။ ဤသို့နှစ်သက်ဖွယ်ရာ အကောင်းဆုံးသော ရာသီ၌ မွေးရပ်ဌာနေ၊ပြည်တော်သို့ ဒေသစာရီကြွတော်မူရန် သင့်တော်ကောင်းမြတ်သော အခါတော်ဖြစ်ပါသည်။ ဘုရားဟုအစချီ၍ ဖွားဖက်တော် ရဟန္တာကာဠုဒါယီမထေရ်မြတ်က လတပေါင်း၏အလှကို တောဖွဲ့၊ တောင်ဖွဲ့၊ ပန်းဖွဲ့၊ စမ်းဖွဲ့၊ စခန်းဖွဲ့ ဂါထာပေါင်း ခြောက်ဆယ်ကျော်ဖြင့် ဖွဲ့နွဲ့လျှောက်ထားပါသည်။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သားတော် မြတ်စွာဘုရားထံ အမတ်ကြီးကိုးဦးတို့အား တစ်ဦးချင်း ဗိုလ်ခြေတစ်ထောင်စီနှင့် ကိုးခေါက် စေလွှတ်ခဲ့ရာ ဘုရားရှင်၏တရားကိုနာပြီး အားလုံးရဟန္တာများဖြစ်ကုန်ကြကာ နေပြည်တော်သို့ ပြန်ကြွခြင်း မပြုကြတော့ပါ။ သို့အတွက် (၁၀)ကြိမ်မြောက် ဖွားဖက်တော်ကာဠုဒါယီအမတ်ကြီးကို စေလွှတ်ပြန်ရာတွင်လည်း အမတ်ကြီးနှင့် အပေါင်းပါအားလုံး ရဟန္တာဖြစ်ကုန်ကြပြန်ပါသည်။ မထေရ်မြတ်သည် မိမိ ကတိပေးခဲ့သည့်အတိုင်း ကပိလဝတ်နေပြည်တော်သို့ မြတ်စွာဘုရားကြွချီရန် ရတ်တရက် မလျှောက်ထား၊ စောင့်ဆိုင်းနေပြီး တပေါင်းလပြည့်နေ့ရောက်မှ သာလျှင် အထက်ပါအတိုင်း လျှောက်ထားခြင်း ဖြစ်ပါသည်။ ရာသီများတွင် တပေါင်းလ ရာသီသည် အသာယာဆုံးဖြစ်သောကြောင့်ဖြစ်ပါသည်။ ဤသည်ကို စာဆိုတော် ရှင်အုန်းညိုက အောက်ပါအတိုင်း စပ်ဆိုထားခဲ့ပါသည်။

> **"...ဟေမာချမ်းဆောင်း၊ ကြွလှဲပြောင်းသား၊ တပေါင်းနွေလ၊ ဂိမှန္တ ဟု၊ သာလှပျော်မှု၊ သည်ရတု၌၊ ညွန်နုဆဲဆဲ၊ မီးလျှံခဲသို့၊ ရဲရဲပြောင်ပြောင်၊ တောကုန်အောင်လည်း၊ ပွင့်ရောင်တီချည်း ဖြင်ပေါပြည်း၏၊ ခမည်းတော်ကောင်း၊ ပြည်တော်ဟောင်းသို့၊ ဖူးပေါင်းစိမ့်ငှာ၊ တောင်းပန်ထွာသည်၊ သွားခါ ကာလတန်ပြီတည်း"**

ရှင်ဥတ္တမကျော်ကလည်း ရာသီဖွဲ့၏ ရှေ့ပြေးဖြစ်သည့် တောလားကဗျာတွင် ငှက်အပေါင်းတို့ မြတ်စွာဘုရားအား ဖူးမြော်ကြပုံကို ထည့်သွင်းစပ်ဆိုထားပါသည်။

> **"...သောတပန်မည်၊ မဟာထေရ်တို့၊ မကြည်နိုင်အောင်၊ စိုးမြူမှောင်ခဲ့၊ ဘုန်းခေါင်ပရမေ၊ သုံးလူ့ဆွေလျှင်၊ ဒေသစာရီ၊ ပြည်ကပ္ပိသို့၊ကြွချီ အားသန်၊ ချိန်ခါတန်ကို၊ တောင်ပံယှက်ရိုက်၊ မြေနုတ်စိုက်၍၊ အလိုက် ဘာသာ၊ ဟင်္သာသောင်တင်း၊ ပိန်ညင်းစင်ရော်၊ ငှက်တော်ကြိုးကြာ၊ သာရကာနှင့်၊ တမာကြက်တော၊ ဥဩငှက်ကျား၊ ငှက်နွှားလည်း၊ ဝပ်တွားဘီလုံး၊ ရွှေငုံးချိုးခါ၊ သူတို့မှာမူ၊ မြတ်စွာဘုရား၊ သုံးလူ့ဖျားကို၊ တတ်အားသမျှ၊ ဖူးကြကုန်လျက်၊ ရှိပန်ဆက်သည်..."**

ဤတပေါင်းလ၌ မြန်မာနိုင်ငံတွင် စေတီပုထိုးများ၏ ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်များကို ကျင်းပသည့်အစဉ်အလာရှိလာပါသည်။ မြတ်စွာဘုရား ပွင့်တော်မူသည့်အချိန်၌ ကမ္ဘာပေါ်တွင် ပထမဦးဆုံးတည်ထားကိုးကွယ်သော ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၂၅၉၂) နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို ကျင်းပနေကြပြီဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်မြန်မာများ ကြည်နူး ဝမ်းသာဂုဏ်ယူကြရန် ဖြစ်ပါသည်။

စာဆိုတော်အများသည် တပေါင်းလရာသီကိုများစွာအမွှမ်းတင်၍ ဖွဲ့ဆိုလေ့ရှိကြပါသည်။ ဤရာသီသည် ရာသီများတွင် အသာယာဆုံးဖြစ်သောကြောင့် စာဆိုတော်တို့ စာပန်းချီရေးဖွဲ့သီကုံးကြရန် စိတ်အားထက်သန်နှစ်သက်ကြခြင်း ဖြစ်ပါသည်။ ဤရာသီတွင် လွမ်းဆွတ်ဖွယ်ရာတို့ကို မင်းဇေယျရန္တမိတ်က ဤသို့ဖွဲ့နွဲ့ထားပါသည်။

> **"...ဥဩသံလွှဲ၊ နွဲ့နွဲ့နွဲ့က၊ ဝမ်းကွဲထပ်လောင်း၊ စိတ်လုံးပျောင်းမျှ၊ တပေါင်းသနစ်၊ သာသည့်ဖြစ်ကို၊ စိစစ်ပြန်မိ၊ မျက်စိမလပ်၊ တင်တိမ်းမပ်မျှ၊ ရှစ်ရပ်မြောက်တောင်၊ လွမ်းဝေမှောင်သည်၊ တ,ယောင်ဖြေမတတ် လှသောဝ်"**

စာဆိုတော်မယ်ခွေကလည်း အားကျမခံ၊ မိန်ရာသီတပေါင်းလဖွဲ့တွင် သူမ၏ခံစားချက်ကို တင်ပြထားပါသည်။

> **"...တစ်ကိုယ်လေ့မို့၊ မွေ့မွေ့သိမ်သိမ်၊ ကြည်နူးရန်ကြိမ်လိမ့်မယ်၊ မိန်ရာသီ လတပေါင်းတဲ့၊ တစ်သောင်းလုံးစိတ်ငယ်အောင်၊ ပင်လယ်ကို ရည်မှုံမှိုင်းနှင့် မျှော်တိုင်းညို..."**

ပြဇာတ်ရေးဆရာ စာဆိုတော်ဦးကြင်ဥက တပေါင်းလ၏သာယာပုံနှင့် အလှကို စာပန်းချီရေးဖွဲ့ထားပါသည်။

> **"...ရှစ်ခွင်တိုင်း၊ မှုံမှိုင်းတဲ့ပတ်လည်၊ သဇင်ကြွင်းငယ်နှင့် အင်ကြင်းသန္တာညွှန့်ငယ်တို့၊ ဖူးကွန့်ကိုက်စည်၊ ဘမရာရွှေပိတုန်းငယ်တို့၊ ခြွေသုံးကြဝတ်ရည်၊ ညွတ်ကြည်ဖွယ့်ဖော်ကွဲ၊ ယင်းသည့်နေ့ဆိုင်၊ ရသေ့သူတော်တိုင်မှ၊ ဉာဏ်မခိုင်၊ စျာန်ယိုင်လျှောရတယ်၊ ရာသီတွင်စာညီပြော ပေပ၊ ကြော၍သာမြဲ"**

မြဝတီမင်းကြီးဦးစက နွေဖွဲ့များကို ပတ်ပျိုးသီချင်းဖွဲ့ဖြင့် သာယာနာပျော်ဖွယ် စပ်ဆိုထားခဲ့ပါသည်။

> **"သာဆန်းရဂုံဖွေ၊ ညှင်းပြည်ပြည်၊ လေပြည်လောင်း... မြယွန်းဘုံတိမ်ယံက၊ ဖန်လာမြူနိုး၊ ဖြိုးဖြိုးမှုန်ရီ အုံ့ညီတည့်ထွေထူးဆန်း၊ ပန်းလေအောင်တည့်မှ လမ်းနှင့်ရေယဉ် သောင်..."**

ကဗျာစာဆို လူဦးမင်းက တပေါင်းလဖွဲ့လေချိုးကို လွမ်းစဖွယ်ကောင်းအောင် ဖွဲ့နွဲ့သီကျူးရာတွင် ဗုဒ္ဓဘာသာဝင်တို့၏ သဲပုံစေတီတည်သည့် ဓလေ့ထုံးတမ်းစဉ်လာ၊ လယ်ယာအလုပ်သမားများ စိုက်ပျိုးရန် ပြင်ဆင်ကြပုံကိုလည်း ထည့်သွင်းထားပါသည်။

> **"...ကြူငွေသောင်မှာ၊ ယခေါင်စဉ်ရှည်၊ သဲစေတီတည်မြဲမို့၊ ရှစ်မည် ကမြူရီလျှင်၊ သရဖီရွှေလိုဝင်းလို့၊ အင်ကြင်းသန္တာညွန့်တို့၊ ဖူးကွန့် ကိုက်လှယ်... အဝှမ်းရောင်ညီး၊ ပလောင်းမီးလဲ တောင်ကြီး ငယ်သုတ်သင်၊ လုပ်ငန်းယာပြင်ကြတယ်၊ "သဘင်ကျယ်ကို လွမ်းနယ် ပုံပိုင်းလို့ တာမကျူး"**

ဤသို့ လတပေါင်းသည် ဘာသာရေးတွင် မြတ်စွာဘုရားလက်ထက် မှစ၍ အလေးမူရသည့်လ ဖြစ်ပါသည်။ တပေါင်းလ၏ သာယာကြည်နူးဖွယ် အလှကို စာဆိုတော်အများက အမွှမ်းတင်ဖွဲ့ဆိုသီကုံးကြလေ့ရှိ၍ စာပေတွင် လည်း အရေးပါ ပါသည်။

မြန်မာနိုင်ငံအတွက်လည်း အရေးပါသော လရာသီဖြစ်ပါသည်။ လွတ်လပ်ရေးသမိုင်းတွင် အထူးမှတ်တမ်းတင်ရမည့် ဖက်ဆစ်တော်လှန်ရေးကို ဤတပေါင်းလတွင် စတင်ခဲ့ပါသည်။ ပြည်သူတို့အား ဦးဆောင်ပြီး လွတ်လပ်ရေး တိုက်ပွဲဝင်ခဲ့သော တပ်မတော်အား ဂုဏ်ပြုသည့်တပ်မတော်နေ့ကို ဤတပေါင်းလတွင် ကျင်းပမြဲ ဖြစ်ပါသည်။ နိုင်ငံအများတွင် တပ်မတော်နေ့ကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကျင်းပလေ့ရှိပါသည်။ လွတ်လပ်ရေးရရှိရန်နှင့် တည်တံ့ခိုင်မြဲရေးအတွက် အသက်စွန့်ခဲ့ကြသည့် သူရဲကောင်း တပ်မတော်သားများကို သတိရ ဂုဏ်ပြုကြပါသည်။ နာဇီနှင့်ဆိုဗီယက်တို့၏ အရှုံးအနိုင်ကို ဆုံးဖြတ်ချက်ပေးသည့် ဘော်ဂါဂရက်တိုက်ပွဲတွင် နိုင်ငံအတွက် အသက်ပေးခဲ့သော သူရဲကောင်းများအတွက် ခမ်းနားစွာ တည်ထားသည့် ဗိမာန်ကြီးသို့ ကျွန်တော် ရောက်ရှိခဲ့ပါသည်။ သူရဲကောင်းတို့၏ အမည်များကို ကော်ဇောကြီးများတွင် ရက်လုပ်လွှင့်ထူထားပါသည်။ ဝါရှင်တန်ရှိ The Tomb of Unknown Soldiers°တွင် နှစ်စဉ် Memorial and Veteran Day Serviceကို ပြုလုပ်ကြပါသည်။ လန်ဒန်မြို့ ပါလီမန်အနီး White Hallလမ်းမကြီးတွင် Cenotaph သူရဲကောင်း အထိမ်းအမှတ်ကျောက်တိုင်ကို စိုက်ထူထားပြီး နှစ်စဉ် လွမ်းသူ့ပန်းခွေများချကာ ဂုဏ်ပြုကြပါသည်။ ကင်ဘာရာမြို့ Australian War Memorial ရှေ့တွင် နှစ်စဉ် Remembrance Day Ceremony ကို ကျင်းပဂုဏ်ပြုကြပါသည်။ နိုင်ငံအတွက် အသက်ပေးခဲ့သည့် သူရဲကောင်း တစ်သိန်းကျော်တို့၏ အမည်များကို ကမ္ပည်းထိုးထားပါသည်။ သံအမတ်ကြီးများကို ဖိတ်ကြားရာ ကျွန်တော် တက်ရောက်ခဲ့ပါသည်။

မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် တပေါင်းလသည် အရေးပါသောလဖြစ်ပါသည်။ သို့ပါ၍ တပေါင်းလရောက်တိုင်း ကျွန်တော် စိတ်လှုပ်ရှားရပါသည်။ ဥဩသံကို ကြားရပြီး ရော်ရွက်ဝါသစ်ရွက်များ လေမှာဝေ့၍ ကြွေကျသည်ကို ကြည့်ရင်း လွမ်းရမလို၊ တရားကျရမလိုဖြစ် လေ့ရှိပါသည်။ စာဆိုတော်ကြီးများ၏ စိတ်နှလုံးကို ဆွဲကိုင်လှုပ်နိုင်သော အလှရှိသည့် နွေဦးအလှကို ကျွန်တော်လည်း ခံစားရပါသည်။ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသော ပြည်သူနှင့် တပ်မတော်တို့၏ ဂုဏ်ဒြပ်ကို အမှတ်ရစေပါသည်။ တပေါင်းလနှင့် ကျွန်တော့် ဘဝဆက်စပ်နေသည်ဟု ဆိုရပါမည်။ တပေါင်းလသည် ကျွန်တော့်မွေးလ ဖြစ်ပါသည်။ တပေါင်းလရောက်တိုင်း ပြီးခဲ့သည့်နှစ်ကို ဆန်းစစ်ကြည့်ပြီး လာမည့်နှစ်အတွက် ကောင်းမှုလုပ်ငန်း ကုသိုလ်များ ပြုနိုင်အောင် ပြင်ဆင်ရပါလိမ့်မည်။ တပေါင်းလသည် နှစ်၏ နောက်ဆုံးလဖြစ်သလို လာမည့်နှစ်၏ အစပျိုးချိန် ဖြစ်ပါသည်။

ဤသို့ ဘာသာရေး၊ စာပေရေး၊ နိုင်ငံရေး၊ လူမှုရေးနှင့် ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုတို့တွင် အရေးပါလှသည့် တပေါင်းလကို ကျွန်တော် ချစ်ခင် မြတ်နိုးမိပါသည်။ ။

(၅၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုကြိုဆို "မင်းယောက်ျားတို့၏စကားရာဇဝင်" စာအုပ်ဖြန့်ချိ

ရန်ကုန် မတ် ၁၇

အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကိုမြှင့်တင်မည်ဟူသော ဆောင်ပုဒ်နှင့်အညီ စာကောင်းပေမွန်များကို အစဉ်တစိုက် ထုတ်ဝေလျက်ရှိသော နိုင်ငံ့ဂုဏ်ရည်စာပေတိုက်သည် စာရေးဆရာမကြီးဒေါက်တာမတင်ဝင်း ရေးသားသည့် မင်းယောက်ျားတို့၏ စကားရာဇဝင်စာအုပ်ကို (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆို ဂုဏ်ပြုထုတ်ဝေလိုက်သည်။ **(ယာပုံ)**

ထိုစာအုပ်တွင် အမိမြန်မာနိုင်ငံတော်ကို ချစ်မြတ်နိုးစောင့်ရှောက်ခဲ့သော ရှေးခေတ်မြန်မာ့တပ်မတော် ခေါင်းဆောင်များ၊ စစ်သူကြီးများ၊ သူရဲကောင်းများတို့၏ ရာဇဝင်စာတင်ထိုက်သော မြတ်နိုးဖွယ်စကားလုံးများကို ခေတ်လူငယ်များ အတုယူအားကျလာစေရန်၊ ဂုဏ်ယူမြတ်နိုးတန်ဖိုးထားလာနိုင်စေရန် စာကိုးကျမ်းကိုးအထောက်အထားခိုင်မာစွာ တင်ပြရေးဖွဲ့ထားသည့် ဆောင်းပါး ၂၁ ပုဒ် ပါဝင်သည်။ ဂူးဖရီးစက္ကူဖြူချော၊ အတွင်းသရုပ်ဖော် ဝေဝေဆာဆာ စာမျက်နှာ ၂၄၀ကျော် ပါရှိပြီး တစ်အုပ်လျှင် ရောင်းဈေး ကျပ် ၁၂၀၀ဖြင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက် ဖုန်း-၇၂၅၅၃၀၊ ၃၇၄၅၃၂၊ ပါရမီစာပေတိုက် ဖုန်း-၂၅၃၂၄၆ တို့က တစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်း သိရှိ ရသည်။ **(က-ပ)**

မတ် ၁၁ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အလုံမြို့နယ်ရုံးကကြီးမှူး၍ အလုံမြို့နယ် စောရန်ပိုင်(အနောက်) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင်နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲ ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် ပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်မမတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ဓမ္မပူဇာ ပူဇော်မည်

ရန်ကုန် မတ် ၁၇

ရန်ကုန်မြို့ ကိုးထပ်ကြီးဘုရား နဝဂုဏ ဗုဒ္ဓမာမက (နယ်လှည့်) သာသနာပြုပါရမီရှင်များသည် မတ် ၂၀ ရက် (စနေနေ့)တွင် တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး ကိုးထပ်ဘုရားဆောင်တွင် မွန်းတည့် ၁၂ နာရီ၌ (၈၆)နှစ်မြောက် လယ်တီမဟာသရဏဂုံတော်ကြီးနေ့ အထိမ်းအမှတ်အဖြစ် ဓမ္မပူဇာပူဇော်ကြမည် ဖြစ်ကြောင်း သိရသည်။

(က-ပ)

အမ်းမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၇

အမ်းမြို့နယ်အသင်း(ရန်ကုန်)မှကြီးမှူး၍ ရန်ကုန်ရောက် အမ်းမြို့နယ်သားမြို့နယ်သူများ စုပေါင်းပြီး သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၈ရက် နံနက် ၉နာရီတွင် သဃ်ာန်းကျွန်းမြို့နယ် (ဆ/ခ)ရပ်ကွက် အောင်ရာမြေ ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။ အမ်းမြို့နယ်အသင်းဝင်သူဖြစ်စေ၊ မဝင်သူဖြစ်စေ ရန်ကုန်တိုင်းအတွင်းနေထိုင်ကြသော အမ်းမြို့နယ်သားအားလုံး တက်ရောက်ပူဇော်ကြရန်နှင့် ရန်ကုန်တိုင်းအတွင်းနေထိုင်ကြသော အသက် ၈၀ နှင့်အထက် အမ်းမြို့နယ်သား အဘိုးအဘွားများသည် ဧပြီ ၄ ရက်ထက် နောက်မကျစေဘဲ အောင်ရာမြေကျောင်းတိုက် ဖုန်း-၅၇၃၃၄၇၊ ဦးကျော်ထွန်း ဖုန်း-၅၄၂၂၈၀၊ ၇၀၆၄၃၉ နှင့် ဦးအောင်ဝင်း ဖုန်း-၇၂၂၅၀၁ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တည်ငြိမ်အေးချမ်းသည့်မြန်မာနိုင်ငံသို့လာရောက်ရသည်မှာဝမ်းသာ မြန်မာလူမျိုးများ၏စရိုက်၊ယဉ်ကျေးမှုနှင့်ဖော်ရွေမှုတန်ဖိုးထား

သတင်းဆောင်းပါး-စိန်ရွှေလှိုင်၊ မောင်မောင်မြင့်ဆွေ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၇

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ကျင်းပလျက်ရှိသော (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံများ၏ ရတနာကုမ္ပဏီများမှ ရတနာကုန်သည် ၆၀၀ ခန့်နှင့် ပြည်တွင်း ရတနာကုန်သည် ၅၀၀ ခန့် ရောက်ရှိနေကြပြီး ယနေ့မှစတင်၍ ကျောက်စိမ်းများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်ဖြင့် ရောင်းချရာ အပြိုင်အဆိုင် ဝယ်ယူလျက်ရှိကြသည်။

ရတနာကုန်သည် အများအပြား လာကြလို့ (၄၁) ကြိမ်မြောက် မြန်မာ့ကျောက် မျက်ရတနာပြပွဲ အောင်မြင်ပါတယ်။

ဟောင်ကောင် မှ Lee Ming

ရတနာခန်းမတွင် ပြည်ပမှရတနာကုန်သည်များ၊ ပြည်တွင်းမှ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိရာ ကျောက်စိမ်းရောင်းချနေမှုများကို သွားရောက်ကြည့်ရှု၍ တရုတ်၊ ဟောင်ကောင်၊ ဂျပန်နိုင်ငံများမှ လာရောက်ဝယ်ယူကြသော ရတနာကုန်သည်များအား မြန်မာ့အလင်းက တွေ့ဆုံ မေးမြန်းခဲ့သည်။

ပထမဦးဆုံးဟောင်ကောင်မှ Ming Kee Jade မန်နေဂျင်းဒါရိုက်တာ Mr. Lee Mingကို တွေ့ဆုံမေးမြန်းရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နှစ်စဉ်လိုလာရောက်ခဲ့ရာ အကြိမ် (၃၀) ကျော်ပြီးဖြစ်တယ်။ မြန်မာနိုင်ငံဟာ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာတယ်လို့ဆိုရမှာဖြစ်ပါတယ်။ ဈေးဝယ်ရတာလဲစိတ်ချမ်းသာပါတယ်။မြန်မာလူမျိုးတွေဟာဖော်ရွေခင်မင်စရာ ကောင်းလှပါတယ်။ မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်နေပါတယ်။ တည်ငြိမ်အေးချမ်းမှုလဲ

တည်ငြိမ်အေးချမ်းသည့် မြန်မာနိုင်ငံကို လာရောက်ရသည်မှာ ဝမ်းသာကျေနပ်မှုများ ဖြစ်ရပါတယ်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ရှန်ဟဲမြို့မှမြန်မာ့ကျောက် မျက်ရတနာ ပြပွဲသို့ (၁၀) ကြိမ်မြောက် ရောက်ရှိသူ ရတနာကုန်သည် ကျန်ချေကျွင်း။

ရှိပါတယ်။ တည်ငြိမ်အေးချမ်းမှုရှိ၍လဲ မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ရတနာကုန်သည်တွေ အများအပြားလာခြင်းဖြစ်တယ်။

လေယာဉ်ပတ်နဲ့ ညှိနှိုင်း၍ အဆင်ပြေအောင်စီစဉ်ပေးတဲ့အတွက် သွားလာနေထိုင်ရတာ အဆင်ပြေပါတယ်။ မြန်မာပြည်မှာသွားလာနေထိုင်ရတာ ကောင်းမွန်လှပါတယ်။ မိရိုးဖလာအစဉ်အလာအရ အေးအေးချမ်းချမ်း နေတတ်တဲ့ မြန်မာလူမျိုးတို့ဓလေ့က ချစ်စရာကောင်းလှပါတယ်။ မြန်မာတို့ရဲ့ ယဉ်ကျေးမှုက ဂုဏ်ယူတန်ဖိုးထားပါတယ်။ ရတနာကုန်သည် အများအပြား လာရောက်ကြလို့ (၄၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာ ပြပွဲကြီးဟာ အောင်မြင်ပါတယ်”ဟု ပြောကြားသည်။

ဆက်လက်ပြီး ဂျပန်နိုင်ငံ Toyo ကုမ္ပဏီ ဥက္ကဋ္ဌ Mrs. Sakiko Sakakibara အား တွေ့ဆုံမေးမြန်းရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ (၂၉)ကြိမ်မြောက် လာရောက်ဝယ်ယူခြင်း ဖြစ်ပါတယ်။ (၄၁)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲမှာ အရည်အသွေးကောင်းတဲ့ ကျောက်စိမ်းများ ပြသပြီး သင့်တင့်မျှတသော ဈေးနဲ့ရောင်းချ၍ ရတနာကုန်သည်များ ဝယ်ယူရတာ အဆင်ပြေပါတယ်။ **အေးချမ်းတည်ငြိမ်တဲ့ မြန်မာနိုင်ငံမှာ ကြောက်လန့်စရာ မရှိပါဘူး။** မြန်မာနိုင်ငံမှာ သွားလာနေထိုင်ရတာ အားလုံးအဆင်ပြေ ချောမွေ့ပါတယ်။ မြန်မာလူမျိုးများရဲ့ စာနာမှု၊ ကြင်နာမှုဟာလာရောက်သူတွေအတွက် အများကြီး ကျေနပ်အားရအဆင်ပြေစေပါတယ်။ မြန်မာတို့ဟာ ပျော်ရွှင်ချမ်းမြေ့တဲ့ လူမျိုးဖြစ်လို့ ကြည်နူးဝမ်းသာ ဂုဏ်ယူစရာပါ။ မြန်မာ့ကျောက်မျက်ရတနာပြပွဲဟာ တစ်နှစ်ထက်တစ်နှစ် အဆင့်မြင့် တိုးတက်လာပါတယ်။ ကျောက်မျက် အကောင်းစားနဲ့ အများအပြားထွက်တဲ့ မြန်မာ့ကျောက်မျက် ဈေးကွက် ပိုမိုတိုးတက်လာအောင် ဆောင်ရွက်သွားဖို့ လိုပါတယ်ဟု ပြောကြားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟဲမြို့မှ ကျောက်မျက်ရတနာကုန်သည် **ယူဖူဟောင်** ကို မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့် ပတ်သက်၍ မေးမြန်းကြည့်ရာ-

“မိမိအနေဖြင့် မြန်မာ့ကျောက်မျက် ရတနာပြပွဲသို့ လာရောက်ဝယ်ယူခဲ့တာ (၁၉) ကြိမ် ရှိပြီဖြစ်ပါတယ်။ လာရောက်တဲ့ အကြိမ်တိုင်း မြန်မာ့ကျောက်မျက်ရတနာများကို ဝယ်ယူခဲ့ရာ အထူးသဖြင့် ကျောက်စိမ်းများကို ဦးစားပေးဝယ်ယူခဲ့ပါတယ်။ ယခုမြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်များ၏ ဈေးနှုန်းမှာသင့်တင့်သောဈေးနှုန်းများဖြစ်ပြီး အချို့မှာ သက်သာသောနှုန်းများ ဖြစ်ပါတယ်။ အရည်အသွေးလဲ ကောင်းမွန်ပြီး ရတနာတန်းဝင်ပစ္စည်းများဖြစ်ပါတယ်။ မြန်မာ့ကျောက်မျက်ရတနာပြပွဲရောင်းချမှု ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူရာတွင် အခက်အခဲမရှိပါဘူး။ စိမ်ချမ်းမြေ့စွာဖြင့်လွတ်လပ်စွာဝယ်ယူရလို့ ကျေနပ်ပါတယ်”ဟု ပြောကြားသည်။

ထို့ပြင် တရုတ်နိုင်ငံ ရှန်ဟဲရတနာကုမ္ပဏီလီမိတက်မှ ရတနာကုန်သည် အမျိုးသမီးတစ်ဦးဖြစ်သည့် ကျန်ချေကျွင်းကို မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချမှုနှင့်ပတ်သက်၍ မေးမြန်းရာ “မြန်မာ့ကျောက်မျက်ရတနာရောင်းချပွဲသို့ မိမိအနေဖြင့် (၁၀)ကြိမ်မြောက် ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ကျောက်မျက်များတွင် အထူးသဖြင့် ကျောက်စိမ်းကို အဓိကထားဝယ်ယူပါတယ်။ ယခုရောင်းချပွဲ၌ ဈေးနှုန်းများမှာသက်သာပြီးပြသရောင်းချတဲ့ကျောက်မျက်များ၏ အရည်အသွေးလဲ ကောင်းမွန်ပါတယ်။ ကြည့်ရှုရွေးချယ်ရသည်မှာ အားပါးတရရှိပြီး စိတ်ကြိုက်ရွေးချယ်ဝယ်ယူရသဖြင့် စိတ်ချမ်းသာရပါတယ်။

မြန်မာနိုင်ငံဟာ အေးချမ်းတည်ငြိမ်မှုအပြည့်ရှိတဲ့ နိုင်ငံဖြစ်၍ သွားလာဝယ်ယူရသည်မှာလွတ်လပ်လုံခြုံမှုရှိပါတယ်။ မိမိအနေဖြင့် မြန်မာနိုင်ငံကို သီးခြားလာရောက်လည်ပတ်ရန် အစီအစဉ်ရှိပါတယ်။ ယခု ကျောက်မျက်ရတနာပြပွဲတွင်လဲ ဝန်ထမ်းများက ဖော်ရွေစွာ ဧည့်ဝတ်ပြုကြိုဆိုပြီး လိုအပ်သမျှကူညီမှုများကြောင့် ကျောက်မျက်များဝယ်ယူရာတွင် တစ်စုံတစ်ရာ အခက်အခဲမရှိပါဖူး။ တည်ငြိမ်အေးချမ်းသည့် မြန်မာနိုင်ငံကို လာရောက်ရသည်မှာ ဝမ်းသာကျေနပ်မှုများဖြစ်ရပါတယ်ဟု ပြောကြားသွားသည်။ ထို့နောက် ဟောင်ကောင် River Company မန်နေဂျင်းဒါရိုက်တာ Mr. Lam Siukam နှင့် ဇနီး

‘စိတ်ချမ်းမြေ့စွာဖြင့်လွတ်လပ် စွာဝယ်ယူရလို့ ကျေနပ် ပါတယ်။’

တရုတ်ပြည်သူ့ သမ္မတနိုင်ငံရှန်ဟဲ မြို့မှမြန်မာ့ကျောက် မျက် ပြပွဲသို့(၁၉) ကြိမ်မြောက်ရောက် ရှိခဲ့သူ ရတနာကုန် သည် ယူဖူဟောင်။

Mrs. Leong Ka Honတို့အားမေးမြန်းရာ ကျောက်စိမ်းကို အဓိကထားဝယ်ယူပါတယ်။ ကြိုက်ပါတယ်။ မြန်မာနိုင်ငံဟာ အမျိုးအစားအကောင်းဆုံး ကျောက်စိမ်း အများအပြားထွက်ရှိတဲ့ နိုင်ငံဖြစ်၍ တရုတ်ရတနာကုန်သည်များ အထူးပင် စိတ်ဝင်စားပါတယ်။

ကျောက်စိမ်းကို တန်ဖိုးထားတဲ့ တရုတ်ရတနာကုန်သည် အများအပြား လာရောက်ကြပါတယ်။ အကြမ်းဖက် အနှောင့်အယှက်မရှိဘဲ တည်ငြိမ်အေးချမ်း၍ ချမ်းမြေ့ပျော်ရွှင်စရာကောင်းတဲ့ မြန်မာနိုင်ငံ လာရောက်ရတာ အများကြီး စိတ်ချမ်းသာပြီး ပျော်ရွှင်ချမ်းမြေ့စရာ ဖြစ်ပါတယ်။ မြန်မာ လူမျိုးတွေဟာ ချစ်စရာကောင်းပါတယ်။ မြန်မာလူမျိုးများရဲ့ စရိုက်၊ ယဉ်ကျေးမှုကို လူတိုင်း နှစ်သက်ကြပါတယ်။ ဖော်ရွေမှုကို လာရောက်သူတိုင်းက တန်ဖိုးထားပါတယ်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲကို (၁၉)ကြိမ်မြောက် ရောက်ရှိခဲ့ဖြစ်ပါတယ်။ တစ်ခေါက်ထက်တစ်ခေါက် တစ်နှစ်ထက်တစ်နှစ် မြန်မာနိုင်ငံက

မြန်မာလူမျိုးများရဲ့စာနာကြင်နာမှုက အရောက်လာရောက် သူတွေအတွက် ကျေနပ် အားရသူ။

ဂျပန်နိုင်ငံ Toyo ကုမ္ပဏီ ဥက္ကဋ္ဌ Mrs.Sakiko Sakakibara

တိုးတက် နေပါတယ်။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးများ အထူး အောင်မြင်နေ ပါတယ်ဟုပြောကြားသည်။

မြန်မာကျောက်မျက်ရတနာပြပွဲ မတ်၁၆ရက်မှ ၁၈ရက်အထိ ကျောက်စိမ်းများကို ဈေးပြိုင်စနစ်၊ တင်ဒါစနစ်များဖြင့် ရောင်းချလျက်ရှိပြီး မတ်၁၉ရက်နှင့် ၂၀ရက်တွင် ကျောက်မျက်နှင့် လက်ဝတ်ရတနာများ၊ မတ် ၂၁ရက်တွင် ပုလဲများကိုရောင်းချသွားမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

လုံးဝိုင်းပြီး ရွှေဝါရောင်ဖျော့ဖျော့ ဖြစ်သည့် ၆၉လုံးပါ ၇၃ဒသမ၂၅ မိုမီလေးသည့် ရွှေဝါရောင်ပုလဲအတွဲ။



(၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❀ ကျောဖုံးမှ

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြည်ထဲရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်မှူးချုပ်ခင်မောင်ထွန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်နှင့် ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်း၊ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များတက်ရောက်ကြသည်။

ဆက်လက်ထိန်းသိမ်း

ရှေးဦးစွာ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများ စစ်ရေးပြလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးရာတွင် စစ်ရေးပြ လေ့ကျင့်မှုများ အားရကျေနပ်ဖွယ် တွေ့ရှိရပြီး စစ်ရေးပြ တပ်ခွဲများအနေဖြင့်လည်း စစ်စည်းကမ်းကောင်းမွန်သည်ကိုတွေ့ရှိရကြောင်း၊ အလားတူ တပ်မတော်နေ့ကျင်းပရေးကော်မတီ အသီးသီးက ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကိုကျေပွန်စွာ ကြိုးပမ်းဆောင်ရွက်နေမှုကြောင့် တော်လှန်ရေးပန်းခြံ မွမ်းမံပြင်ဆင်မှုမှအစ တပ်မတော်နေ့စစ်ရေးပြအခမ်းအနားအတွက် ကြိုတင်ပြင်ဆင်မှုများ ကောင်းမွန်ပြည့်စုံနေသည်ကို တွေ့ရှိရကြောင်း၊ ကော်မတီဝင်များအနေဖြင့် ယင်းအစဉ်အလာကောင်းများကိုဆက်လက်ထိန်းသိမ်းကြရန် လိုအပ်ကြောင်း၊ ယခုအစည်းအဝေးတွင် လိုအပ်သည်များ အကြံပြုဆွေးနွေးတင်ပြကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယစစ်ရေးချုပ် ဗိုလ်မှူးကြီးခင်စိုးက (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များကို ဖတ်ကြားတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက စီမံခန့်ခွဲရေးကော်မတီ၏လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များပါဝင်စစ်ရေးပြရန် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသူများက (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးနှင့် စပ်လျဉ်း၍ အထွေထွေကိစ္စရပ်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

အမှာစကားပြောကြား

ထို့နောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေ ၄ နာရီတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို ဒုတိယအကြိမ်မြောက် အလှူငွေပေးအပ်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၇

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဒုတိယအကြိမ်မြောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မတ်၁၉ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၌ ကျင်းပမည်ဖြစ်သည်။

သို့ပါ၍ ပါဝင်လှူဒါန်းလိုသော အလှူရှင်များသည် (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဖုန်း-၀၃၁-၂၅၁၇၈နှင့် ၀၉၈၀-၃၂၉၆၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဟသ်ာတအသင်း ဂုဏာပူဇာသဘင်ကျင်းပမည်

ရန်ကုန် မတ် ၁၇

၂၀၀၄ ခုနှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခြင်းခံရသည့် ဟသ်ာတမြို့ မြစ်ကွေ့ပရိယတ္တိစာသင်တိုက်မှ စာချဂန္ထဝါစက ဆရာတော်ဘဒ္ဒန္တဝေပုလ္လအား ဟသ်ာတအသင်းက ဂုဏ်ပြုပူဇော်ပွဲ ဂုဏာပူဇာသဘင်ကို မတ် ၂၁ ရက်(တနင်္လာနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ၄၅ လမ်းရှိဟသ်ာတအသင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ဂုဏ်ပြုပူဇော်ပွဲသို့ ဟသ်ာတအသင်းသား အသင်းသူများ၊ မြို့နယ်သူမြို့နယ်သားများ မပျက်မကွက် တက်ရောက်ကြည်ညိုလှူဒါန်းပူဇော်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးမျိုးဆွေ ဖုန်း-၅၈၄၇၃၄၊ ဦးတင်အေး ဖုန်း-၆၅၀၇၂၈၊ ဦးတင်ရှိန် ဖုန်း-၂၂၀၇၈၄၊ ဦးသန်းဦး ဖုန်း-၂၉၄၄၉၈၊ ၂၅၃၁၁၀၊ ဦးလှကြည် ဖုန်း-၅၃၄၅၄၈၊ ဒေါ်ညွန့်ညွန့် ဖုန်း-၂၄၅၃၉၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၁၈-၃-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Privatization & FDI in Myanmar (ပြည်သူ့ရေးရာ)
၅:၃၀ ၉။ တိုင်းကျိုးပြည်ပြုဒို့ရေးရာ
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အချစ်လေပြည်"** (အပိုင်း-၂၆)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (အပိုင်း-၄၀)ဇာတ်သိမ်း

(၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

မြန်မာ၏ဂုဏ် ဇာတိဂုဏ်

★ အရှေ့ အနောက်၊ တောင်နှင့်မြောက်တည့်
ထက်အောက် ဝဲယာ၊ စုန်ဆန်ကာလျှင်
မြန်မာနိုင်ငံ၊ တစ်နံတစ်လျား
လှည့်လည်သွားတိုင်း
စပါး ဆန်ရေ၊ ပေါပြည့်ပေလျက်
ရွှေမှုန် ငွေခက်၊ ကြဲ၍ပက်သို့
စက်စက်ဝင်းဝင်း၊ မြလယ်ကွင်းနှင့်
အိုင် အင်း တင့်တယ်၊ မြစ်ပြင်ကျယ်နှင့်
ပင်လယ်၏လှိုင်း၊ ငွေသင်တိုင်းကို
မြင်တိုင်းရင်မှာ ကျူးရင့်ပါသည်
"ဒါ ငါတို့ပြည် ငါတို့မြေ"။
"တို့ ဘိုး ဘွား အမွေ အစစ်ပေ"။

★ ငါတို့မြေကား၊ တိုင်းရင်းသားတို့
ချစ်အားတူမျှ၊ ခိုလှုံကြလျက်
ဒေသမျိုးစုံ၊ လူမျိုးစုံသည်
ပန်းရုံရိပ်မှာ၊ လဝန်းသာသို့
ရိုးရာစုစု၊ ယဉ်ကျေးမှုလျှင်
နုလည်းနုယဉ်၊ လွင်လည်း လွင်သန့်
ခံ့လည်း ခံ့ညား၊ ရိုးသားသိမ်မွေ့
ခလေ့မျိုးစုံ၊ မြင်ရတုံသော်
ရင်ခုန်မက်စွဲ၊ ကြည်နူးမြဲမို့
ရဲမာန်ဦးစွာ၊ ကျူးရင့်ပါသည်
"ဒါတို့လူမျိုး ဂုဏ်မညှိုး"။
"နှစ်ပေါင်းရှည်ကြာ ချစ်မြတ်နိုး"။

★ သြော် . . . မြန်မာနိုင်ငံ
တစ်နံတစ်လျား၊ လှည့်လည်သွားသည့်
ပြည့်သားသစ္စာ၊ ပီသစွာလျှင်
"ဒါ . . . ငါတို့မြေ၊ တို့ချစ်ပေသို့
ဒါ . . . တို့လူမျိုး၊ တို့မြတ်နိုး၏"
တို့မျိုးတို့ပြည်၊ အဓွန့်ရှည်အောင်
တို့ပြည်ထောင်တွင်း၊ ညီနောင်ရင်းတို့
ရိုင်းပင်းလက်တွဲ၊ ခိုင်ခိုင်မြဲ၍
ရဲမာန်ခြိမ်းခြိမ်း၊ ဇွဲမာန်ဟိန်းလျက်
ထိန်းသိမ်းကွယ်ကာ၊ စောင့်ရှောက်ပါသည်
မြန်မာ၏ဂုဏ် ဇာတိဂုဏ်။
ပြည်ချစ်သားတို့ အမြဲယုံ။
ပြည်ထောင်စု၏ နိမိတ်ပုံ။ ။

(တပ်မတော်သားများအား ဝဂုဏ်ပြုလျက်)

မြင်းမူမောင်နိုင်မိုး

မိုး သတိပြု



ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီးများ ဓိဝကနယ်လှည့်ဆေးကု ရထားပေါ်၌ ဆေးကုသခန်းများကို ကြည့်ရှုစဉ်။

(ဓာတ်ပုံမှတ်တမ်း–ရွှေထူး)

❑ ကျောဖုံးမှ

ထို့ကြောင့် နိုင်ငံတော်က ချမှတ်ထားသည့် ဦးတည်ချက်များထဲမှ လူမှုရေး ဦးတည်ချက် လေးရပ်တွင် တစ်ခုအပါအဝင်ဖြစ်သည့် "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး" ဆိုသည့် ဦးတည်ချက်သည် အမှန်တကယ် လိုအပ်လှသဖြင့် ကျန်းမာရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် "လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး"နှင့် "လူတိုင်းရောဂါဘယကင်းရှင်းရေး" အတွက် ကျေးလက်ဒေသ အောက်ခြေအထိ ကျန်းမာရေးပညာပေးခြင်း၊ ရောဂါကြိုတင်ကာကွယ်တားဆီးခြင်းနှင့် ရောဂါဖြစ်ပွားလာပါကလည်း ထိရောက်စွာကုသပေးခြင်းဆိုသည့် နည်းနာသုံးရပ်ဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် ရှိကြသော ရဟန်းရှင်လူ ပြည်သူအပေါင်းကို စနစ်တကျ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိသည်။

ခေတ်မီနိုင်ငံတော်

ယနေ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရသည် နိုင်ငံတော်ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို ကျန်းမာကြံ့ခိုင်သောပြည်သူများကသာ တည်ဆောက်သွားနိုင်မည်ဖြစ်သည်။

နယ်လှည့်ခရီးစတင်

ထူးထူးခြားခြားအနေဖြင့် နိုင်ငံတော် အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်ချက်များနှင့်အညီ ကျေးလက်ဒေသ အောက်ခြေအထိ ပြည်သူလူထုအား ကျန်းမာရေး စောင့်ရှောက်မှုများ ပေးနိုင်ရေးအတွက် ရည်ရွယ်ပြီး (၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်သည့် ဓိဝကနယ်လှည့် ဆေးကုရထားတွဲကြီး စတင်အသုံးပြုခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်ဘူတာကြီး အမှတ် (၁)စင်္ကြံ၌ ကျင်းပခဲ့သည်။

အဆိုပါ ဓိဝကနယ်လှည့်ဆေးကု ရထားတွဲကြီးတွင် ရန်ကုန်မြို့ပေါ်ရှိ ဗဟိုအဆင့် ဆေးရုံကြီးများမှ ပါမောက္ခ၊ ဌာနမှူးများ၊ အထူးကု ဆရာဝန်ကြီးများ အနေဖြင့် အထွေထွေရောဂါ ဝေဒနာများအပြင် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အရိုးနှင့် အကြောအဆစ်၊ သွားနှင့်ခံတွင်း၊ ကလေးသားဖွားနှင့် မီးယပ် အထူးကု ပါရဂူကြီးများအပြင် ဓာတ်မှန်၊ ရောဂါဗေဒနှင့် မေ့ဆေး ပါရဂူကြီးများ ပါဝင်ကြပြီး အဆိုပါ ပါရဂူကြီးများကို အထောက်အကူပြုမည့် ကျွမ်းကျင် ဝန်ထမ်းများ၊ သူနာပြုများပါ စုံစုံလင်လင်ပါဝင်ကြသည်။

အခမဲ့ကုသပေးမည်

ဓိဝက နယ်လှည့်ဆေးကုရထားတွဲကြီး၌ အထူးကုဆေးရုံကြီးတစ်ရုံတွင်ရှိသည့် အင်အားအပြည့်အစုံပါဝင်ပြီး လူနာများကိုလည်း အခမဲ့ကုသပေးသွားမည်ဖြစ်သည့်အပြင် ခွဲစိတ်ကုသမှုခံယူရန် လိုအပ်မည့်လူနာများကိုလည်း ခွဲစိတ်ကုသမှုများဆောင်ရွက်ပေးသွားရန် စီစဉ်ဆောင်ရွက်ထားသည်။

အထူးကု ဆေးရုံကြီးများသို့ ညွှန်းပို့ကုသပေးရန်လိုအပ်မည့် လူနာများကိုလည်း သက်ဆိုင်ရာ ဆေးရုံကြီးများသို့ ခေါ်ယူကုသပေးသွား ရန်စီမံထားသည်။

ဝမ်းပန်းတသာကြိုဆို

ဓိဝက နယ်လှည့် ဆေးကုရထားတွဲကြီးဖြင့် ပဲခူးတိုင်း (အရှေ့) ညောင်လေးပင်ဒေသမှ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဒုတိယဝန်ကြီးသူရဦးသောင်းလွင်၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ ဦးဆောင်ပြီး အထူးကု ဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများပါဝင်သော ဓိဝကတို့အဖွဲ့သည် ယမန်နေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်ဘူတာကြီးမှ စတင်ထွက်ခွာခဲ့ပြီး ညောင်လေးပင် ဘူတာသို့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ဆိုက်ရောက်သွားရာ ပဲခူးခရိုင်နှင့် ညောင်လေးပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထန်းများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများ၏ ဘင်ခရာနှင့်ပန်းဖွားအက အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက လှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတသာ ကြိုဆိုကြသည်ကို တွေ့မြင်ခဲ့ရသည်။

ဆေးဝါးကုသပေး

ဓိဝကတို့အဖွဲ့သည် ခရီးရောက်မဆိုက်ပင် ညောင်လေးပင်မြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံ ပြည်သူလူနာများအား ရထားပေါ်ရှိ ဆေးကုသခန်းများ၌ ဆေးဝါးကုသမှု လုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

ညောင်လေးပင်ဒေသရှိ လူနာများအား ဆေးဝါးကုသမှုကို မတ် ၁၇ ရက် ညနေပိုင်းအထိ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ဓိဝကတို့အဖွဲ့သည် အခြားပြည်နယ်နှင့် တိုင်းများကိုလည်း ခရီးဆန့်ကာ မြို့ပေါ်သာမက အထူးသဖြင့် ကျေးလက်နေ ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးသွားမည့်အပြင် ကျန်းမာရေးပညာပေး ဟောပြောပွဲများလည်း အလျဉ်းသင့်သလို ပြုလုပ်သွားရန် စီစဉ်ထားရှိကြောင်း သိရသည်။

သတင်းကောင်းပါး

ယခုကဲ့သို့ ကျေးရွာအရောက် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းဖြင့် ကျေးလက်နေ ပြည်သူလူထုအတွက် အကျိုးပြုရုံသာမက ၎င်းဒေသများရှိ ဆရာဝန်များ၊ သူနာပြုများ အပါအဝင် ကျန်းမာရေးဝန်ထမ်းများအား စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်၍ ကျေးလက်ဒေသမှာပါ ကုသမှု အရည်အသွေးများ တိုးတက်မြင့်မားလာအောင် ဓိဝကတို့အဖွဲ့အနေဖြင့် တစ်ဖက်တစ်လမ်းက ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် ကျေးလက်နေပြည်သူတို့ ကျန်းမာရေးအတွက် ဓိဝကတို့လာနေပြီဖြစ်ပါကြောင်းကို မင်္ဂလာသတင်းကောင်းပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဂီတနန္ဒဝန်ဂီတပွဲတော်ကြီး မတ် ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်

ရန်ကုန် မတ် ၁၇

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီအုပ်စုလီမိတက်၏ ပံ့ပိုးမှုဖြင့် ဗိုလ်ကလေးတင့်အောင်နှင့် ဂီတလုလင်မောင်ကိုကိုတို့ဦးစီး၍ ဂီတနန္ဒဝန်ဂီတပွဲတော်ကြီးကို မတ်၁၉ရက်၊ ၂၀ရက်နှင့်၂၁ရက်တို့တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်သည်။

ယင်းဂီတနန္ဒဝန်ဂီတပွဲတော်ကြီးတွင် ဂီတလုလင်မောင်ကိုကို၊ စန္ဒရားချစ်ဆွေ၊ စန္ဒရားစိန်သောင်း၊ စန္ဒရားမောင်ရည်နွယ်၊ စန္ဒရားနီနီ၊ စန္ဒရားငွေစိုး၊ စန္ဒရားတင်လှ၊ စန္ဒရားမော်မော်ထွန်းညွန့်၊ စန္ဒရားတင်ဝင်းလှိုင်၊ စန္ဒရားမောင်လှအေး၊ စန္ဒရားဘိုတာထွန်းညွန့်၊ စန္ဒရားမျိုးနိုင်၊ စန္ဒရားမောင်ခင်လှနှင့် စန္ဒရားကွန်းဇော်စသည့် နိုင်ငံကျော်စန္ဒရားပညာရှင်များနှင့် စန္ဒရားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ အိဖြိုးပိုင်၊ အိယဉ်မွန်၊ ဖူးဖူးသန့်နှင့် အိမ့်သရသူတို့က စန္ဒရားဆိုင်ရာ အနုပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်လိမ္မာမှု ဂီတအရည်အသွေးများကို လက်စွမ်းပြသကြမည်ဖြစ်သည်။

ဤဂီတပွဲတော်ကြီးတွင် တယောကိုတင်ငွေ၏ တယောသြခက်စတြာနှင့်အတူ ခေတ်ပေါ်တူရိယာများ၊ တိမ်မြုပ်နေသော ရှေးဟောင်းမွန်၊ မြန်မာတူရိယာတီးခတ်မှုများနှင့် သုမောင်၊ ကေတုဝင်းထွဋ်၊ သန်းမြတ်စိုး၊ ရန်ပိုင်စိုး၊ ရာဇာဝင်းတင့်၊ မောင်မောင်အေး (အလင်္ကာဝတ်ရည်)၊ ဖိုးသောကြာ၊ တင်တင်မြ၊ ထား၊ ဖြူသိ၊ ရီရီသန့်၊ နှင်းရည်သန့်၊ စိုးစန္ဒာထွန်း၊ ခင်မျိုးအေး၊ ပန်းအိဖြူ၊ အိအိချွန်၊ ရွှေယမင်းဦးတို့နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် မျိုးဆက်သစ်တေးသံရှင်များ၏ တေးသံသာများကို နားဆင်ကြရမည်ဖြစ်သည်။

ထို့ပြင် မိုးဒီ၊အရိုင်းနှင့် ရန်ပိုင်စိုးတို့၏ ဟာဒယနှလုံးရွှင်ပြုံးစေမည့် ဟာသရသများကိုလည်း ရရှိခံစားနိုင်မည်ဖြစ်သည်။

ဂီတပွဲတော်ကြီး၏ဝင်ကြေးမှာ ငွေကျပ်ငါးရာ၊ တစ်ထောင်၊ နှစ်ထောင်၊ သုံးထောင်နှင့် ငါးထောင်အသီးသီးဖြစ်ပြီး ညစဉ်၇နာရီမှစ၍ ဂီတပွဲတော်ကြီးကျင်းပမည်ဖြစ်သည်။ ကြိုတင်လက်မှတ်များကို ချမ်းသာစာပေတိုက် အမှတ် ၁၂၀ ၃၄လမ်းနှင့် နေပြည်တော်ရုပ်ရှင်ရုံတို့တွင် ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဆဲဗင်းဒေးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၃)ဖြန့်ချိ

ရန်ကုန် မတ် ၁၇

ဆဲဗင်းဒေးနယူးစ် ဂျာနယ် အတွဲ(၃)၊ အမှတ်(၃)တွင် မြန်မာ–ထိုင်း ချစ်ကြည်ရေး တံတားအမှတ်–၂ တည်ဆောက်ရေးလုပ်ငန်း၊ ဘောလုံးကွင်းသစ်များ ဖော်ထုတ်၊ လူငယ်များကိုယ်ခန္ဓာနှင့် အသိဉာဏ် ဖွံ့ဖြိုးတိုးတက်စေရန် လေ့ကျင့်သင်ကြားနိုင်စသည့် ပြည်တွင်း သတင်းများနှင့် ပရိတိန်းနည်းသောဓာတ်စာ လေးဖက်နာကို ဟန့်တားနိုင်၊ အစ္စရေးမော့ဆက်အဖွဲ့ကြီး၏ အကြီးအကဲ မေယာဒါဂန်၏ လက်ကိုင်ဖုန်းအခိုးခံရ၊ အီရတ်၏ နိုင်ငံရေးပုဂ္ဂိုလ်များ ယာယီဖွဲ့စည်းပုံကို လက်ခံကြပြီ၊ တရုတ်နိုင်ငံလုပ်ဘတ်စ်ကား စင်ကာပူသို့ရောက်ပြီစသည့်နိုင်ငံတကာသတင်းများနှင့် ကုန်းပေါ်သို့ မိုင် ၆၀ ပေါက်ခဲ့သော ပင်လယ်ဖျံကြီးခေါင်း၌ ကျည်သင့်ထား ထူးထူးဆန်းဆန်း သတင်းနှင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုလျော့ပါးစေရန် ကျော့ပြန်သုံး ကွန်ပျူတာများ ပိုထုတ်သင့်၊ သိပ္ပံနှင့်နည်းပညာသတင်းများ ဝေဝေဆာဆာဖြင့် e-Empire House ဖုန်း–၇၀၃၈၁၃ က တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။ (က–ပ)

အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲအတွက် လေ့ကျင့်ရန် မြန်မာအားကစားအဖွဲ့ တရုတ်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မတ် ၁၇

၂၀၀၄ ခုနှစ် (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲနှင့် ၂၀၀၅ ခုနှစ် နိုင်ငံတကာပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် တရုတ်နိုင်ငံ၌ လရှည်လေ့ကျင့်မှုများ ပြုလုပ်ရန်အဖွဲ့ဝင်ငါးဦး ပါဝင်သော မြန်မာဝူရှူးအားကစားအဖွဲ့ **(ယာပုံ)** သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ ထွက်ခွာသွားကြသည်။

မြန်မာဝူရှူးအားကစားအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံ ဝူရှူးအားကစားအဖွဲ့ချုပ်အတွင်းရေးမှူး ဦးထွန်းမြင့်နှင့် တွဲဖက်အတွင်းရေးမှူး(၂) ဦးတင့်နိုင်တို့က လိုက်ပါဆောင်ရွက်ကြပြီး အားကစားသမားများအဖြစ် မောင်မျိုးမင်းစိုး (နဝမတန်း၊ အထက–၂၊ ဗဟန်း)၊ မောင်စိုးဝင်းသိန်း(အဋ္ဌမတန်း၊ အထက–၁၊ လသာ)နှင့် မဟန်နီကိုကို (နဝမတန်း၊ အထက–၁၊ ဒဂုံ)တို့ လိုက်ပါသွားကြသည်။

မြန်မာဝူရှူးအားကစားအဖွဲ့သည် တရုတ်ပြည်၌ အကောင်းဆုံး ထိုက်ချီသင်တန်းကျောင်းများ တည်ရှိရာ ပြည်နယ်များအနက် တစ်ခုအပါအဝင်ဖြစ်သည့် ဖူကျန့်ပြည်နယ် ဖူကျိုးမြို့၌ ထိုက်ချီအားကစားနည်းများကို ပူးတွဲလေ့ကျင့်သင်ကြားကြမည် ဖြစ်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

ပြည်နယ်နှင့်တိုင်းအသင်းလိုက်တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်

M.P.G.A နှင့် M.G.F ဥက္ကဋ္ဌတက်ရောက် ဂေါက်သီးရိုက်၍ပြိုင်ပွဲဖွင့်လှစ်

ရန်ကုန် မတ် ၁၇

အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်တို့ကကြီးမှူး၍ Isuzu Motors.,Ltd.(Japan)ကအဓိကပံ့ပိုးသည့် ၂၀၀၄ခုနှစ် (၂၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသင်းလိုက်တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်၇နာရီတွင် ရန်ကုန်မြို့ ဒညင်းကုန်း ရန်ကုန်ဂေါက်ကလပ်၌ကျင်းပရာ M.P.G.Aနှင့် M.G.F ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ M.G.Fအထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်၊ M.P.G.A အထွေထွေအတွင်းရေးမှူး ဦးချမ်းဟန်၊ ဖိတ်ကြားထားသူများနှင့် ဂေါက်သီးရိုက်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲဖွင့်ပွဲအစီအစဉ်အရပြိုင်ပွဲဝင် ၁၅သင်းမှ ဂေါက်သီးရိုက်အားကစားသမားများသည် သတ်မှတ်ထားသည့်နေရာတွင် နေယူထားကြပြီး M.P.G.Aနှင့် M.G.Fဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် M.P.G.A နှင့် M.G.F ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် Isuzu Motors.,Ltd. (Japan) မှ ဌာနေကိုယ်စားလှယ် ဦးအေးချိုတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ပထမနေ့ (၁၈) ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပြိုင်ပွဲ၏ ပထမနေ့(၁၈)ကျင်းကစားအပြီး အသင်းလိုက်အကျော့မဲ့ ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရန်ကုန်တိုင်းက Total Gross ၂၂၉ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)က Total Gross ၂၃၁ချက်ဖြင့် ဒုတိယလိုက်ပြီး၊ စစ်ကိုင်းတိုင်းက Total Gross ၂၃၄ချက်ဖြင့် တတိယလိုက်နေသည်။

အသင်းလိုက်အကျော့ပေး ပြိုင်ပွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)က Total Nett ၂၀၁ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ရန်ကုန်တိုင်းက Total Nett ၂၀၂ ချက်ဖြင့် ဒုတိယလိုက်ကာ၊ ပဲခူးတိုင်းက Total Nett ၂၀၇ချက်ဖြင့် တတိယလိုက်နေသည်။

တစ်ဦးချင်းအကျော့မဲ့ ပြိုင်ပွဲတွင် အောင်ဝင်း(စစ်ကိုင်းတိုင်း)က Total Gross ၇၃ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ခင်ဇော်ဝင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)က Total Gross ၇၄ချက် ဖြင့် ဒုတိယလိုက်ပြီး နိုင်နိုင်လင်း (ရန်ကုန်တိုင်း)က ၇၄ချက်ဖြင့် တတိယလိုက်နေသည်။

တစ်ဦးချင်းအကျော့ပေးပြိုင်ပွဲတွင် ခင်ဇော်ဝင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)က Total Nett၆၂ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ စန်းဦး(ပဲခူးတိုင်း)က Total Nett ၆၅ချက်ဖြင့် ဒုတိယရကာ၊ နိုင်နိုင်လင်း(ရန်ကုန်တိုင်း)က Total Nett ၆၅ချက်ဖြင့် တတိယလိုက်နေသည်။

ဒုတိယနေ့(၁၈)ကျင်းပြိုင်ပွဲကို မတ် ၁၇ရက် နံနက်၇နာရီခွဲတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

အလှူငွေပေးအပ်ပွဲအခမ်းအနားဖိတ်ကြားခြင်း

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်နိုင်ပါရန် အလှူရှင်များအား ဖိတ်ကြားအပ်ပါသည်။

နေ့ရက်။ ၁၉–၃–၂၀၀၄ ရက် (သောကြာနေ့)
အချိန်။ ၁၄:၀၀ နာရီ
နေရာ။ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၊ ရွှေတိဂုံဘုရားလမ်း

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ
ဖုန်း–၀၃၁–၂၅၁၇၈၊၀၉၈၀–၃၂၉၆၈။

နွေရာသီဘိလိယက်နှင့်စနူကာသင်တန်းဖွင့်

ရန်ကုန် မတ် ၁၇

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ၂၀၀၄ခုနှစ် နွေရာသီ ဘိလိယက်နှင့် စနူကာအခြေခံ အားကစားသင်တန်းကို အောင်ဆန်းအားကစားပြိုင်ကွင်းရှိ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်၌ မတ် ၁၅ ရက်မှ ဧပြီ ၉ ရက်အထိ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

အဆိုပါသင်တန်းတွင် နည်းပြဒေါက်တာသိန်းမြင့် ဦးဆောင်၍ မြန်မာ့ လက်ရွေးစင်များဖြစ်ကြသည့် ကျော်ဦးနှင့် အောင်ဆန်းဦးတို့က သင်တန်းသား ၂၀ ကျော်ခန့်အား သင်ကြားပေးလျက်ရှိပြီး သင်တန်းသားသစ်များကိုလည်း ဆက်လက်၍ လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၇

ပဲခူးတိုင်း(အနောက်ပိုင်း)မင်းလှမြို့ မဟာစည်သာသနာ့ရိပ်သာ၌(၃၈)ကြိမ်မြောက် စုပေါင်းရဟန်းခံရှင်ပြုပွဲနှင့် တရားစခန်းကို ၁၃၆၅ခုနှစ် တန်ခူးလပြည့်ကျော်၈ရက်မှ၁၄ရက်ထိဖွင့်မည်ဖြစ်ရာ ဒုလ္လဘရဟန်းနှင့် ရှင်သာမဏေဝတ်လိုသူများသည် တန်ခူးလပြည့်ကျော်၅ရက်(ဧပြီ၉ရက်)နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၀၅၂–၃၀၂၆၈သို့ဆက်သွယ်၍ သတင်းပို့စခန်းဝင်ကြရန် သာသနာ့နုဂ္ဂဟအဖွဲ့က အကြောင်းကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေထူးလွင် ဘုရားဖူးပို့ဆောင်ရေး

အများသိစေရန်
ဦးမျိုးသန့် (B.A(Law), LL.B)

Junction 8
1250 sqft, 1MBR, 2BR, A/C, WH, Blower, Ex.Ph, Tower A
Ph : 09-50-16838, 510625

ရွှေလီပိုသားစု
20%
Ph:01-578912

(1) DTP OPERATOR - GRAPHIC
GRAPHIC SOFTWARE
(2) EXECUTIVE ASSISTANT
(3) SALES / MARKETING ASSISTANT
(4) DRIVER
KYI HEIN CO., LTD. G.P.O. Box (757), Yangon

TV, VIDEO, VCD, CD, Satellite Receiver

ရန်ကုန်မြို့၊ Y.C.D.C ရန်ကင်းစင်တာ၊ အခန်းအမှတ် ၃၀၄ နေ
ဒေါ်အေးအေးသန်း ၁၂/ရကန(နိုင်)၀၅၅၅၇၂
သိစေရန်သတိပေးကြေညာချက်

ရန်ကုန်တိုင်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊တောင်လုံးပြန်ရပ်ကွက်၊အောင်မြေလမ်း၊အမှတ် ၁၃နေ ဒေါ်ပိတောက်မိုး ၁၂/ပဇတ(နိုင်)၀၀၂၁၈၃၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဒေါ်အေးအေးသန်းသည် ၂၀–၁–၂၀၀၄ရက်စွဲပါ "နှစ်ဦးသဘောတူ ငွေယုံကြည်အပ်နှံခြင်း ကတိစာချုပ်"အရ ဒေါ်ပိတောက်မိုးမှ ကူညီသည့်သဘောဖြင့် ဒေါ်အေးအေးသန်းထံ အပ်နှံထားသည့်ငွေများကို ၂၀–၂–၂၀၀၃ရက်တွင် ဒေါ်ပိတောက်မိုးအား ပြန်လည်ပေးအပ်ရန် ကတိပြုထားသော်လည်း ယခုအချိန်ထိ ပြန်လည်ပေးအပ်ခြင်းမရှိသေးပါ။

သို့ဖြစ်ပါ၍ ဒေါ်အေးအေးသန်းသည် ဤကြေညာသည့်နေ့မှ ခုနစ်ရက်အတွင်း ဒေါ်ပိတောက်မိုးထံမှ ရယူထားသောငွေများကို ပြန်လည်ပေးအပ်ရန် တောင်းဆိုပါသည်။ ပျက်ကွက်ပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–
ဦးအောင်မြင့်ဆွေ
LL.B, D.B.L, D.M.L, D.A.(Psy.)
တရားရုံးချုပ်ရှေ့နေ(၅၉၇၆)
အမှတ် ၅၀(ပ–ထပ်)၊ အခန်း(E)၊ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

99 (Ninety - Nine)
EXPORT FASHION
(EXPORT QUALITY MEN, LADIES AND KIDS WEAR)
99 Export Fashion
(20-3-2004 → 11-4-2004)
Discount (50,000/-)
99 Member Discount Card
No. 15, Bargayar Road, Sanchaung Township, Yangon.
Ph : 510625 H.P : 09 - 50 - 16838

မော်လမြိုင်မဟာမြတ်မုနိဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်နှင့် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ကျင်းပမည်

မော်လမြိုင် မတ် ၁၄

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ မဟာမြတ်မုနိဘုရားကြီး၏ နှစ်တစ်ရာပြည့်အထိမ်းအမှတ် ဗုဒ္ဓပူဇနီယပွဲတော်နှင့် နှစ်(၁၀၀)ပြည့်အခမ်းအနားကို ၁၁ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ ဧပြီ ၂၃၊ ၂၄နှင့် ၂၅ရက်တို့တွင် အသံမစဲမဟာပဋ္ဌာန်းပူဇော်ခြင်း၊ ဧပြီ ၂၆၊ ၂၇နှင့် ၂၈ရက်တို့တွင် တရားပွဲများကျင်းပခြင်း၊ ဧပြီ၂၉ရက်တွင် ရာပြည့်မဂ္ဂဇင်း စာမူဆုပေးပွဲ ကျင်းပခြင်း၊ ဧပြီ ၃၀ရက်နှင့် မေ၁၊ ၂ရက်နှင့် ၃ရက်တို့တွင် ပျော်ပွဲရွှင်ပွဲများဖြင့် ကျင်းပပြီး ရာပြည့်အခမ်းအနားကို မေ ၂ ရက်တွင် ကျင်းပမည်ဖြစ်သည်။ **(အပေါ်ပုံ)**

ဆက်သွယ်လှူဒါန်းနိုင်

ဘုရားကြီးအား ရွှေစင်ရွှေသား၆၄ကျပ်သားကျော် ပခုံးဒေါက်တော်တင်လှူပူဇော်ခြင်း၊ သမိုင်းဝင်ကျောက်စာတိုင်ဖွင့်လှစ်ခြင်းနှင့် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ဆောက်လုပ်ထားသော သိန်း၇၀၀ကျော်တန်ဖိုးရှိ ဓမ္မသာလာဆောင်တို့ကို ရေစက်ချလှူဒါန်းမည်ဖြစ်ရာ အလှူရှင်များ၊ စေတနာရှင်များနှင့် ဘာသာရေးအသင်းအဖွဲ့အစည်းများမှပုဂ္ဂိုလ်များ ဆက်သွယ်လှူဒါန်းလိုပါက မဟာမြတ်မုနိဘုရားကြီး ဖုန်း ၀၅၇-၂၁၄၄၄၊ နှစ်(၁၀၀)ပြည့်ပွဲတော် ကျင်းပရေးကော်မတီ အတွင်းရေးမှူးဦးတင်အောင် ဖုန်း ၀၅၇-၂၄၄၄၆နှင့် ငွေထိန်း ဦးစွန်စိမ်းဖုန်း ၀၅၇-၂၄၃၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဖျာပုံအထက(၃)အာစရိယပူဇော်မည်

ဖျာပုံ မတ် ၁၀

ဖျာပုံမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၊ ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယ အကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ၃ရက် နံနက် ၉ နာရီတွင် ဖျာပုံမြို့ အထက(၃)၌ ကျင်းပမည် ဖြစ် သည်။

ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် အလှူငွေများကို ရန်ကုန်မြို့တွင်ဒေါက်တာရီရီမြ ဖုန်း ၅၇၂၁၄၇၊ ဒေါ်မြင့်မြင့်သန်းလေး ဖုန်း ၀၉-၉၉ ၁၁၁၄၊ ဒေါ်စန်းစန်းမော် ဖုန်း ၅၁၁၈၄၈၊ ဦးအောင်ဦးဖုန်း ၆၈၀၇၅၅ နှင့် ဖျာပုံမြို့ အထက (၃) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာဆွေ ဖုန်း ၄၀၃၆၁၊ ဒေါ်မြင့်မြင့်သန်းကြီး ဖုန်း ၄၀၂၃၂၊ ဦးသိန်းဇံ ဖုန်း ၄၀၃၁၈ နှင့် ဒေါ်သန်းသန်းဝင်း (သန်းသန်းထမင်းဆိုင်)တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၅၈)**

စာပေဟောပြော

အုတ်ဖို မတ် ၈

အုတ်ဖိုမြို့နယ် (၁၁)ကြိမ်မြောက် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၁၁ရက်က မြို့နယ်ခန်းမ၌ ကျင်းပရာ စာရေးဆရာများဖြစ်သည့် လယ်တွင်းသားစောချစ်၊ မြင်းမူမောင်နိုင်မိုး၊ ရွှေစွန်ညိုနှင့်သားဂျာနယ်ကျော်မိုးဟိန်းတို့က စာပေရေးရာများ ဟောပြောခဲ့ကြသည်။ **(၀၇၄)**

ပဲခူး တိုင်း ပေါက်ခေါင်းမြို့ ပြည် - ပေါက်ခေါင်း ကားလေး အမြန်ယာဉ်အသင်းမှ ရီးသားသော ယာဉ်မောင်းအား ဂုဏ်ပြုပွဲကို မတ် ၄ ရက်က ပေါက်ခေါင်းကားလေး အမြန်ယာဉ်အသင်း ဂိတ်၌ ကျင်းပရာ ပစ္စည်း ပိုင် ရှင် ဦးမောင်ကြည်က ရိုးသားစွာဖြင့် ပိုင်ရှင်ထံ ငွေများပြန်လည်အပ်နှံသူ ယာဉ်မောင်းဦးလှတင်(ခ)ကိုရခိုင်အား ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။ (က-ပ)

ပန်ခါးမြေမဂ္ဂဇင်းအတွက် စာမူများပေးပို့နိုင်

မကွေး မတ် ၁၀

မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က တိုင်းအတွင်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများ၊ အကောင်အထည်ဖော်နိုင်မှုကို မှတ်တမ်းတင်ထုတ်ဝေမည့် “ဖန်ခါးမြေမဂ္ဂဇင်း”ကိုအဆင့်အတန်းမီထုတ်ဝေမည်ဖြစ်ရာ တိုင်းအတွင်း ၂၅ မြို့နယ်နှင့် မြန်မာပြည်အရပ်ရပ်မှ စာပေဝါသနာရှင်များအနေဖြင့် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု၊ ကာတွန်း၊ စာမူများကို မည်သူမဆို လာမည့် ဧပြီ ၃၀ ရက် နောက်ဆုံးထား၍ ပေးပို့နိုင်သည်။

စာမူမဂ္ဂဇင်းကြော်ငြာထည့်သွင်းလိုသူများသည် ဦးအောင်ဝင်း၊ တိုင်းအုပ်ချုပ်ရေးမှူး မကွေးတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖုန်း-၀၆၃-၂၃၁၂၁၊ ဦးခင်မောင်ဆွေ၊ အတွင်းရေးမှူး မကွေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဖုန်း-၀၆၃-၂၃၆၆၆၊ ဦးကျော်ဇောလင်း မကွေး (ဥက္ကဋ္ဌမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့) စီ/၃၃၀၊ ၁၅လမ်း၊ ကန်သာရပ်၊ ဖုန်း-၀၆၃-၂၁၇၉၁ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(၄၀၅)**

လမ်းဖောက်

မတ် ၉ ရက်က ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အရှည်ပေ ၁၇၉၅၂၀ နှင့် အကျယ်ပေ ၂၀ ရှိ တွန်ပလွန်-သရက်ကုန်-အနန်းကုန်းကျေးရွာချင်းဆက်မြေသားလမ်းဖောက်မှုလုပ်ငန်းကို အမှုဆောင် အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်နှင့်တာဝန်ခံအင်ဂျင်နီယာတို့က အနီးကပ် ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မတ် ၁၀ ရက်က ကျောက်တန်းမြို့ မြို့မဈေးမီးဘေးလုံခြုံရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ဈေးမီးဘေးလုံခြုံရေးသရုပ်ပြလေ့ကျင့်ခြင်းနှင့်မီးသတ်ဆေးဘူးအသုံးပြုနည်းသရုပ်ပြပွဲ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးကြည်တင်၊ မြို့နယ် မီးသတ်ဦးစီးဌာနမှူးဦးဉာဏ်ဝင်းနှင့် မြို့မဈေးအကျိုးတော်ဆောင်အဖွဲ့များက အနီးကပ်ကြီးကြပ်ကြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

နိဗ္ဗာန်ရောက်ရန်အကျင့်မှန် ဝိပဿနာတရားဟောကြားမည်

ထန်းတပင် မတ် ၁၃

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် တူးချောင်းကျေးရွာ ရွာမ ပဋ္ဌိပတ္တိမဟာစည်သာသနာ့ရိပ်သာနှင့် မွန်ပြည်နယ်၊ သထုံမြို့နယ် အနန်းပင်ကျေးရွာ၊ အနန်းပင်ကျောင်း၊ မဟာစည်သာသနာ့ရိပ်သာတို့၌ ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ လည်းကောင်း၊ ဧပြီ၂၁ရက်မှ ၂၇ရက်ထိလည်းကောင်း၊ ဝိပဿနာ တရားစခန်းပွဲများ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့ ညောင်ကန်အေးသာသနာ့ရိပ်သာ လက်ထောက်ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက အရှင်ဇဝနနှင့်ရန်ကုန်တိုင်း ထန်းတပင်မြို့နယ်၊ တူးချောင်းရွာ၊ ရွာမပဋ္ဌိပတ္တိမဟာစည်သာသနာ့ရိပ်သာ ပဓာနနာယက မဟာစည်နယ်လှည့်ဓမ္မကထိက ဓမ္မာစရိယ၊ တူးချောင်း ဆရာတော် အရှင်ဝိနယစာရတို့က နိဗ္ဗာန်ရောက်ရန်အကျင့်မှန် သတိပဋ္ဌာန်ဝိပဿနာတရားတော်များကိုဟောကြားမည်ဖြစ်သည်။ **(က-ပ)**

ပေါင်းတည်မြို့နယ် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို မတ် ၈ ရက်က ဟသ်ာကန် ရပ် ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ ပြည်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးသိန်းကြွယ်နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးယဉ်မောင်တို့က ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်လွင်သို့ ပေးအပ်စဉ်။ (၁၃၅)

မြန်မာ့အသံ

၁၉-၃-၂၀၀၄
(သောကြာနေ့)

နံနက်ပိုင်း

၀၇:၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာတရားတော်

နေ့လယ်ပိုင်း

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မန်အိုင်ကျေးရွာရှိ ဥစားကြက်မွေးမြူရေးလုပ်ငန်း)
၁၁:၃၅ သုတရေးရာဖြေကြားလွှာ
၁၂:၀၀ ကျန်းမာရေးနှင့် ဆေးပညာ (မျက်စိကျန်းမာရေးနှင့် အမြင်သန်စွမ်းရေး)
၁၂:၃၀ တပ်မတော်နေ့ဂုဏ်ပြု ဇာတ်လမ်းပမာ (ဘယ်ပန်းသာလို့ယဉ်)
၁၃:၁၀ ကမ္ဘာ့ဂီတ

ညနေပိုင်း

၁၆:၂၀ ကျေးလက်ဇာတ်လမ်း (ကြံကိုကြံဖြင့်ကြံကြစို့)
၁၆:၃၀ ဟောပြောချက်(သာစွမ်မွန်ပြည်နယ်)
၁၇:၃၀ ရေဒီယိုမဂ္ဂဇင်း
(၁) မျိုးချစ်တပ်မတော်(ခေါင်းကြီး)
(၂) စံပယ်ကုံးနှင့် သူ့ရဲ့အပြုံး (ဆောင်းပါးသရုပ်ဖော်)
၁၇:၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (မအိုမနာသက်တမ်းရှည်ဖို့ အယူအဆများ) (မောင်ဆုရှင်)
၁၉:၁၅ (၅၉)နှစ်မြောက် တပ်မတော်နေ့ တေးရေးပညာရှင်များနှင့်ဆွေးနွေးခန်း

တိပိဋကဓရဆရာတော်အား ချီးကျူးဂုဏ်ပြုပူဇော်မည်

ရန်ကုန် မတ် ၁၇

ပဲခူးမြို့ မင်းကျောင်းစာသင်တိုက်ကြီး၌ ကောဒသမမြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရမ္မာဝတီဆရာတော် ဘဒ္ဒန္တ ကုန္တပါလ မထေရ်အား ၁၃၆၅ခုနှစ် တန်ခူးလဆန်း ၄ ရက် မတ် ၂၄ ရက်(ဗုဒ္ဓဟူးနေ့)၌ ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို မွန်းလွဲ ၁ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ဖုန်း- ဝ၅၂၂၁၅၃၆ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကြည့်ရှုစစ်ဆေး

မတ် ၁၅ ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်တစ်ဖက်ကမ်းရှိ မြေသားလမ်းဖောက်လုပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

(ရန်ကုန်တိုင်း)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ဓာတ်ပုံ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာပိုစတာပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးကျင်းပပြုလုပ်မည့် ၂၀၀၄ခုနှစ် ဇွန် ၂၆ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ဓာတ်ပုံ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာပိုစတာပြိုင်ပွဲအတွက် စာမူနှင့်လက်ရာများအား ဖိတ်ခေါ်ပါသည်။

ပြိုင်ပွဲအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က သတ်မှတ်ထားသည့် ၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး အထိမ်းအမှတ်နေ့အတွက် မူးယစ်ဆေးဝါး ထုတ်လုပ်သုံးစွဲမှု ပပျောက်ရေးကို ဦးတည်ရည်ရွယ်လျက် အနုပညာ ရသမြောက်စွာ ဖွဲ့ဆိုသီကုံး၊ ရေးဆွဲ၊ ရိုက်ကူးရမည့် ဦးတည်ချက်ဆောင်ပုဒ်များမှာ-
   - (က) **"မူးယစ်ဆန့်ကျင် အောင်ပွဲဆင်"**
   - (ခ) **"စိတ်ထားကြံ့ခိုင် ပန်းတိုင်ချီတက် အောင်ပွဲဆက်"**
   - (ဂ) **"ပြုစုကုသ အောင်ပွဲရ မူးယစ်ကင်းစင်ဘဝ"** (Treatment Works)တို့ ဖြစ်ပါသည်။

(၂) ဝတ္ထုတိုပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာ ထားရှိ၍ စာမူကို လက်နှိပ်စက်ဖြင့် ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့် မိတ္တူတစ်စောင် တင်သွင်းရမည်။ စာလုံးရေကန့်သတ်ချက်မှာ ၃၀၀၀ မှ ၅၀၀၀ အတွင်း ဖြစ်ပါသည်။

(၃) ဆောင်းပါးပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာ ထားရှိ၍ စာမူကို လက်နှိပ်စက်ဖြင့် ဖြစ်စေ၊ လက်ရေးဖြင့် ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့်မိတ္တူတစ်စောင် တင်သွင်းရမည်။ စာလုံးရေကန့်သတ်ချက်မှာ ၃၀၀၀မှ ၅၀၀၀ အတွင်း ဖြစ်ပါသည်။

(၄) တေးသီချင်းပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာ ထားရှိ၍ တစ်ဦးချင်း (သို့မဟုတ်) အဖွဲ့နှင့် သီဆိုနိုင်သော တေးသီချင်းဖြစ်ပြီး ကိုယ်ပိုင်သံစဉ် တေးသွားသီချင်းသစ် ဖြစ်ရမည်။ သံစဉ်ရေးစာသားပါ အကြောင်းအရာတင်ပြပုံ၊ ဦးတည်ချက်မှန်ကန်၍ ထိရောက်ရပါမည်။ ပြိုင်ပွဲဝင်မည့် တေးသီချင်းအား ကက်ဆက်ခွေဖြင့် အသံသွင်းပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင် တေးသီချင်းတစ်ပုဒ်သာ ယှဉ်ပြိုင်ခွင့် ပြုပါမည်။ ပြိုင်ပွဲဝင်မည့် အပြီးသတ် အချောသွင်းထားပြီး ဖြစ်သော ကက်ဆက်ခွေ Master ခွေနှင့်အတူ စာသားလက်နှိပ်စက် မိတ္တူနှစ်စောင်ကို ဂီတသင်္ကေတမူရင်း တစ်ရွက်နှင့်အတူ ပေးပို့ရမည်။

(၅) ကဗျာပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ စာမူကို လက်နှိပ်စက်ဖြင့် ဖြစ်စေ၊ လက်ရေးဖြင့် ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့်မိတ္တူတစ်စောင် တင်သွင်းရမည်။ ပြိုင်ပွဲဝင်ကဗျာသည် စပ်ထုံးစပ်နည်းမှန်ကန်ပြီး စာကြောင်းရေ ၅၀ မှ ၁၀၀ အတွင်း ရှိရမည်။

(၆) ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲနှင့်ပတ်သက်၍ အသက် ၁၀ နှစ် အောက်၊ ၁၀နှစ်မှ ၁၅ နှစ်အောက်၊ ၁၅နှစ်မှ ၂၀ နှစ်အောက်၊ အသက် ၂၀ နှစ်အထက်ဟူ၍ လေးဆင့်ယှဉ်ပြိုင်ခွင့်ပြုပါသည်။ အသက် အထောက်အထားအတွက် သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် ပြည်နယ်၊ တိုင်း၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များက ဦးစီးကျင်းပမည့် လက်တွေ့ရေးဆွဲယှဉ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရပါမည်။ ရေးဆွဲမည့် စက္ကူယူလာရန်မလို၊ နှစ်သက်ရာဆေးကို ယူလာပြီး နှစ်သက်ရာ ရေးနည်းဖြင့် သရုပ်ဖော်ရေးဆွဲ၍ အောက်ခြေတွင် လက်မှတ်ရေးထိုးရမည်။

(၇) ဓာတ်ပုံပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာ ထားရှိ၍ ပြိုင်ပွဲဝင်တစ်ဦးလျှင် ၁၀ X၁၄ လက်မအရွယ် ဆေးရောင်စုံဓာတ်ပုံလေးပုံအထိ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ မည်သည့် ကင်မရာအမျိုးအစားနှင့်မဆို ရိုက်ကူးယှဉ်ပြိုင်နိုင်သည်။ မိမိကိုယ်တိုင်ရိုက်ကူးထားသော ပုံဖြစ်ရမည်။ အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသောပုံ မဖြစ်စေရ။ ပြိုင်ပွဲဝင်တစ်ဦးလျှင် ဆုကြီးတစ်ဆုနှင့် အထူးဆုနှစ်ဆုအထိသာ ခံစားခွင့်ရှိသည်။ (မှတ်ချက်-ပြိုင်ပွဲဝင်ဓာတ်ပုံများ၏ နောက်ကျောတွင် ဓာတ်ပုံပညာရှင်၏ အမည်၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ မိမိကိုယ်တိုင်ရိုက်ကူးပြီး ဆုမရရှိဖူးသေးကြောင်း ဝန်ခံချက်အား ဓာတ်ပုံတစ်ပုံချင်း၏ နောက်ကျောတွင် ရေးသား လက်မှတ်ရေးထိုး၍ ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းတို့အား ပူးတွဲလျက်ပေးပို့ရမည်။

(၈) ကွန်ပျူတာပန်းချီပြိုင်ပွဲကို ပြည်နယ်၊ တိုင်းအလိုက် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်ဟူ၍ နှစ်ဆင့်ခွဲ၍ ကျင်းပပြုလုပ်ရမည်ဖြစ်ပြီး အထက်တန်းအဆင့်အတွက် (၈၊ ၉၊ ၁၀) တန်းကျောင်းသူကျောင်းသားများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အလယ်တန်းအဆင့်အတွက် (၅၊ ၆၊ ၇) တန်း ကျောင်းသူ ကျောင်းသားများ ပါဝင်ယှဉ်ပြိုင်နိုင်၍ အောက်ပါ စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်။
   - (က) ကွန်ပျူတာ ပန်းချီပြိုင်ပွဲကို IBM ကွန်ပျူတာအမျိုးအစားဖြင့် ရေးဆွဲရန်၊ (Software Programme ကို Corel-draw, Photoshop, Clarif office ကြိုက်ရာ တစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်ပါသည်။)
   - (ခ) ရေးဆွဲချိန် နှစ်နာရီ သတ်မှတ်ရန်၊
   - (ဂ) Floppy Disc နှစ်စုံကူးယူ၍ ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ ထောက်ခံချက်ဖြင့် မူးယစ်ဗဟိုရုံးသို့ ပေးပို့ရမည်။ (ရေးဆွဲသည့်ပုံကို ဓာတ်ပြားတစ်ချပ်တည်း၌ ထည့်သွင်းနိုင်ရန်အတွက်သိမ်းဆည်းရာတွင် Win ZIP ဖြင့် EXE ပုံစံနှင့်အကျဉ်းချုံ့၍ ပို့သင့်ပါသည်။)
   - (ဃ) ရန်ကုန်တိုင်းအတွင်းမှ ကွန်ပျူတာပန်းချီပြိုင်ပွဲအား ကွန်ပျူတာ တက္ကသိုလ်တွင် မေ ၂၂ရက် နံနက် ၉နာရီမှ ၁၁ နာရီအထိ ကျင်းပသွားမည်။

(၉) ကွန်ပျူတာဒစ်ဂျစ်တယ် ပိုစတာပြိုင်ပွဲအား ပြည်နယ်၊ တိုင်းများတွင် အသက် (၁၅)နှစ်အထက် အလွတ်တန်းတစ်တန်းတည်း ပြိုင်ပွဲဝင်တစ်ဦးလျှင် တစ်ပုံသာ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ကွန်ပျူတာ ဒစ်ဂျစ်တယ်ပိုစတာပြိုင်ပွဲဝင် CD များအား ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ ထောက်ခံချက်ဖြင့် မူးယစ်ဗဟိုရုံးသို့ ပေးပို့ရပါမည်။

(၁၀) ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာပြိုင်ပွဲတို့တွင် ပြိုင်ပွဲဝင်တစ်ဦးလျှင် စာမူတစ်စောင်သာ တင်သွင်းနိုင်ပြီး ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာပိုစတာပြိုင်ပွဲများတွင်လည်း ပြိုင်ပွဲဝင်တစ်ဦးလျှင်တစ်ပုံသာ ပေးပို့ယှဉ်ပြိုင်ခွင့်ရှိသည်။

(၁၁) ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာပိုစတာပြိုင်ပွဲဝင်များအနေဖြင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်းချုပ်၊ မိမိကိုယ်တိုင် ရေးဆွဲခြင်းဖြစ်ကြောင်း၊ မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်း ဝန်ခံချက်စသည်တို့ကို ပူးတွဲပေးပို့ရမည်။

(၁၂) ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲအတွက် ပြည်နယ်၊ တိုင်းများမှ ဝင်ရောက်ယှဉ်ပြိုင်သူများသည် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် ပြည်နယ်၊ တိုင်းအလိုက် ပြိုင်ပွဲများမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ ပြည်နယ်၊ တိုင်းများအနေဖြင့် သင့်လျော်သည့်နေ့ရက်သတ်မှတ်ပြီး ကျင်းပကြရမည်။

(၁၃) ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲတွက် ရန်ကုန်တိုင်းမှ ဝင်ရောက်ယှဉ်ပြိုင်မည့်သူများသည် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ပြတိုက်တွင် မေ ၂၅ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအထိ ကာတွန်း၊ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ပန်းချီနှင့် မေ ၂၆ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ပိုစတာ လက်တွေ့ရေးဆွဲယှဉ်ပြိုင်ကြရမည် ဖြစ်ပါသည်။

(၁၄) ပြိုင်ပွဲဝင်ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစာမူများ၊ တေးသီချင်းများနှင့် ဓာတ်ပုံလက်ရာများကို ဒုတိယရဲမှူးကြီးဝတင် မူးယစ်ဗဟိုရုံး၊ ပြည်ထဲရေး ဝန်ကြီးဌာန [ဆရာစံလမ်းနှင့် စက်မှု(၁)လမ်းထောင့်]၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ပြိုင်ပွဲအလိုက် သတ်မှတ်နေ့ရက်များအရောက် တိုက်ရိုက်ပေးပို့ရမည်။ ပြိုင်ပွဲဝင် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာပိုစတာ လက်ရာများကို သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ တစ်ဆင့် ထောက်ခံချက်ဖြင့် အထက်ပါလိပ်စာအတိုင်း သတ်မှတ်နေ့ရက်အရောက် ပေးပို့ရမည်။

(၁၅) ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများအား မူးယစ်ဗဟိုရုံးသို့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည့်နေ့ရက် သတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။
   - (က) ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ မေ ၂၀ ရက် အရောက်၊
   - (ခ) တေးသီချင်းများ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာ မေ ၂၅ ရက် အရောက်။

(၁၆) စာမူ၊ တေးသီချင်းလက်ရာများကို ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများအဖြစ် ရွေးချယ်မည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသော စာမူနှင့် လက်ရာများကို ၂၀၀၄ ခုနှစ် ဇွန် ၁၈ ရက်တွင်ကြေညာ၍ ဆုရသူများကို ၂၀၀၄ ခုနှစ် ဇွန် ၂၄ ရက်တွင် ရန်ကုန်မြို့သို့ ဖိတ်ခေါ်ပြီး ၂၀၀၄ ခုနှစ် ဇွန် ၂၆ ရက်တွင် အခမ်းအနားဖြင့် ဆုချီးမြှင့်မည် ဖြစ်ပါသည်။

(၁၇) ရွေးချယ်ခြင်းမခံရသော စာမူများ၊ လက်ရာများ၊ တေးသီချင်းများကို ပြန်လည်ပေးပို့မည် မဟုတ်ပါ။

သတင်းထုတ်ပြန်ရေးကော်မတီ။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက် အဆိုပြုလွှာများ တင်သွင်းရန်
ကြေညာချက် (၂/၂၀၀၄)
ရန်ကုန်မြို့၊ ၁၃၆၅ ခုနှစ် တပေါင်းလပြည့်ကျော် ၇ ရက်
(၂၀၀၄ ခုနှစ် မတ်လ ၁၂ ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအနက်မှ ၂၀၀၄ခုနှစ် (ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလ)များအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များ၊ လစ်လပ်သတ်မှတ်လုပ်ကွက်များ၊ လစ်လပ်ဖော်ထုတ်လုပ်ကွက်များနှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ အကွက်ရိုက် သတ်မှတ်ထားသော လုံးခင်း၊ဖားကန့်ဒေသ သတ်မှတ်လုပ်ကွက် (အသစ်)များနှင့် နန့်ယားဆိပ်ဒေသ သတ်မှတ်လုပ်ကွက်(အသစ်)များကို မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ ပုဒ်မ-၁၂၊ ပုဒ်မ-၁၃၊ ပုဒ်မ-၁၅ တို့နှင့်အညီ နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ကျောက်မျက်ရတနာလုပ်ကွက်များအား ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်) အတွက် အာမခံစပေါ်ငွေ (Deposit) ကျပ်တစ်သိန်း ပေးသွင်းရပါမည်။ အာမခံစပေါ်ငွေများအား ခွင့်ပြုမိန့်ထုတ်ပေးမည့် လုပ်ကွက်အတွက် အဆိုပြုငွေများ ပေးသွင်းရာတွင် အဆိုပြုငွေမှ ခုနှိမ်ပေးသွင်းခြင်း၊ ခွင့်ပြုမိန့်မရသူများအား ပြန်လည်ထုတ်ပေးခြင်းစသည်တို့အား ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေး လုပ်ငန်းကော်မတီမှ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာတူးဖော်လုပ်ကိုင်လိုသည့် ကုမ္ပဏီများသည် သင်းဖွဲ့မှတ်တမ်းအရလည်းကောင်း၊ သမဝါယမအသင်းများသည် အသင်းစည်းကမ်းအရလည်းကောင်း၊ ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိမည့်အပြင် ကုမ္ပဏီ၊ အသင်းသည် ရန်ကုန်မြို့၌ ရှိရပါမည်။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားဆဲဖြစ်ပါက သက်ဆိုင်ရာအထောက်အထား စာရွက်စာတမ်းများ တင်ပြလျှောက်ထားနိုင်ပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ၊အသင်းများအနေဖြင့် ခွင့်ပြုမိန့်ရရှိထားသည့် ကျောက်မျက်ရတနာလုပ်ကွက်များကို တရားမဝင်လွှဲပြောင်းခြင်း မပြုရန်နှင့် သတ္တုတွင်းဝန်ကြီးဌာနမှ ၁၉၉၉ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၉၉)အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ သတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်တစ်ကွက်အတွက် မြေအကျယ်အဝန်းမှာ တစ်ဧကဖြစ်ပါသည်။ သို့ရာတွင် တူးဖော်ထုတ်လုပ်ပြီး သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များ၊တူးဖော်ထုတ်လုပ်ဆဲ သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များအနေဖြင့် တူးဖော်မှုနှင့် ရာသီဥတုကြောင့် လုပ်ကွက်နယ်မြေအကျယ်အဝန်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက သတ္တုတွင်းဝန်ကြီးဌာန ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့် ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီက ညှိနှိုင်းဆုံးဖြတ်ခြင်းကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ သတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက် ခွင့်ပြုသက်တမ်းကာလမှာ သုံးနှစ်ဖြစ်ပြီး အနည်းဆုံး ပေးသွင်းရမည့် အဆိုပြုငွေမှာ ကျပ် ၁၀ သိန်းဖြစ်ပါသည်။ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့် ထုတ်ပေးမည်ဖြစ်၍ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းမည့် အဆိုပြုငွေကို ဂဏန်းဖြင့်သာမကဘဲ စာသားဖြင့်ပါ တိတိကျကျ ဖော်ပြရမည်ဖြစ်ပါသည်။

၅။ မိမိတို့တူးဖော်လိုသည့် သတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်များကို လုပ်ကိုင်မည့်ပုဂ္ဂိုလ်များကိုယ်တိုင် ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီးမှသာ လုပ်ကိုင်မည့်သူကိုယ်တိုင် လက်မှတ်ရေးထိုး၍ အဆိုပြုလွှာများ တင်သွင်းရန်ဖြစ်ပါသည်။ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိပြီးနောက်မှ ကျောက်မျက်တူးဖော် ထုတ်လုပ်ရန် မြေမှန်မရှိခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးဖော်ပြ၍ ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေများနှင့် နိုင်ငံတော်သို့ပေးသွင်းပြီးသော အဆိုပြုငွေများကို ပြန်လည်ထုတ်ပေးရန်၊ လုပ်ကွက်နေရာပြောင်းလဲ ပေးရန် တင်ပြခြင်းများကို ခွင့်ပြုမည်မဟုတ်ပါ။ ၎င်းအပြင် အဆိုပြုလွှာများ တင်သွင်းရာတွင် လုပ်ငန်းမှတ်ပုံတင်ခြင်းမရှိသည့် အဆိုပြုလွှာများနှင့် ပြည့်ပြည့်စုံစုံဖော်ပြခြင်း မပြုသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာ ပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာများထုတ်ယူခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် ၂၀၀၄ ခုနှစ် မတ်လ ၁၅ ရက်မှစ၍ အမှတ် (၆၆) ကမ္ဘာအေးစေတီလမ်း၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများ ပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာများထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာ တင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ (မကလ-၂)နှင့် ပုံစံ (သမ-၁)တို့ တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ (မကလ-၅)နှင့် ပူးတွဲပုံစံ (ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင်ချိပ်ထိုးပြီး ၂၀၀၄ ခုနှစ် မတ်လ ၁၅ရက်မှ ၂၀၀၄ ခုနှစ် ဧပြီလ ၇ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) အမှတ် (၆၆) ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၇။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) ရန်ကုန်မြို့တွင်လည်းကောင်း၊ မိုးကုတ်နှင့် လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်၊ ကျောက်စိမ်းတူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့် မိုင်းရှူး/လွိုင်ဆောင်ထောက်တွင် အခြေပြုသည့် ကျောက်မျက်ကျောက်စိမ်းစခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊
စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ။

ရန်ကုန်တက္ကသိုလ်(၁၉၇၉)ခုနှစ်
ဥပဒေပညာဘွဲ့ရသူများ
အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန်တက္ကသိုလ် ၁၉၇၉ ခုနှစ် ဥပဒေပညာဘွဲ့ရများ၏ (၂၅)နှစ်မြောက်ဘွဲ့ရအထိမ်းအမှတ် အာစရိယပူဇော်ပွဲအခမ်းအနားကို ၂၀၀၄ခုနှစ် မတ်လ(၂၀)ရက် စနေနေ့နံနက် ၁၀:၀၀နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါသဖြင့် မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးစောစံလင်း-၅၇၂၇၈၄၊ ဦးမြဟန်-၅၃၈၃၃၂၊၀၉-၅၀ ၂၀၉၈၁ ဦးအောင်မြင့် ၆၈၀၂၄၁၊ ၂၂၆၄၀၁၊ ဦးမိုးဟိန်း-၇၂၅၉၁၂၊ ဦးခင်မောင်လေး-၀၉-၅၀ ၀၅၀၈၁၊ ဒေါ်မေထား - ၀၉-၅၀ ၀၀၃၉၃၊ ဒေါ်သင်းသင်းမြိုင်- ၂၈၃၉၄၄၊ ၂၅၀၆၉၉

အာစရိယပူဇော်ပွဲအခမ်းအနားကျင်းပရေးကော်မတီ
၁၉၇၉ ခုနှစ် ဥပဒေပညာဘွဲ့ရများ

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊
နည်းဥပဒေ ၂၀
တာမွေမြို့နယ်တရားရုံး
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၃

ဦးလှဌေး **နှင့်** **ဦးမြစိန်**
အမှတ် (၁၈) ၁၄၉လမ်း | အမှတ် (၂၂) ဗိုလ်တထောင်လမ်း
ပျားရည်ကုန်းရပ်ကွက် | ဗိုလ်တထောင်မြို့နယ်
တာမွေမြို့နယ်၊ ရန်ကုန်မြို့ | ရန်ကုန်မြို့
တရားလို **တရားပြိုင်**

(ယခုနေရပ်လိပ်စာမသိ၊ တရားပြိုင်ဦးမြစိန်သိစေရမည်။)

သင့်အပေါ်၌ တရားလိုဦးလှဌေးက မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၄ခုနှစ် မတ်လ ၃၀ရက် (၁၃၆၅ခုနှစ် နှောင်းတန်ခူးလဆန်း ၁၀ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏စွဲချက်ကိုထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။

၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည့်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ (သို့တည်းမဟုတ်)သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ် မတ်လ ၁၅ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဦးကြည်စိုး(L.L,B)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
တာမွေမြို့နယ်တရားရုံး။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်
အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။ **အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ် ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂**

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၁၂၈

ရိုးမဘဏ်လီမိတက် **နှင့်** ဦးထွန်းထွန်းဝင်း
(၎င်း၏လ/ထအထွေထွေ
မန်နေဂျာ-ဦးသိန်းမောင်)
တရားလို **တရားပြိုင်**

ဦးထွန်းထွန်းဝင်း၊ အမှတ် ၃၃၊ ၁၄၈ လမ်း၊ ပျားရည်ကုန်းရပ်ကွက်၊ ကျောက်မြောင်း (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌ တရားလို ရိုးမဘဏ်လီမိတက် (၎င်း၏လ/ထ အထွေထွေမန်နေဂျာ- ဦးသိန်းမောင်) က ရိုးမကတ်ဖြင့်သုံးစွဲထားသောငွေကျပ် ၄၅၀၄၆၇၀ ၇၃ ပြားရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် ဧပြီလ ၂ ရက်(၁၃၆၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၃ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်၍စစ်ဆေးသွားမည်ဖြစ်သည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် မတ်လ ၈ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သိန်းသိန်းညွန့်
တွဲဖက်တိုင်းတရားသူကြီး(၆)
ရန်ကုန်တိုင်းတရားရုံး။



သန်လျင်မြို့နေ မောင်အေးမြင့်သိစေရန်
သန်လျင်မြို့ ကောင်စီလမ်း အမှတ်(၃)နေ (အဖ)ဦးမောင်မြင့်၏သားဖြစ်သူ မောင်အေးမြင့် ၁၂/မတထ(နိုင်) ၀၀၉၆၄၁ ကိုင်ဆောင်သူအား သိစေအပ်သည်မှာ-

လူကြီးမင်းက ကျွန်ုပ်အမှုသည်ထံ ရောင်းချခဲ့သော မော်တော်ယာဉ်နှင့်ပတ်သက်၍ ကျွန်ုပ်အမှုသည်ထံ ခုနစ်ရက်အတွင်း လာရောက်ရှင်းလင်းပေးအပ်ရန်။ အကယ်၍ လိုက်နာခြင်းမရှိပါက ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ဒေါ်နီနီစိန် ၁၂/ဗဟန(နိုင်) ဝ၇၂၇၅၀၏
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်သိန်း B.A (Law) LL.B, D.B.L, D.M.L
တရားရုံးချုပ်ရှေ့နေ
အမှတ်(၁) ဘဏ်လမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၅၄၁၆၉

အများသိစေရန် ကြော်ငြာချက်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ဗဟန်းမြို့နယ် ရွှေဂုန်ရိပ်မွန်အိမ်ရာရှိ တိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှ ရရှိထားပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းအား ဝယ်ယူထားသူက အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသည့်အတွက် အမည်ပြောင်းလဲပေးခြင်းနှင့် ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

စဉ်	မူလပိုင်ရှင်အမည် မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူအမည် မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။ ၂။	ဦးဝင်းစိန် အင်န်/အိုကေအေ ၀၂၇၃၀၁ ဦးစိုး အေဒီ-၀၁၉၈၆၁	ဒေါ်ခင်ကျော့ ၁၂/ကမတ(နိုင်)၀၀၈၃၉၄	တိုက်-၁၁၊ အခန်း-၂ ရွှေဂုန်ရိပ်မွန်အိမ်ရာ

ဌာနမှူး အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ပျောက်ဆုံး
Six Golden Doves Co.,Ltd. ၏ ကုမ္ပဏီ မှတ်ပုံတင်လက်မှတ် (၉၅၂/၂၀၀၀-၀၁) ၁၃-၁၂-၂၀၀၀ နှင့် ထုတ်ကုန် သွင်းကုန်လက်မှတ်အမှတ် ၁၃၈၅၅ ၈-၁၂-၂၀၀၁တို့ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ညွှန်ကြားချက်အရ-
ဦးသိန်းရွှေ (တရားရုံးချုပ်ရှေ့နေ)
ဖုန်း-၀၁-၅၇၀၀၆၇

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
ရန်ကုန်တိုင်းတရားရုံး
တွဲဖက်တိုင်းတရားသူကြီး(၁၂)
၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၉၆၆

ဦးဇော်သိန်း **နှင့်** ၁။ ဦးမိုးကျော်ဇော
(၎င်း၏အခွင့်ရကိုယ်စားလှယ် ၂။ ဦးကျော်ဇေယျ
ဦးဝင်းသိန်း)
တရားလို **တရားပြိုင်များ**

တိုက်-အေ/၅၀၁၊ ရေတာရှည်လမ်းသစ်၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဦးမိုးကျော်ဇောနှင့် ဦးကျော်ဇေယျ သိစေရမည်။

သင့်အပေါ်၌ ဦးဇော်သိန်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးဝင်းသိန်း) က ငွေကျပ်-၇၅၀၀၀၀၀/-(ကျပ်ခုနစ်ဆယ့်ငါးသိန်းတိတိ) ရလိုမှုရလိုကြောင်းနှင့် လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ်ဧပြီလ ၅ ရက်(၁၃၆၅ ခုနှစ် နှောင်းတန်ခူးလဆုတ် ၁ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်များနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် မတ်လ ၁၀ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်လှမြင့်
တွဲဖက်တိုင်းတရားသူကြီး(၁၂)
ရန်ကုန်တိုင်းတရားရုံး

ဝမ်းနည်းကြေကွဲခြင်း
ဦးညွန့်ဦး (၄၈)နှစ်
Chief Officer MV Timber Star Skyline Ship Management TTC ကျောင်းသားဟောင်း

သူငယ်ချင်းကိုညွန့်ဦးသည် ၁၀-၃-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)တွင် ဂျပန်နိုင်ငံ KOKURAမြို့၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **၁၉၆၁-၇၃ TTCကျောင်းသား ကျောင်းသူဟောင်းများ။**



ကန့်ကွက်နိုင်ပါသည်
ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သမိုင်း၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅မှ မြေကွက်အမှတ် ၁/ခ[၂၃၁]၊ ဧရိယာ စတုရန်းပေ(၂၇၈၉)၊ ဧက ဝဒသမ ၆၄ ရှိ မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ကျွန်ုပ်တို့၏မိတ်ဆွေများက လက်ရှိအမည်ပေါက် ပိုင်ရှင် ဒေါ်မြမြအေး၏ တရားဝင်ကိုယ်စားလှယ်စာရထားသူ ဦးသန့်ဇင် ၁၂/ဗဟန (နိုင်) ၀၄၆၃၄၂ ထံမှ ဝယ်ယူမည်ဖြစ်ပါသည်။ အကျိုးသက်ဆိုင်သူရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှကို B.A.,R.L., Dip in Business Law
တရားရုံးချုပ်ရှေ့နေ
ဦးစိုးနိုင် B.A., (Law)., LL.B
အကျိုးဆောင်ရှေ့နေ(ဥပဒေ-ငြိမ်း)
၄၆(ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ရန်ကုန်မြို့
ဖုန်း-၂၈၇၆၀၁

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်ရီ
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၄၄၊ ကျိုက္ကဆံလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ ရာသက်ပန်အသင်းဝင် ဦးမြင့်ဆွေ၏မိခင်သည် ၁၃-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၀၄ ရက်တွင် ထိန်ပင်သုသာန်၌သင်္ဂြိုဟ်ပြီးစီးကြောင်းအသင်းဝင်များ သိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့။

(၅၉)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုလျက်
မြန်မာအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက်၏ပံ့ပိုးမှုဖြင့်
ဗိုလ်ကလေးတင့်အောင်နှင့်ဂီတလုလင်မောင်ကိုကိုတို့ ဦးစီး၍
စန္ဒရားပညာရှင်ကြီးများ စုစည်းတင်ဆက်သည့်

ဂီတနန္ဒဝန် စန္ဒရားပဒေသာပွဲကြီး

အချိန် – ည(၇)နာရီတိတိ
နေ့ရက် – ၂၀၀၄ခုနှစ် မတ် ၁၉၊ ၂၀ နှင့် ၂၁ ရက်
နေရာ – အမျိုးသားကဇာတ်ရုံ၊ မြို့မကျောင်းလမ်း၊ရန်ကုန်မြို့
(ကြိုတင်လက်မှတ်စတင်ရောင်းချနေပါပြီ၊ မေတ္တာလက်မှတ် လုံးဝမပေးပါ)
ကြိုတင်လက်မှတ်ရောင်းချမည့်နေရာ – နေပြည်တော် အဆင့်မြင့် ရုပ်ရှင်ရုံနှင့် ချမ်းသာစာပေတိုက်၊ အမှတ် ၁၂၀၊ ၃၄လမ်း(အလယ်)၊ ရန်ကုန်မြို့။

The Hotel @ Ngapali Beach ၏

သင်္ကြန်တွင်း (၁၀–၄–၂၀၀၄)မှ (၁၈–၄–၂၀၀၄)
အခန်းခ အထူးနှုန်းထားများမှာ

Economy	-	ks 17000	(တစ်ယောက်နှုန်း)
Standard	-	ks 45000	(နှစ်ယောက်ခန်း)
Superior	-	ks 60000	(နှစ်ယောက်ခန်း)
Deluxe	-	ks 80000	(နှစ်ယောက်ခန်း)

အထက်ပါဈေးနှုန်းများမှာ နံနက်စာနှင့်ညစာ ဘူဖေးအပါအဝင်ဖြစ်သည်။
ဆက်သွယ်ရန် ဖုန်း–၂၁၁၈၈၈၊ ၂၁၁၉၆၆ Ext ၂၀၃,၂၀၄,၁၉၂
လိပ်စာ Room No.203 Sumit Park View Hotel Building.

[illegible]

DI အတာနှစ်ဦးကို ကြိုပြီ

ဗိုတောက်ပွင့်တွေနှင့်အတူ အတာသင်္ကြန်ကြိုမည့် DI
သင်္ကြန်မှာ လှပပျော်မြူးကြဖို့ DI **Discount** ပွဲကို ကြွရောက်ဖို့ ဖိတ်ခေါ်ပါတယ်။
အဆန်းအပြားတွေ သိပ်များလို့ အဦးဆုံးရောက်အောင် ကြွခဲ့ပါနော်...

▲ **Discount စမည့်ရက်** – ၁၈–၃–၂၀၀၄ မှ ၁၀–၄–၂၀၀၄ ထိ **(ပိတ်ရက်မရှိ)**
▲ **ကျင်းပမည့်နေရာ** – အမှတ်(၁၅၀)၊ မြေညီထပ်၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်။
▲ **Phone** – 526826, 510913



ရောင်းမည်/ ငှားမည်

88 Model (Air Con; Mini Bus)
နံပါတ်ပြာ 8A/....ရောင်းမည်
Junction 8 ကိုးလွှာ၊ (ငှား)မည်။
ဖုန်း–၅၂၄၆၈၆၊၀၉–၈၀–၂၄၀၄၄

အမည်မှန်

ဦးခင်မောင်ထွေး၏သမီး ဒဂုံတက္ကသိုလ် ပထမနှစ်(ဥပဒေ)မှ ဆွေဇင်ဝင်း ၁/ရကန (နိုင်) ၀၄၂၆၂၈၏ အမည်မှန်မှာ ရွှေဇင်ဝင်းဖြစ်ပါကြောင်း။ **ရွှေဇင်ဝင်း။**

အမည်ပြောင်း

ဦးမြင့်ဦး၏သား အလက(၁) မြိတ်အဌမတန်း(A)မှ မောင်အာကာ ၆/မမန(နိုင်)၁၄၄၈၈၅ အား ယနေ့မှစ၍ မောင်ဝိုင်းမြင့်ဟံဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဝိုင်းမြင့်ဟံ။**

မော်တော်ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် မလမ/၁၈၇၆ လက်ဝယ်ရှိသူ ဦးမင်းမောင်မောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁၀/မလမ(နိုင်) ၀၄၇၃၉၁ ကိုင်ဆောင်သူက မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ ၃၀ ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။
ဘာသူ၊မော်လမြိုင်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
ရန်ကုန်တိုင်းတရားရုံး
တွဲဖက်တိုင်းတရားသူကြီး(၁၂)
၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၉၆၇

ဦးဇော်ဟိန်း **နှင့်** ၁။ ဒေါ်အေမီကျော်အေး
(၎င်း၏အခွင့်ရကိုယ်စားလှယ် ၂။ ဒေါ်စိုးစိုးရီ
ဦးဝင်းသိန်း)

တရားလို **တရားပြိုင်များ**

အမှတ်–၂၇၃/၁၊ ယင်းမာလမ်း၊ (၁၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်အေမီကျော်အေးနှင့်ဒေါ်စိုးစိုးရီ သိစေရမည်။

သင့်အပေါ်၌ ဦးဇော်ဟိန်း (၎င်းအခွင့်ရကိုယ်စားလှယ် ဦးဝင်းသိန်း) က ငွေကျပ်–၇၅၀၀၀၀၀/–(ကျပ်ခုနစ်ဆယ့်ငါးသိန်းတိတိ)ရလိုမှု ရလိုကြောင်းနှင့် လျှောက်ထား စွဲဆိုချက်ရှိသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် ဧပြီလ ၅ ရက်(၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလဆုတ် ၁ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့်၊ သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် မတ်လ ၁၀ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်လှမြင့်
တွဲဖက်တိုင်းတရားသူကြီး(၁၂)
ရန်ကုန်တိုင်းတရားရုံး။

ဝမ်းနည်းကြေကွဲခြင်း
ဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင်
သဒ္ဓမ္မဇောတိကဓဇ
အသက်(၇၃)နှစ်

လယ်တီ ဒီပနီထွန်းကားပြန့်ပွားရေးအဖွဲ့ကြီး၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဓမ္မာစရိယ ဦးဌေးလှိုင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

နာယကအဖွဲ့နှင့် အလုပ်အမှုဆောင်ကော်မတီ
လယ်တီ ဒီပနီထွန်းကားပြန့်ပွားရေးအဖွဲ့
(ရန်ကုန်–မုံရွာ)

Private Tutoring
(English Language)
Daw Soe Soe Win, B.Ed, M.Ed (U.K)
Ph : 642725 , 534723

ခရီးရက်ရှည် ကားစီးလုံးငှား

၄၁ ယောက်စီးလှန်ခုံ၊
ရွှေစက်တော်–ပုဂံညောင်ဦး–ချောင်းသာ–ကျိုက်ထီးရိုး စသည်ဖြင့်
ဖုန်း–၆၃၉၄၆၆၊ Ex ၃၈၄

ရောင်းမည် Ph:246168
44 လမ်း၊ မြေညီ 12½ x 40
[illegible]

အများသိစေရန် ကြေညာချက်

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၁လမ်း၊ ၈၂ x ၈၃ လမ်းကြား၊ အိမ်အမှတ် ၂၁၅ နေ ဦးမြင့်ဆွေ ၁၂/ကတတ(နိုင်)၀၀၄၃၀၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ–

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်း၊ အမှတ် ၃၂၇–၃၆၇ တွင် ဦးချစ်သိန်း(ခ)ဦးဘာဘူ S/OKA-099877 ဖွင့်လှစ်ထားရှိသော ယခင် (J&SON's)ယခု(B&SON's)TV ဂိမ်းမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းနှင့် မန္တလေးချမ်းအေးသာစံမြို့နယ်၊ ၃၁ လမ်း၊ ၈၂X၈၃ လမ်းကြား၊ အမှတ် ၂၁၅ တွင် ဦးမြင့်ဆွေဖွင့်လှစ်ထားရှိသော (ကိုမြင့်ဆွေ–မဖြူဖြူ TV Game မျိုးစုံနှင့် အပိုပစ္စည်းရောင်းဝယ်ရေး)လုပ်ငန်းတို့သည် တစ်ဦးနှင့် တစ်ဦး လုပ်ငန်းပိုင်းဆိုင်ရာ ဆက်နွှယ်ပတ်သက်မှုလုံးဝ(လုံးဝ)မရှိကြပါ။ တစ်သီးတခြားစီ ထူထောင်ဖွင့်လှစ်ဆောင်ရွက်နေကြခြင်းဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးတင်ကြီး B.A(Law), LL.B
တရားရုံးချုပ်ရှေ့နေ(စဉ်–၁၆၄၅)
အမှတ် ၂၁၇၊ ၃၁ လမ်း၊ ၈၂X၈၃ လမ်းကြား၊ မန္တလေးမြို့။

ငှားမည်

ဘုရင့်နောင်ပွဲရုံ(မရမ်းကုန်း)၊ ကမ်းနားလမ်း ခ/၁၃၈
အကျယ် ပေ ၄၀ X ပေ၅၀၊ ပေ ၂၀ X ပေ၅၀
နှစ်ခန်းတွဲ၊ သုံးထပ်၊ ရေ၊မီး၊ ဖုန်း အပြည့်အစုံ
စုံစမ်းရန် – ဖုန်း–၅၃၇၂၆၆

[illegible]

ကျေးဇူးတင်လွှာ
မစန္ဒာဦး
အသက်(၃၈)နှစ်

၈–၃–၂၀၀၄ ရက် နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားသော မစန္ဒာဦး၏ ဈာပနတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအားလည်းကောင်း၊ မကွယ်လွန်မီက ကြပ်မတ် ကုသပေးခဲ့ကြသော တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးမှ နှလုံးအထူးကုသမားတော်ကြီး၊ အထွေထွေရောဂါကု လက်ထောက် သမားတော်ကြီးနှင့် ဆေးရုံမှ တာဝန်ကျ ဆရာဝန်၊ ဆရာမများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။
ကျန်ရစ်သူမိသားစု။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး (အင်ဂျင်နီယာဌာန)

အောက်ပါသင်တန်းများ ၁–၄–၂၀၀၄ရက်တွင် ဖွင့်လှစ်ပါမည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါ၍ အမြန်စာရင်းပေးသွင်းကြပါ။

အခြေစိုက်အလုပ်ရုံအမှတ်(၂)

၁။ အခြေခံလျှပ်စစ်သံဂဟေဆက်သင်တန်း
၂။ အခြေခံဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းမှုသင်တန်း

အခြေစိုက်အလုပ်ရုံအမှတ်(၁)

၁။ တွင်ခုံ/ဖောက်ခုံသင်တန်း
၂။ ယန္တရားကိုင်တွယ်ထိန်းသိမ်းမှုသင်တန်း
၃။ အခြေခံလျှပ်စစ်သံဂဟေဆက်နှင့်ဓာတ်ငွေ့ဂဟေဆက်သင်တန်း
၄။ ခေတ်မီမော်တော်ယာဉ်ငယ်များ၏ လျှပ်စစ်ပိုင်းဆိုင်ရာ ပြုပြင်ခြင်းသင်တန်း
၅။ အဆင့်မြင့်ဓာတ်ငွေ့ဂဟေဆက်သင်တန်း(လျှပ်စစ်ဂဟေဆက်၊ ဓာတ်ငွေ့ ဂဟေဆက် Tig နှင့် Mig ဂဟေဆက်)
၆။ အခြေခံလေအေးပေးစက် ပြုပြင်ထိန်းသိမ်းမှုသင်တန်း

တည်နေရာ

ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံအမှတ်(၁)၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်။ (မဟာဗန္ဓုလတံတားအနီး)

တယ်လီဖုန်း –၀၁–၂၉၁၃၁၃၊ ၀၁–၂၉၁၃၁၄၊ ၇၂၆၅၇၂ (ရုံးချိန်အတွင်းသာ)

ကျေးဇူးတင်လွှာနှင့်တစ်လပြည့်သတိရ

ကျွန်တော်၏ဇနီး ဒေါ်ခင်နှင်းလွင် (၄၇)နှစ်(ပေါင်းတည်) နာမကျန်းဖြစ်စဉ်က အနီးကပ်လမ်းညွှန် အကြံဉာဏ်ပေးခဲ့သော မိသားစုဆရာဝန်နှင့်ဇနီး၊ ဆက်လက်၍ ဂရုစိုက်ကြပ်မတ်ကုသပေးခဲ့သော သမားတော်ကြီးများ၊ ဆရာ၊ ဆရာမများ၊ အကူအညီပေးခဲ့သော ရပ်မိရပ်ဖများ၊ ကွယ်လွန်ပြီးသည်အထိ အစစအရာရာ အထူးတလည် လိုလေသေးမရှိ ပြုစုအကူအညီပေးခဲ့ကြသော နှစ်ဖက်သောဆွေမျိုးများအား ကျေးဇူးတင်ရှိပါကြောင်း။

မနှင်းကွယ်လွန်သွားသည်မှာ ၁၇–၃–၂၀၀၄တွင် တစ်လပြည့်ပြီးဖြစ်သော်လည်း လွမ်းတသလျက်ရှိပါကြောင်း မနှင်းတစ်ယောက် ကောင်းရာဘုံဘဝ၌ ပျော်ရွှင်နိုင်ပါစေလို့ဆုတောင်းရင်း–

ခင်ပွန်း – ဦးလှမိုး
သမီးကြီး – မနှင်းရည်မိုး
သမီးလေး – မမေနှင်းမိုး။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး ဒေါ်ခင်ဆင့် (စမ်းချောင်း) အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၁၊ စမ်းရေတွင်းလမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးညို–ဒေါ်ညိုအိ)တို့သမီး၊ (ဦးကျော်ဒင်)၏ညီမ၊ (ဦးမောင်ရီ)၏ဇနီး၊ ဦးကျော်ညွန့်–ဒေါ်တင့်တင့်၊ ဦးသန်းထွန်း–(ဒေါ်ခင်ဝင်းမေ)၊ ဒေါ်အုန်းကြည်[စက်မှု(၁)၊ထွေ/ထိန်းမန်နေဂျာ(ငြိမ်း)]၊ (ဦးလှမြင့်)၊ ဦးမြင့်အောင်–ဒေါ်လှရီ(အထက–၃၊ စမ်းချောင်း)၊ ဦးကျော်ဝင်း (အထက–၂၊ စမ်းချောင်း)–ဒေါ်ခင်အေး၊ ဦးကြည်စိန်[စက်မှု(၁)အထည်]–ဒေါ်မြဝင်းတို့၏မိခင်၊ မြေး ၁၃ယောက်တို့၏အဘွား၊ မြစ် ၁၁ ယောက်တို့၏ဘွားဘွားကြီးသည် ၁၆–၃–၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၅း၃၀ နာရီတွင် စမ်းချောင်းမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈–၃–၂၀၀၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း ရေဦးမြို့နယ်၊ ညီနောင်ကျောင်းဆရာတော် ဘဒ္ဒန္တ ဇောတဝရ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ တိုင်းဝိနည်းဓိုရ် သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၄)ဝါ

စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်၊ မိတ္တီလာအုပ်စု၊ ညီနောင်ရွာ၊ ညီနောင်ကျောင်းတိုက်ကြီး၏ ပဓာနနာယက လဒ္ဓိပေသလသိက္ခာကာမဝိနယ၊ ဂရုက၊ သံသာရ ဘီရုကသီလဝံတဖြစ်တော်မူသော ညီနောင်ကျောင်းဆရာတော် မထေရ်မြတ်ကြီးသည် ၁၃၆၅ခုနှစ် တပို့တွဲလပြည့်ကျော် ၁၄ ရက် (၁၉–၂–၂၀၀၄ရက်) နံနက် ၁း၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ် နှောင်းတန်ခူးလဆန်း ၉ ရက်မှ ၁၀ ရက် (၂၉–၃–၂၀၀၄ရက်မှ ၃၀–၃–၂၀၀၄ရက်)အထိ နှစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ အန္တိမစျာပနသာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အားသိစေအပ်ပါသည်။ တပည့်သံဃာတော်နှင့်ဒါယကာ၊ဒါယိကာမများ။

ကန့်ကွက်ရန်ကြော်ငြာ

အောက်ပါလျှောက်ထားသူအား နှစ်လက်မ အဝိစိတွင်းတစ်တွင်းတူးဖော်ခွင့်လိုင်စင် ထုတ်ပေးခြင်းကို မည်သူမဆို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှ ၁၄ ရက်ရုံးချိန်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) မြေအောက်ရေကြီးကြပ်မှုအရာရှိရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

လျှောက်ထားသူအမည်နှင့်နေရပ်လိပ်စာ
ဦးထွန်းကြည်+၁၊ အမှတ်(၁၄)မင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်။
တူးဖော်မည့်နေရာမြေကွက်အမှတ် ၉၆
မြေတိုင်းရပ်ကွက်အမှတ် ၂၇စီ၂

သန်းသန်းစိုး
မြေအောက်ရေကြီးကြပ်မှုအရာရှိ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)

ဒေါ်ရင်မြ အသက်(၆၇)နှစ်

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်၊ စံပယ်ခြံ ၄ လမ်း၊ အမှတ် ၁၉၉ နေ (ဦးဘငြိမ်း–ဒေါ်ဖွားစိန်)တို့၏သမီး၊ ဦးစံမြင့် (မြန်မာ့သစ်လုပ်ငန်း၊ငြိမ်း)၏ဇနီး၊ ဦးတင်ငွေ–ဒေါ်ခင်ထားရီ၊ ဦးဖိုးသင်း–ဒေါ်ဝင်းမြိုင်၊ ဦးဝင်းမြင့်–ဒေါ်ဝေမာထွန်း၊ မောင်စိုးမင်းတို့၏မိခင်၊ မြေး ၁၀ ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၆–၃–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၃–၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးရန်ရှင်း (စား/ထွေ၊ ငြိမ်း) အသက်(၆၀)

ရန်ကုန်တိုင်း၊တာမွေမြို့နယ်၊ကျိုက္ကဆံလမ်း၊ ဗျိုင်းရွာမရပ်ကွက်၊ အမှတ် ၂၀၉ နေ (ဦးမောင်တင့်–ဒေါ်ခင်စိန်)တို့၏သား၊ (ဦးသန်းညွန့်–ဒေါ်အုန်းရင်)တို့၏သားသမက်၊ ဦးမောင်မောင်–ဒေါ်မြသန်းကြည်၊ (ဒေါ်လှသန်း)တို့၏ညီ/မောင်၊ ဒေါ်တင်တင်လှ၏ခင်ပွန်း၊ မောင်မင်းသိမ်း–မဌေးဌေးမော်၊ မောင်ဇော်လှိုင်ဝင်း(တပ်မတော်–ရေ)၊ မမြတ်သန္တာတို့၏ဖခင်၊ မောင်ထက်လင်း၏အဘိုးသည် ၁၇–၃–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၃–၂၀၀၄ရက် (သောကြာနေ့)ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမျိုးမြင့် လ/ထတိုင်းစာရင်းစစ်အရာရှိ(ငြိမ်း) ရန်ကုန်တိုင်းစာရင်းရုံး အသက်(၆၂)နှစ်

အမှတ် ၃၂(အေ)၊ ရန်ကုန်အင်းစိန်လမ်း၊(၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးချစ်–(ဒေါ်လှတင်)တို့၏သား၊ (ဦးစောဂျိုး) – ဒေါ်ဘီဘီတို့၏ သားသမက်၊ ဒေါ်ဂျဲနီဂျိုး(လေကြောင်းဦးစီး)၏ခင်ပွန်း၊ ဦးစိုးကြည်–ဒေါက်တာခင်မျိုးဝင်း၊ ဦးတင်မောင်ဇော်–ဒေါ်စန်းစန်းရီ၊ ဦးခင်ဇော်–ဒေါ်စန်းစန်းနွယ်၊ ဒေါ်ထွေးထွေးဝါ(စိုက်/မွေး) တို့၏အစ်ကိုကြီး၊ဦးအောင်အောင်ကျော်(Pem Co.)–ဒေါ်ခင်နီလာဦး (လေကြောင်းဦးစီး)၊ ဦးကြည်မိုး (First Top)–ဒေါ်အေးအေးသက်မွန်၊ ဒေါ်လင်းလင်းမျိုးမြင့်(ပြည်တွင်းအခွန်များဦးစီးဌာန)၊ ဒေါ်ကေသွယ်သွယ်မျိုး (လေကြောင်းဦးစီး)၊ မောင်အာကာထွန်း (စိန်စန္ဒာ Co.,Ltd.)၊ မထွေးထွေးမျိုးမြင့်(ဒုနှစ်၊ စီးပွားရေး)၊ မဖွေးဖွေးမျိုးမြင့်(အထက–၂၊လှိုင်)တို့၏ဖခင်၊မောင်ကောင်းစည်သူ၏အဘိုးသည် ၁၆–၃–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၈–၃–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးခင်စိန် ကြေးမုံသတင်းစာတိုက်(ငြိမ်း) အသက်(၅၆)နှစ်

(ဦးထွန်းဟန်–ဒေါ်ကျင်ခန့်)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၂၉၊ သြဘာလမ်း၊ ကျောက်မြောင်းနေ (ဦးမောင်လေး)–ဒေါ်ခင်မြင့်တို့၏ သားသမက်၊ အမှတ် ၈၈၊ သြဘာလမ်း၊ ကျောက်မြောင်းနေ ဒေါ်မြမြ၏ခင်ပွန်း၊ ဦးမောင်သင်–ဒေါ်သန်းရွှေ၊ ဦးညွန့်လှိုင်– ဒေါ်မြအုန်းတို့၏ ညီ/မောင်၊ ဦးအုံးကျော်(First Industrial Ltd.)–ဒေါ်ခင်လေးထိုက်(Golden Hill Tower)၊ မောင်ဝင်းထိုက်–မခင်လေးနွယ်၊ မောင်ဇေယျာမင်းထိုက်၊ မဟိန်းထိုက်စိုးတို့၏ဖခင်၊ မြေးတစ်ယောက်၏အဘိုးသည် ၁၆–၃–၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈–၃–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မအိအိမွန် (Kiss Me ပလတ်စတစ်လုပ်ငန်း) အသက်(၁၉)နှစ်

ရန်ကုန်မြို့နေ (ဦးထွေးမောင်–ဒေါ်တင်အေး)၊ (ဦးရွှေ–ဒေါ်စိန်ညွန့်)တို့၏မြေး၊ (ဦးထွန်းဦး၊ စက်မှု–၁)–ဒေါ်ခင်သက်ဦးတို့၏သမီးဦး၊ မဝေမာထွန်း(အထက–၄၊ သာကေတ၊ သတ္တမတန်း–ခ)၏အစ်မသည် ၁၇–၃–၂၀၀၄ရက် နံနက် ၇း၁၀ နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၉–၃–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းဒါယကာ ဗိုလ်ကြီးတင်လှ (ငြိမ်း) (ကရပ်၊ ကျောက်တန်းမြို့) အသက်(၇၇)နှစ်

(ဦးဖိုးငို–ဒေါ်စော)တို့၏ သား၊ ရန်ကုန်တိုင်း၊လည်းကူးမြို့နယ်၊မင်းလွင်ကုန်းကျေးရွာနေ ဒေါ်သောင်းကြည်၏ခင်ပွန်း၊ ဦးအောင်ကျော်ဆန်း (2/E Uniteam)–ဒေါ်ခင်ခင်ချို(သ/မဦးစီး၊ငြိမ်း)၊ ဦးသောင်းထွန်း(ရွှေခြသေ့စက်မှု၊ အင်ဂျင်ဟက်ပြုပြင်ရေး)–ဒေါ်အေးအေးသန့်၊ ဒေါ်ယုယုကြည်၊ ဦးဖုန်းတင့်(ခ)ကိုဖုန်း (ကျားမင်း စက်မှုအင်ဂျင်ဟက်ပြုပြင်ရေး)–ဒေါ်အုန်းသန်း၊ တကက/စရ အေးမောင်(မှတ်တမ်းရုံး)–ဒေါ်သိန်းသိန်းရီ၊ ဦးကျော်မင်း(ကျားမင်းစက်မှု)–ဒေါ်တင်တင်နွယ်၊ တကက အောင်နိုင်လွင်–ဒေါ်ခင်မစေီ (မစဘ၊ တနင်္သာရီမြို့)၊ ဗိုလ်ကြီးသန်းဝင်း–ဒေါ်အုန်းအုန်းကြည်တို့၏ဖခင်၊ မြေး ၂၂ ယောက်တို့၏အဘိုးသည် ၁၆–၃–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀–၃–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ မင်းလွင်ကုန်း သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်(ခ)ဒေါ်အေးကြည် (တောင်ငူမြို့) အသက်(၇၃)နှစ်

တောင်ငူမြို့နေ (ဦးတုတ်–ဒေါ်အေးသင်)တို့၏သမီး၊ မြောင်းမြမြို့နေ (ဦးနီ–ဒေါ်နန်းလွတ်)တို့၏ သမီးချွေးမ၊ (ဦးဟန်စိန်)၏ဇနီး၊ အထက(၁) လသာ ကျောင်းဝင်းနေ ဒေါ်ခင်သိန်းယု (D.B.E–3)၊ ဦးမောင်မောင်စိုး – ဒေါ်ခင်မာချို (M.O.G.E)၊ ဦးစိုးဟန်(ခေတ္တ–အိုင်ယာလန်)–ဒေါ်မိုးမိုးအောင်၊ဦးဇော်မင်း(တပ်မတော်–ရေ၊ ငြိမ်း)–ဒေါ်ညိုညိုစိန်(M.F.E)၊ ဦးအောင်မင်းစိန်–ဒေါ်နီလာအောင်(ဝန်ကြီးများရုံး)၊ ဦးချိုမင်းစိန်–ဒေါ်မြကြည် (အထက–၆၊ မြောင်းမြ)၊ ဦးရစ်ချက်လှစိန်(သူနာပြုတက္ကသိုလ်)–ဒေါ်လှလှဌေး၊ ဦးသန်းစိုး(ပင်စင်ဦးစီး)–ဒေါ်သူဇာစိန်(ပင်စင်ဦးစီး)တို့၏မိခင်၊ မြေး ၁၀ ယောက်တို့၏ဘွားဘွားကြီးသည် ၁၆–၃–၂၀၀၄ရက် ညနေ ၄း၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၈–၃–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင်ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မျိုးရီ (မချို) (လယ်ယာသုံးပစ္စည်းရောင်းဝယ်ရေး) (ညောင်တုန်း) အသက်(၅၃)နှစ်

ညောင်တုန်းမြို့၊ ၁၁ လမ်း၊ လမ်းမတော်နေ (ဦးမောင်ရီ–ဒေါ်ညွန့်)တို့၏သမီးကြီး၊ ဦးအေးမြင့်–ဒေါ်အုံးမြင့်(သာကေတ)၊ ဦးစိန်ဝင်း(ကထိက၊ ငြိမ်း၊ သချာဌာန၊ မန္တလေးတက္ကသိုလ်)–ဒေါ်စိန်စိန်သန်း(ပါမောက္ခ၊ရူပဗေဒဌာန၊ ရတနာပုံတက္ကသိုလ်)၊ ဦးသောင်းထွန်း–ဒေါ်ဖြူဖြူ၊ ဦးမြင့်စိုးသိန်း–ဒေါ်မိမိအေး(တော်ဝင်စင်ကာပူ)တို့၏ညီမ၊ ဦးသိန်းဝင်း–ဒေါ်မြမြစိုး၊ ဒေါ်ခင်မျိုးလှိုင်(မပို)၊ ဦးထင်အောင်(တော်ဝင်)–ဒေါ်ခင်စန်းကြည်တို့၏အစ်မ၊ တူ တူမ ၂၁ ယောက်တို့၏အဒေါ်၊ မြေးသုံးယောက်တို့၏အဘွားသည် ၁၇–၃–၂၀၀၄ရက် နံနက် ၄ နာရီတွင် ညောင်တုန်းမြို့နေအိမ်မှ ကွယ်လွန်သွားပါ၍ ၁၉–၃–၂၀၀၄ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ ညောင်တုန်း ငြိမ်းချမ်းမြေသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မျိုးရီ (မချို) (လယ်ယာသုံးပစ္စည်းရောင်းဝယ်ရေး) (ညောင်တုန်း) အသက်(၅၃)နှစ်

ညောင်တုန်းမြို့၊ ၁၁ လမ်း၊ လမ်းမတော်နေ (ဦးမောင်ရီ–ဒေါ်ညွန့်)တို့၏ သမီးကြီး၊ ကိုကျော်လွင်–မချိုချိုမြင့်၊ ကိုသန်းဌေး–မညိုညိုမြင့်၊ မနီနီမြင့်၊ ဗိုလ်မှူးဆွေဦး–မစန္ဒာဦး၊ မောင်မောင်မြင့်၊ မောင်မင်းစည်သူ–မခိုင်ဇာမွန်၊ဒေါက်တာဇင်မွန်ကေခိုင်ဝင်း (မန္တလေး ဆေးတက္ကသိုလ်)၊ မသဥ္ဇာလင်းလင်းထွန်း၊ မဇွန်ဝင့်ဝင့်ထင်၊ မနှင်းဦးဝေ၊ မဖူးကျော့ဇင်လင်းထွန်း၊ မောင်ဇေယျာအောင်၊ မစုစုယဉ်၊ မောင်လင်းဇော်၊ မစိုးစန္ဒီ၊ မမြသဇင်၊ မောင်မြင့်ထွန်း၊ မောင်ဌေးလင်း၊ မောင်ဖွဲ့ရဲထွန်း၊ မဝင်းမာမာ၊ မရွှေစင်ဝင့်တို့၏အဒေါ်၊ မောင်မဟော်ဆွေဦး၊ မီးမီး၊ မောင်မင်းမြတ်ဆွေဦးတို့၏အဘွားသည် ၁၇–၃–၂၀၀၄ရက် နံနက် ၄ နာရီတွင် ညောင်တုန်းမြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၉–၃–၂၀၀၄ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ ညောင်တုန်း ငြိမ်းချမ်းမြေသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူ တူ၊တူမများနှင့်မြေးများ။

ဒေါ်တင်လှ လွှတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်) မန္တလေးမြို့ အသက်(၈၅)နှစ်

မန္တလေးမြို့၊ ကွမ်းခြံရပ်၊ အကွက် ၅၃၈၊ အမှတ် ၃၃၃/၁၂ နေ ဦးသာဝ–ဒေါ်တင်မေအေး(ပြည့်ဝချည်ချောလုံချည်၊ ရတနာပုံဈေး)၊ ဦးအောင်သန်း–ဒေါ်ခင်ဆွေအေး (ခိုင်စပါယ် တီဗွီပြုပြင်ရေး)တို့၏မိခင်၊ မမျိုးသန္တာ၊ ကိုမင်းဦး၊ ကိုဖြိုးအောင်၊ ကိုမိုးအောင်–မခင်ဖြူဖြူထွန်း၊ ကိုငွေလင်း–မနေခြည်ဝင်းတင့်၊ ကိုကောင်းစံတို့၏အဘွား၊ မြေး သုံးယောက်တို့၏ဘွားဘွားကြီး၊ လွတ်လပ်ရေး မော်ကွန်းဝင် ဒုတိယဆင့် (ဗိုလ်လှအေး)၏ဇနီးသည် ၁၇–၃–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်ပါ၍ ၁၉–၃–၂၀၀၄ ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ မန္တလေး တောင်မြင့်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ကိုဝင်းထွန်းအောင် (A & Z Printing) အသက်(၃၄)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ ရတနာမွန်အိမ်ရာ၊ တိုက် ၄(က)၊ အခန်း ၀၀၆ နေ ဦးတင်ထွန်း (အမက–၂၃၊ အင်းစိန်ကျောင်းအုပ်ကြီး)–ဒေါ်ချိုမာဝင်းတို့၏သား၊ ဒေါ်သိန်းလှိုင်(ရပ်စောက်မြို့)၊ ဒေါ်နုရွှေ(အထပြဆရာမ၊ အထက ခွဲ၊ကျုံတောမော်ဘီ)၊ ဦးစိုးမြင့်–ဒေါ်စန်း၊ ဒေါ်အေးသန်းတို့၏တူ၊ မဇာနည်တင် (အာရုမနဘဏ်)၏ခင်ပွန်း၊ ဦးသက်နိုင်ထွန်း–ဒေါ်ရီရီထွန်းတို့၏ညီ၊ ဦးကျော်သောင်းတင် (တောင်ကုတ်မြို့နယ်ဆောက်လုပ်ရေး) – ဒေါ်ပပဝင်းထွန်း (G.T.C၊ တောင်ငူ)၊ မောင်ဝင်းထွန်းနိုင်–မသင်းသင်းအေး (တောင်ကုတ်မြို့နယ်ဆောက်လုပ်ရေး)တို့၏အစ်ကို၊ မသိမ့်သဥ္ဇာ(အထက–၁၊ ကမာရွတ်)၊ မမြတ်သိင်္ဂါခင်တို့၏ဦးလေးသည် ၁၂–၃–၂၀၀၄ရက် (သောကြာနေ့) ညနေ ၆း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃–၃–၂၀၀၄ရက်(စနေနေ့)တွင်ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးသန့်ဇော်ထွန်း(ကိုထီး) B.E (Electrical) (အလုပ်ရုံခွဲမှူး၊ဖေယျာဝတီသကြားစက်) မြိတ် အသက်(၃၀)

မြိတ်မြို့၊ ခရူတောရပ်၊ ဗိုလ်ဗထူးလမ်းနေ (ဦးတင်ရွှေ)–ဒေါ်ဟယ်လင်တို့၏မြေး၊ ဦးထွန်းခင်(သူနာပြု၊ ငြိမ်း၊ မြိတ်ဆေးရုံ)–ဒေါ်စန်းရီ(မိခင်နှင့်ကလေးကျောင်းကျန်းမာရေးဌာန၊ မြိတ်မြို့)တို့၏သား၊ ဒေါ်ညိုညိုထွန်း (လ/ထကထိက၊ အဏ္ဏဝါသိပ္ပံဌာန၊ မြိတ်တက္ကသိုလ်)၊ ဒေါ်ဝင်းဝင်းထွန်း(သရုပ်ပြ၊ သချာဌာန၊မြိတ်တက္ကသိုလ်)တို့၏မောင်၊ ရန်ကုန်မြို့နေ(ဦးသက်တင်)–ဒေါ်နှင်းရီ၊ မြိတ်မြို့နေ ဒေါ်မြင့်အေး၊ ဦးအောင်နိုင်၊ ဦးကျော်လွင် (အသင်းစုမှူး၊ ကျွန်းစုမြို့နယ် သ/မ) – ဒေါ်ချိုချိုတို့၏တူ၊ ဦးကျော်မင်းဦး (ဒု–လဝကမှူး၊ ပုဇွန်တောင်မြို့နယ်)၊ ဗိုလ်ကြီးမြတ်မင်းလတ်(ကကဆေး)–ဒေါ်အိအိလွင်၊ ဦးရဲကျော်သူ–မအိအိသက်၊ ဗိုလ်ကြီးတင်မောင်ထွေး(တနိုင်း)တို့၏ညီသည် ၁၆–၃–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀–၃–၂၀၀၄ရက်(စနေနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ် ၆၇၈၊ ဗေဒါလမ်း၊ (၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်)နေအိမ်မှ ကားများ ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး ဒေါ်တင်တင် အသက်(၇၅)နှစ်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ အောင်မင်္ဂလာ ၁ လမ်း၊ အမှတ် ၄/၅ နေ (ဦးထွန်းကျော်–ဒေါ်အေးခင်)တို့၏သမီး၊ (ဦးလှထွန်း)၏ဇနီး၊ ဦးလှမြင့် (စက်မှု/စားကုန်)–ဒေါ်ကြည်ကြည်ဝင်း၊ အရာခံဗိုလ်တင်စိုး(ငြိမ်း၊ ပင်မယာဉ်ပြင်အလုပ်ရုံ)–ဒေါ်စန်းစန်းမြင့်၊ဦးကျော်မြင့် (သစ်တောဦးစီးဌာန)–ဒေါ်ကြူကြူဝင်း (အထက–၃၊ မရမ်းကုန်း၊ ငြိမ်း)၊ ဦးအောင်မြင့်ထွန်း(အမွှန်စက်ရုံ)–ဒေါ်အေးချမ်းမြင့်၊ ဒေါ်ဝေဝေထွန်း(အမက–၂၃၊ မရမ်းကုန်း)၊ ယာယီတပ်ရင်းမှူး ဗိုလ်မှူးတင်မောင်ဝင်း–ဒေါ်ဥမ္မာထွန်းတို့၏မိခင်၊ မြေး ရှစ်ယောက်တို့၏အဘွားသည် ၁၆–၃–၂၀၀၄ရက်(အင်္ဂါနေ့)ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀–၃–၂၀၀၄ရက် (စနေနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးခင်ဇော် ဒုစီမံကိန်းမှူး(ငြိမ်း)ဝန်ကြီးများရုံး အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ ဆရာစံရပ်ကွက်၊ ခေမာလမ်းနေ (ဦးစိုးမင်း)–ဒေါ်ခင်သန်းတို့၏သား၊ ရန်ကုန်မြို့၊ ဆရာစံရပ်ကွက်၊ ဦးချစ်မောင်လမ်း၊ အမှတ် ၁၀၁ နေ (ဦးတင်ဖေ)–ဒေါ်ရင်နုတို့၏ သားသမက်၊ ဒေါ်တင်လှ၊ ဦးမြင့်သန်းတို့၏ညီ/မောင်၊ ဒေါ်ကြည်သန်း၊ (ဦးဝင်းမြင့်)၊ ဒေါ်ထားထားကြည်၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်သန်းသန်းအေး၊ ဦးညွန့်ဝင်းတို့၏အစ်ကို၊ ဒေါ်မူမူဆွေ(ဆည်မြောင်း၊ ငြိမ်း)၏ခင်ပွန်း၊ မောင်စိုးရဲကျော် (သတ္တမတန်း၊ အထက–၂၊ ဗဟန်း)၏ ဖခင်သည် ၁၇–၃–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင်ကွယ်လွန်သွားပါ၍ ၁၉–၃–၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

မနီနီလေး အသက်(၃၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၆) ရပ်ကွက်၊ တိုက်လေးလုံး၊ တိုက်အမှတ် ၂၃၆/ ၄ နေ ဦးကျော်မင်း–ဒေါ်မြင့်မြင့်တို့၏သမီး၊ အင်ကြင်းမေ(ခ)Lay La ၏မိခင်၊ ဒေါ်စန္ဒာမင်း၊ ဦးကျော်ဇေယျ–ဒေါ်ခင်နွယ်ဝင်း၊ဒေါ်မဥ္ဇူမြင်း–ဒေါက်တာသိန်းဇံမြင့်၊ ဒေါ်မိမိခိုင်မင်း–ဦးသူရလွင်၊ ဦးအောင်အောင်ကျော် – ဒေါ်မြသီတာတို့၏ညီမ၊ တူ တူမ ရှစ်ယောက်တို့၏အဒေါ်သည် ၁၇–၃–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၃–၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

စစ်ကိုင်းတိုင်း၊ရေဦးမြို့နယ်၊အုတ်ဖိုရွာ(အရှေ့ကျောင်း) ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဝဏ္ဏိတ သာသနဓဇ ဓမ္မာစရိယ၊ တိုင်းဝိနည်းဓိုရ် သက်တော်(၇၃)နှစ်၊ သိက္ခာတော်(၅၃)ဝါ

စစ်ကိုင်းတိုင်း၊ ရေဦးမြို့နယ်၊ အုတ်ဖိုရွာ အရှေ့ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတသည် ၁၃၆၅ခုနှစ် တပေါင်းလဆန်း ၁၅ ရက်(၅–၃–၂၀၀၄ရက်)တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ် နှောင်းတန်ခူးလဆန်း ၁၃ ရက်(၂–၄–၂၀၀၄ရက်)တွင် အန္တိမစျာပန ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်သံဃာတော်များနှင့်ဒါယကာ၊ဒါယိကာမများ။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ တန်ဆောင်း၊ဆွမ်း၊ဆေးပဒေသာပင်၊ ရေတွင်း၊ရေကန်၊ပိဋကတ်သုံးပုံ ဒါယိကာမကြီး ဒေါ်ငွေခင် (နန်းမားမြို့) အသက်(၈၀)

နန်းမားမြို့နေ (ဦးစိန်–ဒေါ်လှ)တို့၏သမီး၊ (ဦးထွန်းလှ)–ဒေါ်သန်းရင်(သီပေါ)တို့၏ညီမ၊ ဒေါ်ရွှေပွင့်(နန်းမားမြို့)၊ (ဦးလှမောင်)မိုးကောင်းမြို့၊ ဒေါ်ခင်လေးငယ် (နမ္မတီးမြို့)တို့၏ အစ်မ၊ ဒုအရာခံဗိုလ်မျိုးမြင့်(မြဝတီရပ်/သံ)–ဒေါ်ခင်ဝင်းဝင်း (အမက၊ သံတံတား)၊ ဒုတိယရဲမှူးကြီးအောင်ဌေး (ဟသ်ာတခရိုင် ရဲတပ်ဖွဲ့မှူး)–ဒေါ်သန်းသန်းနွဲ့(ခ)အနွဲ့(အလပြ၊ ငြိမ်း)တို့၏ မိခင်ကြီး၊ မဝါဝါအောင်၊ မနီနီအောင် (တ–နှစ်၊ ရူပဗေဒ)၊ မောင်ရဲဖုန်းအောင်(ပ–နှစ်၊ မြန်မာစာ)၊မောင်ပြည့်ဖြိုးအောင်(ဒု–နှစ်၊ G.T.C)၊မောင်သက်ဖြိုးအောင်(X–A အထက–၃)တို့၏အဘွားသည် ၁၆–၃–၂၀၀၄ရက်(အင်္ဂါနေ့)ည ၈း၃၅ နာရီတွင်ကွယ်လွန်သွားပါ၍ ၁၈–၃–၂၀၀၄ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ဟသ်ာတမြို့ ထန်းပင်ကုန်းသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

မိခင်ကြီးမကျန်းမာစဉ် ကူညီစောင့်ရှောက်ပေးသော သမားတော်ကြီးများနှင့် ဆရာဝန်၊ ဆရာမများ၊ ဆွေမျိုးမိတ်သင်္ဂဟများအား ကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု။

ဦးမောင်မြင့်(ခ)ဦးမြင့် (မိုးကုတ်) အသက်(၆၆)နှစ်

မိုးကုတ်မြို့နေ(ဦးအုန်းလှိုင်–ဒေါ်ဖော့)တို့၏သား၊ ဦးဘကြည်–(ဒေါ်မြမေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ယုဇနတာဝါ၊ အခန်း ၅၀၅ နေ ဒေါ်ခင်တင့်၏ခင်ပွန်း၊ ဒေါက်တာသန်းနိုင်ဦး–ဒေါက်တာပပဝင်းစိုးတို့၏ဖခင်၊ မိုးကုတ်မြို့နေ (ဒေါ်ချစ်မေ)၊ (ဦးချစ်ဖေ)–ဒေါ်လှဝင်း၊ ဒေါ်သိန်းသိန်း၊ (ဦးတင်ညွန့်)–ဒေါ်အုန်းမေ၊ (ဒေါ်လှရီ)၊ (ဦးတင့်)–ဒေါ်အုန်းအုန်း၊ ဦးချစ်ကြည်–ဒေါ်မြအေး၊ ဦးအောင်ကျော်–ဒေါ်ကြူကြူဝင်း၊(ဦးအောင်ဇော်ဦး–ဒေါ်ခင်မြင့်)၊ ဦးလှမြင့်–ဒေါ်ညိုညို၊ ဒေါ်ခင်သန်းရီ၊ ဦးသိန်းနိုင်၊ ဦးအောင်မျိုးသန်–ဒေါ်ခင်သန်းညွန့်၊ဦးမျိုးကြင်–ဒေါ်ခင်သန်းအေး၊ (ဦးခင်မောင်သိန်း)–ဒေါ်အေးခိုင်၊ ဦးညွန့်လွင်–ဒေါ်ချစ်ချစ်၊ ဦးသိန်းအောင်–ဒေါ်ဆွေဆွေဝင်းတို့၏ အစ်ကို/ညီ/မောင်၊ မောင်ထွဋ်ခေါင်ဦး(အထက–၁၊ ဒဂုံ)၊ မရှင်မင်းသူ (အထက–၁၊ ဒဂုံ) တို့၏ဘိုးဘိုးသည် ၁၇–၃–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁း၅၀ နာရီတွင် မိုးကုတ်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၃–၂၀၀၄ရက် (သောကြာနေ့)တွင် မိုးကုတ်မြို့၌သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးမောင်မြင့်(ခ)ဦးမြင့် (မိုးကုတ်) အသက်(၆၆)နှစ်

မိုးကုတ်မြို့၊ အရှေ့ရွာရပ်နေ(ဦးအုန်းလှိုင်–ဒေါ်ဖော့)တို့၏သား၊ ပိတ်စွယ်ရပ်နေ ဦးဘကြည်–(ဒေါ်မြမေ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ယုဇနတာဝါ၊ အခန်း ၅၀၅ နေ ဒေါ်ခင်တင့်၏ခင်ပွန်း၊ ဒေါက်တာသန်းနိုင်ဦး–ဒေါက်တာပပဝင်းစိုး (ရတနာသံစဉ်ကျောက်မျက်ရတနာကုမ္ပဏီ)တို့၏ဖခင်၊ မောင်ထွဋ်ခေါင်ဦး (အထက–၁၊ ဒဂုံ)၊ မရှင်မင်းသူ (အထက–၁၊ ဒဂုံ)တို့၏ဘိုးဘိုးသည် ၁၇–၃–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁း၅၀ နာရီတွင် မိုးကုတ်မြို့၌ ကွယ်လွန်သွားပါ၍ ၁၉–၃–၂၀၀၄ရက် (သောကြာနေ့)တွင်မိုးကုတ်မြို့၌သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ကိုအောင်မိုး (မြန်မာ့အလင်းပုံနှိပ်တိုက်) အသက်(၄၀)

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ အမှတ် ၁၁၊ စပယ်လမ်းနေ (ဦးသန်းမောင်)–ဒေါ်တင်အေးတို့၏သား၊ ဦးဝိမလ၊ (ကိုသန်းထူး)၊ (ကိုအောင်နိုင်)တို့၏ညီ၊ (ကိုအောင်မြတ်မိုး)၊ ကိုမြတ်ဇော်၊ မမေလွင်ဦး(မြန်မာ့ဂုဏ်ရောင်)တို့၏ အစ်ကိုသည် ၁၆–၃–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၈–၃–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် အလုပ်သမားဆေးရုံကြီးမှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်၊ အလုပ်သမားဆေးရုံကြီးမှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုဝင်းဇော် အသက်(၃၃)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ ၁၁၄ လမ်း၊ အမှတ် ၂ နေ ဦးငွေတင်(စည်ပင်၊ စက်ယာဉ်၊ငြိမ်း)–(ဒေါ်အုန်းကြည်)တို့၏ သားငယ်၊ ဦးအောင်သိန်း (စည်ပင်၊ စက်ယာဉ်၊ ရေပုပ်စုပ်)–ဒေါ်နီလာချစ်၊ ဦးဝင်းရီ(စည်ပင်၊ စက်ယာဉ်၊ ယာဉ်စု–၃)–ဒေါ်လှလှဝင်း၊ ဦးတင်ဝင်း၊ (ဒေါ်မြင့်မြင့်သန်း)၊ ဒေါ်ခင်စောဝင်း၊ ကိုဝင်းကြည်၊ ကိုလှတင့်၊ မဝင်းဝင်းသိန်း၊ ကိုမြင့်ဌေး–မသင်းသင်း၊ ကိုတင်မောင်ဝင်း–မအေးအေးသန်းတို့၏ ညီ/မောင်သည် ၁၆–၃–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈–၃–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် အိုင်ယာလန် အမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၁၇

၂၀၀၄ခုနှစ် မတ် ၁၇ ရက်တွင် ကျရောက်သော အိုင်ယာလန်နိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ အိုင်ယာလန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘာတီ အဟန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ရုရှားဝန်ကြီးချုပ်ထံဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရုရှားဖယ်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံရသော မစ္စတာ မီဟိုင်းယူ၊ ဖရက်ကော့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

စစ်ကြောင်းကြီးများစစ်ရေးပြလေ့ကျင့်မှုနှင့်အခမ်းအနားပြင်ဆင်မှုကောင်းမွန် အစဉ်အလာကောင်းကိုထိန်းသိမ်းရန် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌမှာကြား

ရန်ကုန် မတ် ၁၇

(၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် ခန်းမဆောင်၌ ကျင်းပရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ (၅၉)နှစ် မြောက် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ *စာမျက်နှာ ၁၂ ကော်လံ ၁* ❃

ယနေ့ထုတ်စောင်ရေ ၁၉၉၂၃၁

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ ညောင်လေးပင်မြို့၌ ပြည်သူများအား ဇီဝကနယ်လှည့်ဆေးကုရထားပေါ်ပါ ဆရာဝန်ကြီးများက ဆေးကုသခန်းများတွင် လူနာများစမ်းသပ်ဆေးဝါးကုသနေမှုကို ဤသို့ကြည့်ရှုအားပေးခဲ့ကြသည်။

(ဓာတ်ပုံမှတ်တမ်း-ရွှေထူး)

ကျေးလက်နေပြည်သူများကျန်းမာဖို့ဇီဝကတို့လာချေပြီ

သတင်းဆောင်းပါး-ဝင်းမြင့်(အင်းစိန်)၊ ဓာတ်ပုံ-ရွှေထူး(သတင်းစဉ်)

ရန်ကုန် မတ် ၁၇

စာရေးသူသည် လွန်ခဲ့သည့်နှစ်ပတ်ခန့်က ဘယ်ဘက်လက်ကိုက်နေ၍ အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်ရှိ တိုင်းရင်းဆေးကုသခန်းသို့ သွားရောက် ပြသခဲ့သည်။ လက်ကိုက်သည့်အကြောင်းကို တိုင်းရင်းဆေးဆရာ ဦးအောင်စိန်အားပြောပြတော့ ဆေးဆရာက "ရောဂါတစ်ခုခုဖြစ်လာရင် လူဟာတန်ဖိုးမရှိတော့ဘူး၊ ကျန်းမာရေးကောင်းပါမှ လူဟာတန်ဖိုးရှိတာဗျ"ဟုပြောပါသည်။ မှန်ပါသည်။ ကျန်းမာခြင်းသည် လာဘ်ကြီး တစ်ပါးဖြစ်သည်။ လူတစ်ဦးသည်နေထိုင်မကောင်းဖြစ်မှ ကျန်းမာခြင်း၏တန်ဖိုးကို သိနားလည်ကြသည်။ ကျန်းမာနေလျှင် လူ၏တန်ဖိုးလည်း မြင့်မားလာသည်။ *စာမျက်နှာ ၁၃ ကော်လံ ၁* ❑

ခေတ်အဆက်ဆက်ပြည်သူ့အတွက်တပ်မတော်

တပ်မတော်သည် အမိမြန်မာနိုင်ငံတော်၏ အချုပ်အခြာနှင့်နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်နေသကဲ့သို့ ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်းဆောင်ရွက်လျက်ရှိရာ တပ်မတော်သားများကို ရှမ်းပြည်နယ်(တောင်ပိုင်း) ဆိုက်ခေါင်-နမ့်စန်ရထားလမ်းပိုင်းဖောက်လုပ်ရေးလုပ်ငန်းခွင်၌ မတ်လပထမပတ်အတွင်းက ဤသို့တွေ့ခဲ့ရသည်။ (ဓာတ်ပုံ-မိုးမြင့်လှိုင်)

(၅၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုအထူးကဏ္ဍများရည်ညွှန်းချက်

"တိုက်ပွဲအတွင်း တိုက်ပွဲဝင်တပ်မတော်သားတို့သည် လေ့ခွက်ချည်းကျန် အလံမလှဲစတမ်းစိတ်ဓာတ်ဖြင့် ကျားကုတ်ကျားခဲ တိုက်ခိုက်ရင်း ရန်သူ့လက်နက်ကိုယ့်လက်နက်အဖြစ်အသုံးပြုကာ တိုက်ပွဲဝင်ခဲ့ကြောင်းတွေ့ရသည်။ တပ်ခွဲမှူးသည် ၎င်း၏မျက်လုံးတစ်ဖက် ဆုံးရှုံးခဲ့သည့်ကြားမှပင် မဆုတ်မနစ်သော ဇွဲသတ္တိနှင့် ထူးကဲဂုဏ်ယူဖွယ်ကောင်းလောက်အောင် ပြောင်မြောက်စွာ ကွပ်ကဲခေါင်းဆောင်နိုင်ခဲ့သောကြောင့် နိုင်ငံတော်ကသီဟသူရဘွဲ့ကိုချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ တပ်မတော်သားများ၏ စွန့်လွှတ်စွန့်စားတိုက်ပွဲဝင်ခဲ့မှုများကြောင့် ယခုအခါ ဗကပသောင်းကျန်းသူများ အမြစ်ပြတ်ပျက်သုဉ်းခဲ့ပြီဖြစ်သည်။"

✪ မောင်မောင်ကျော်၏ **"တပ်မတော်၏ရဲဝံ့စွန့်စားသောစိတ်ဓာတ်ကိုကမ္ဘာ့ညီးမော်ကွန်းတင်ခဲ့သည့် ပွိုင့်ဖဝ၄၁တိုက်ပွဲ"** ဆောင်းပါး စာမျက်နှာ ၈-၉
✪ **"တပ်မတော်နှင့်တိုင်းရင်းသားပြည်သူများလက်တွဲဆောင်ရွက်ခဲ့သည့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ"** ဓာတ်ပုံမှတ်တမ်း စာမျက်နှာ(၇)
✪ မြင်းမူမောင်နိုင်မိုး၏ **"မြန်မာ၏ဂုဏ်ဇာတိဂုဏ်"** ကဗျာ စာမျက်နှာ(၁၂)
✪ တိမ်ပျံ၏ **"ပြည်သူ့စွမ်းအားရယ်၊ နိုင်ငံတော်အစိုးရစွမ်းအားရယ်၊တပ်မတော်စွမ်းအားရယ်"** ကာတွန်း စာမျက်နှာ(၂၀)